Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.71(1198-1212)
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနှင့်

စစ်ပွဲကြီး(အပိုင်း-5)

.............

၁၁၉၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၉၈ - လောင်းကြေး

ရှေ့နတ်ဆိုးဘုရင်သည် သူ၏ ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ
ထိုစွမ်းအင်အမှုန်အမွှားများက ချက်ချင်း
ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် ယန်ယဲ့ကို ပစ်ချလာသည့်
နတ်မိုးကြိုးတန်းက သူနှင့် ၁ ကီလိုမီတာ
အကွာသို့ပင် ရောက်လာပါတော့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
အကူအညီမလိုဟူသော ယန်ယဲ့ကို
လစ်လျူရှုကာ အေးစက်စွာသာ
ကြည့်နေခဲ့သည်။

ရှန်းယွန်ရှီလည်း သူ့ညာလက်ကို
ဖြည်းညှင်းစွာ ဆုပ်ထားပြီး မျက်နှာပေါ်တွင်
လေးနက်သော အမူအရာတစ်ခု
တဖြည်းဖြည်း တိုးဝင်လာသည်။
ရွှေနတ်ဆိုးဝံပုလွေဘုရင်သာ

ဝင်ရောက်တိုက်ခိုက်ခြင်းမရှိလျှင်
ယန်ယဲ့ဟာ
အနက်ရောင်နတ်လျှပ်စီးကြောင်းကို
ခုခံဖို့ရာ မဖြစ်နိုင်ပေ။

ရှန်းယွန်ရှီက ယန်ယဲ့ကို လှည့်မကြည့်မီ
ခဏလောက် စဉ်းစားနေခဲ့သော်လည်း
ယန်ယဲ့ ခေါင်းခါပြနေသည်ကို မြင်လိုက်၏။
ရှန်းယွန်ရှီ ကူညီပါက သူနှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
အလောင်းအစားဟာ ရှုံးသွားပါလိမ့်မည်။

သူက မသေနိုင်သော်လည်း
သူတော်စင်တစ်ပိုင်းအဆင့် တက်လှမ်းဖို့
အခွင့်အရေးရှိတော့မည်မဟုတ်ပေ။
ထို့ကြောင့် ယန်ယဲ့သည်လည်း အဆုံးထိ
ဆက်ကစားဖို့ ရည်ရွယ်ထား၏။

ရှန်းယွန်ရှီက ခဏကြာ တုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်သည်။ အဆုံးတွင် သူက
ယန်ယဲ့ကို ယုံကြည်ဖို့သာ ဆုံးဖြတ်ခဲ့သည်။
အမှန်စင်စစ် သူသာ ဒီအချိန်မှာ ယန်ယဲ့ကို
ကူညီပေးမည်ဆိုပါက

သူတော်စင်တစ်ပိုင်းအဆင့် တက်လှမ်းဖို့
အခွင့်အရေးဆုံးရှုံးသွားမည့်အပြင်
ကောင်းကင်တာအိုမျက်လုံးကလည်း
သူ့အပေါ် ပိတ်လှောင်သွားပါလိမ့်မည်။
ထိုအချိန်တွင် တိမ်ပင်လယ်အကယ်ဒမီက
သေချာပေါက် ရှုံးနိမ့်သွားနိုင်ပေသည်။
အဘယ်ကြောင့်ဆိုသော် သူတို့
တိုက်ခိုက်နေသည့်အချိန်တွင်
တိမ်ပင်လယ်မြို့ကို ကာကွယ်ဖို့
ဦးဆောင်သူရှိမနေသောကြောင့်ပင်။

ထိုအချိန်တွင် တိမ်ပင်လယ်အကယ်ဒမီဟာ
သေချာပေါက် ရှုံးနိမ့်ပါလိမ့်မည်။

သို့သော် သူ မလုပ်ဆောင်ပါက ယန်ယဲ့ဟာ
နတ်လျှပ်စီးကြောင်းကို ခုခံဖို့အသာထား
ထွက်လာသည့် ကြောက်မက်ဖွယ်
ဖိအားကိုပင် ခုခံရန်မဖြစ်နိုင်ပေ။

ရှန်းယွန်ရှီက စိတ်ထဲ၌ အတော်လေး
လွန်ဆွဲနေပြီး စိုးရိမ်နေခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့သည် မြေပြင်ပေါ်သို့
ဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်။
သူ့အနားတွင် ရှန်းယွန်ရှီ ရှိနေသောကြောင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
တိုက်ခိုက်ဖို့မကြိုးစားခဲ့ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့သည်
ရွှေနတ်ဆိုးဝံပုလွေတောင်ထိပ်သို့
ဆင်းလာခဲ့၏။

သို့သော် ပါးလွှာသော
ရွှေရောင်အတားအဆီးသည်
တောင်ထိပ်တစ်ခုလုံးကို
ချက်ချင်းဖုံးလွှမ်းသွားပြီး ယန်ယဲ့ကို
ရှောင်ထွက်သွားသည်။

ယန်ယဲ့သည် အေးစက်စက်ရယ်မောပြီး
သူ၏ ဓားစိတ်ဆန္ဒ နှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ထုတ်ဖော်ကာ
သူ့ခန္ဓာကိုယ်တစ်ဝိုက်ကို ဖုံးအုပ်လိုက်သည်။

ဟင်းလင်းပြင်အဆင့် စိတ်ဆန္ဒ ၂ ခု၏

အတားအဆီး ပေါ်လာသည်သည်နှင့်

တပြိုင်နက် သူ့အပေါ်ကျရောက်လာသည့်

ကြောက်မက်ဖွယ် ဖိအားသည်

သိသိသာသာ လျော့ကျသွားသည်။

ထိုအချိန်တွင်

အနက်ရောင်နတ်လျှပ်စီးကြောင်းသည်

သူနှင့် မီတာ ၆၀၀ အကွာသို့

ရောက်လာခဲ့လေသည်။

နတ်လျှပ်စီးကြောင်းမှ ထွက်ပေါ်နေသည့်

ပြင်းထန်သောဖိအားကြောင့် ယန်ယဲ့

အောက်ရှိ ရွှေရောင်အတားအဆီးသည်ပင်

စတင်လှုပ်ခတ်သွားခဲ့သည်။

ထို့အပြင် ရွှေနတ်ဆိုးဝံပုလွေတောင်တန်း

တစ်လျှောက်ရှိ

သူတော်စင်တစ်ပိုင်းအဆင့်အောက်က

နတ်ဆိုးသားရဲများအားလုံး မြေပြင်ပေါ်

ပြားပြားဝပ်လျက် နေရာတွင်ပင်

တုန်လှုပ်ချောက်ချားနေကြသည်။

ယန်ယဲ့၏ ခါးစိတ်ဆန္ဒ နှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကနေ
ဖန်တီးထားသော အကာအကွယ်ပင်လျှင်
ပွင့်ထွက်သွားပြီး ဖိအားများက သူ့အပေါ်
တောင်ကြီးတစ်လုံးအလား
ကျရောက်လာခဲ့သည်။
ကံကောင်းထောက်မစွာဖြင့်
ဒီအခြေအနေက သူတတ်နိုင်သော
အတိုင်းအတာအတွင်း၌ပင် ရှိနေသေး၏။

ဒီအချိန်မှာ အနက်ရောင်
နတ်လှျပ်စီးကြောင်းသည်  သူနှင့် မီတာ
၃၀၀ လောက်သာ ဝေးပါတော့သည်။

ယန်ယဲ့၏ မျက်နှာသည် အနည်းငယ်
ဖြူဖျော့နေခဲ့သည်။ ဒီအခိုက်အတန့်တွင်
သူက အဖြူရောင် ဒိုင်းကာကို ထုတ်ပြီး
သူ့အပေါ် ကာထားသော်လည်း ထူးခြားမှု
မရှိခဲ့ပေ။

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတစ်လျှော
က်ရှိ နတ်ဆိုးသားရဲများသည် ယန်ယဲ နှင့်

နှိုင်းယှဉ်လျှင်

ပိုဆိုးသောအခြေအနေတွင်ရှိနေ၏။

သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲ

အနည်းငယ်အပြင် အခြား

သူတော်စင်တစ်ပိုင်းအဆင့်

နတ်ဆိုးသားရဲအများအပြားလည်း

မြေပြင်ပေါ်တွင် ပြားပြားကပ်နေကြသည်။

ထို့အပြင် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲအားလုံး ဖိအားကြောင့်

ပေါက်ကွဲစပြုလာခဲ့သည်။

ရွှေနုတ်ဆိုးဝံပုလွေဘုရင်က ဒီမြင်ကွင်းကို
မြင်နေသော်လည်း
ဝင်ရောက်စွက်ဖက်မည့်အရိပ်အယောင်မပြ
ပေ။

ရှန်းယွန်ရှီသည် ယန်ယဲ့ကို
စူးစိုက်ကြည့်နေပြီး ရှေ့ဆက်ဖြစ်လာမည့်
အခြေအနေကို အာရုံစိုက်ထား၏။ ယန်ယဲ
မလုပ်ဆောင်နိုင်လျှင် သူ
ဝင်ရောက်ကယ်တင်ဖို့လည်း
အသင့်ပြင်ထားသည်။

အနက်ရောင်နတ်လျှပ်စီးကြောင်းကြီးသည်
ကျဆင်းနေဆဲဖြစ်ပြီး ယန်ယွဲ့နှင့် မီတာ ၁၅၀
အကွာသို့ ရောက်ရှိလာခဲ့လေသည်။

တောင်ထိပ်ပေါ် ရှိ
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲအများအပြားသည်
ချက်ချင်းပင် ပေါက်ကွဲသွားပြီး
မရေတွက်နိုင်သော ဝမ်းနည်းငိုကြွေး
သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

ဘမ်း!

ရွှေနတ်ဆိုးဝံပုလွေတောင်ထိပ်ကို
ဖုံးအုပ်ထားသည့်
ရွှေရောင်အလင်းအတားအဆီးဟာ
အပိုင်းပိုင်းကွဲသွားခဲ့၏။ ထို့နောက်
ယန်ယဲ့သည် ခုန်ချလိုက်ပြီး  တောင်ထိပ်မှ
နတ်ဆိုးသားရဲအုပ်ထဲ ရောက်လာသည်။
ဒီအခိုက်အတန့်တွင်
ယန်ယဲ့၏ခန္ဓာကိုယ်သည် တုန်ခါနေသလို
သူ့မျက်နှာကလည်း ဖြူဖျော့နေပါသည်။

သူ့တစ်ကိုယ်လုံးက အားအင်ကုန်ခန်းပြီး
မည်သည့်အချိန်တွင်မဆို မြေပြင်ပေါ်
လဲကျသွားတော့မည်ဟုပင်ထင်ရ၏။

သို့သော် ယန်ယဲ့သည် နောက်မတွန့်ပေ၊
ဆက်၍ ခုခံဖို့သာ ရွေးချယ်ခဲ့သည်။

ဒီအချိန်မှာ
အနက်ရောင်နတ်လျှပ်စီးကြောင်းကြီး
ရွှေနတ်ဆိုးတောင်ထိပ်ပေါ်သို့
ဆင်းသက်လာနေခဲ့ပြီဖြစ်သည်။

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲအချို့အပြင်
အခြားနတ်ဆိုးသားရဲများအားလုံး
မြေပြင်ပေါ်တွင် လဲလျောင်းနေခဲ့သည်။
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲများ ပင်လျှင် မြေပြင်ပေါ်
လဲကျခါနီး ဖြစ်နေပါသည်။

တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲများ တစ်ကိုယ်လုံး
ကွဲအက်သွားကြသည်။
ကောင်းကင်တာအိုမျက်လုံး
စတင်ရောက်လာသည့်အချိန်ကစပြီး
ဤအခိုက်အတန့်အထိ နတ်မိုးကြိုး ၏
ဖိအားအောက်တွင် နတ်ဆိုးသားရဲ ၁
သန်းနီးပါး သေဆုံးခဲ့သည်။

သို့သော်လည်း ရွှေနတ်ဆိုးဝံပုလွေဘုရင်က
နတ်လျှပ်စီးကြောင်းကို ရပ်တန့်ဖို့ရာ
အရိပ်အယောင် မပြပေ။ ၎င်းသည်

နတ်ဆိုးသားရဲများ၏ ကံကြမ္မာကို
လျစ်လျူရှုထားပုံပါ။

သူသည် သဘာဝအားဖြင့်
နှလုံးသားမဲ့သူမဟုတ်ပေ။
အကြောင်းအရင်းမှာ ယန်ယဲ့၏
ခြိမ်းခြောက်မှုကို
အရှုံးမပေးလိုသောကြောင့်ပါ။
နောက်ဆုံးတွင် ထိုယန်ယဲ့က သူ၏
ရွှေနတ်ဆိုးဝံပုလွေကလန်မှ
မရေမတွက်နိုင်သော နတ်ဆိုးသားရဲများ နှင့်

သူ၏ ဇနီးနှင့် သားများကိုပင်
သတ်ပစ်ခဲ့သည်။ ထို့အပြင် ထိုလူက
သူ၏ရတနာတိုက်ကိုပါ
လုယက်ခဲ့သေးသည်။ ဒီအချိန်မှာလည်း
ယန်ယွဲ့က သူတော်စင်တစ်ပိုင်းအဆင့်
တက်လှမ်းဖို့ ကူညီပေးရမည်ဟုပင်
ခြိမ်းခြောက်နေခဲ့၏။ ဒီအခြေအနေကို သူလို
နတ်ဆိုးဘုရင်တစ်ပါးက မည်သို့
လက်ခံနိုင်မည်နည်း။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က သူ၏အဖွဲ့ဝင်နတ်ဆိုးသားရဲများ သေဆုံးမည့် မြင်ကွင်းကို ကြိုတင်မျှော်လင့်ထားသော်လည်း လက်တွေ့တွင် သူ၏လက်သီးများကို တင်းတင်းကြပ်ကြပ်ဆုပ်ထားသည်။ သို့ရာတွင် ယန်ယဲ့ နတ်လျှပ်စီးကြောင်းအား မည်သို့မည်ပုံခုခံမည်ကို သိလိုသောကြောင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ။ တစ်နည်းပြောရလျှင် ဒီအချိန်မှာ သူသည် လောင်းကြေးထပ်နေခြင်းပင်။

မှန်ပေသည်၊ ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့် ယန်ယဲ့က လောင်းကြေးထပ်နေကြခြင်းပါ။

လက်ရှိအခြေအနေတွင် မည်သူက အရင်ဦးဆုံး ကျရှုံးမည်ကို လောင်းကြေးထပ်ထားခြင်းပင်။

သို့သော်လည်း ယန်ယဲ့က ရုတ်တရက်ပြောလိုက်လေသည်။ "အိုး။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ မှတ်ဉာဏ်လဲ။ တစ်ကယ်တော့ ငါ တစ်ခုခုကို မေ့နေတာပဲ"

စကားပြောနေစဉ်မှာပဲ ယန်ယဲ့သည်
သူ့လက်ဖဝါးကို လှန်လိုက်ပြီး
အစိမ်းရောင်ကုဗတုံးကို ထုတ်ယူလိုက်၏။
ထို့နောက် အစိမ်းရောင်အလင်းတန်းများ
ဖြာထွက်လာပြီး ရောမအစိမ်းရောင်ကု
ဗတုံးကြီးက ယန်ယဲ့ကို လုံးလုံးလျားလျား
ဖုံးအုပ်သွားခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့က သူ၏
ဟင်းလင်းပြင်အဆင့် စိတ်ဆန္ဒ နှစ်ခုကို

ရုတ်သိမ်းလိုက်ပြီး သူ့မျက်နှာပေါ် ရှိ ဖြူဖျော့ဖျော့အမူအရာများလည်း ပျောက်ကွယ်သွားသည်။ ထိုအစား သူ့မျက်နှာတွင် နွေးထွေးသော အပြုံးတစ်ခုသာ ပေါ်လာခဲ့သည် ။

ယန်ယဲ့က ပြုံးလိုက်ပြီး "ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ မင်းရဲ့ရုတနာက အရမ်းကောင်းတာပဲ။ နတ်ဘုရားအဆင့်ရုတနာက မျှော်လင့်ထားတဲ့အတိုင်းပါလား။ ငါ

ဘယ်လိုဖိအားမှ မခံစားရတော့ဘူး။ ဒါက နတ်လှျပ်စီးကြောင်းကိုတောင် ခုခံနိုင်တယ်။ စောင့်ကြည့်ချင်သလား။ ဟုတ်တယ်၊ ခဏကြာရင် ဒီတောင်ထိပ်ပေါ်မှာရှိတဲ့ နတ်ဆိုးဝံပုလွေတွေအကုန်တော့ သေသွားလိမ့်မယ်”

ဘမ်း!

ရောမလက်သည်းကြီး ၁၀ ချောင်းနီးပါးက အနက်ရောင်နတ်လှျပ်စီးကြောင်းကို

ရိုက်ချသွားကာ အကန့်အသတ်မဲ့
စွမ်းအင်နှင့် အကြွင်းအကျန်ဖိအားများသည်
ကောင်းကင်နှင့်မြေကြီးကို ဖုံးလွှမ်းသွားပြီး
ချက်ချင်းဆိုသလို ကွဲအက်သွားခဲ့သည်။
ယင်းကြောင့် ရာနှင့်ချီသော
နတ်ဆိုးသားရဲများသေဆုံးသွားခဲ့ရသည်။

နတ်ဆိုးသားရဲများကြားတွင် ရပ်နေသော
ယန်ယဲ့အတွက်ကား သူ့မျက်နှာပေါ်တွင်
လှောင်ပြောင်နေသောအပြုံးသာရှိနေသည်။
မည်သည့်ထိခိုက်မှုမှ မရှိခဲ့ပေ။

အစိမ်းရောင်ကုဗတုံးက
နတ်လှျပ်စီးကြောင်းကို
မရပ်တန့်နိုင်သော်လည်း
နတ်လှျပ်စီးကြောင်းမှ ထွက်လာသော
ဖိအားကို တားဆီးဖို့က မခက်ခဲပေ။

ထိုအခိုက် ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ယန်ယဲ့ကို

စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "မင်း အဲဒါကို ရည်ရွယ်ချက်ရှိရှိလုပ်လိုက်တာ မဟုတ်လား"

ယန်ယွဲ့သည် အစိမ်းရောင်ကုဗတုံးကို ချက်ချင်းအသက်သွင်းနိုင်သော်လည်း နောက်ဆုံးအခိုက်အတန့်အထိ ၎င်းကို မလုပ်ဆောင်နိုင်ခဲ့ပေ။

အကြောင်းအရင်းကို သိသာပေသည်။

သူသည်တောင်ထိပ်ပေါ် ရှိ

နတ်ဆိုးသားရဲများ အများအပြားသေဆုံးဖို့
ကြံစည်နေခြင်းပင်။

ရိုးရိုးရှင်းရှင်းပြောရလျှင်
ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယန်ယဲ့
ဆင်ထားသည့် ထောင်ချောက်ထဲသို့
ကျသွားခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်အတွက်ကား
ဤမျှလောက်များပြားသော
နတ်ဆိုးသားရဲသားများ၏အသက်ကို

အကြောင်းပြချက်မရှိဘဲ စွန့်လွှတ်ခဲ့ရသလို
ယန်ယဲ့ကိုပါ နတ်လျှပ်စီးကြောင်းကနေ
ကာကွယ်ပေးလိုက်ရသည်။
ဒီတစ်ကြိမ်တွင်မူ သူက လုံးဝကို
ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည်။

၁၁၉၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၁၉၉ - သူတော်စင်တစ်ပိုင်းအဆင့်သို့တက်လှမ်းခြင်း

"မှန်တယ်၊ ငါလုပ်ခဲ့တယ်" ယန်ယဲ့ခေါင်းကိုမော့ပြီး ရွှေနတ်ဆိုးဝံပုလွေဘုရင်အား ကြည့်၍ ပြုံးလိုက်သည်။ သူက "ငါ့ကို သူတော်စင်တစ်ပိုင်းအဆင့် ရောက်အောင် ကူညီပေးမလား ဒါမှမဟုတ် ငါတို့ ဆက်ကစားလို့ရမလား။မင်းဖက်မှာ

နောက်ထပ်နတ်ဆိုးဝံပုလွေဘယ်နှစ်ကောင်

လောက် အသေခံနိုင်မလဲ ငါကြည့်ရအောင်"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယန်ယွဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်နေပြီးမှ "ငါ

စပြီးကျင့်ကြံတဲ့အချိန်ကတည်းက

အခုလိုမျိုး လူသားတစ်ဦးကို

အရမ်းကြီးသတ်ဖြတ်ချင်စိတ်မရှိခဲ့ဘူး။

အခုတော့

သတ်ဖြတ်ချင်စိတ်တွေများနေတယ်။

လူသား ဒါမင်းပထမဆုံးပဲ"

ယန်ယဲ့က တဟားဟား ရယ်မောရင်း

“မင်းသိလား…. ဒီခံစားချက်ကို

ငါတကယ်သဘောကျတယ်။

မင်းငါ့ကိုမုန်းတီးနေရင်တောင် အခုအချိန်မှာ

ဘာလုပ်နိုင်သေးလဲ။

ငါ့ကိုဘာမှလုပ်လို့မရတော့ဘူးလေ"

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာသည်

လုံးဝကို မည်းမှောင်သွားတော့သည်။

ယန်ယဲ့က ဆက်ပြောလေသည် "

ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ ငါ မင်းကို

တော်တော်လေး အထင်သေးမိတယ်။

မင်းက ခေါင်းဆောင်ကောင်း

တစ်ယောက်ဆိုရင် နည်းနည်း

ပြတ်ပြတ်သားသား လုပ်ပါ။

မင်းရဲ့တောင်တန်းတစ်လျှောက်မှာရှိတဲ့

နတ်ဆိုးသားရဲတွေကို စတေးပြီး

ငါနဲ့အတူသေခိုင်းပါ ဒါမှမဟုတ် ငါ့ကို

သူတော်စင်တစ်ပိုင်းအဆင့်

တက်လှမ်းခွင့်လုပ်ပေးပါ။ အခု မင်းမှာ

ရွေးချယ်စရာ ၂ ခုပဲရှိတယ်။ ဒါက
အရမ်းကြီးလည်း ခက်ခဲမနေပါဘူးလေ။
ဒါပေမဲ့ မင်းကြည့်ရတာ တော်တော်လေး
ချီတုံချတုံဖြစ်နေတာ ထင်တယ်။ ငါ မင်းကို
တကယ်ပဲ အထင်သေးမိတယ်"

"သူ့ရဲ့နာကြည်းမုန်းတီးမှုတွေကို
မျိုသိပ်မထားနိုင်ဘူး" ထိုအချိန်တွင်
ရှန်းယွန်ရှီက ရုတ်တရက် ပြောလာခဲ့သည်။
"မင်းက သူ့ကလန်သားတွေကို
သတ်တဲ့အပြင် သူ့ရဲ့ရတနာတိုက်ကိုပါ

လုယက်သွားသေးတယ်လေ။ အခုလည်း
သူက မင်းကို သူတော်စင်တစ်ပိုင်းအဆင့်
ရောက်အောင် ကူညီရဦးမယ်။ ဒါဆို
ဒီအရာတွေအားလုံးကို
သူဘယ်လိုသည်းခံနိုင်မလဲ။ နည်းနည်းတော့
ထိန်းထားသင့်တယ်။ သူက
တော်တော်သနားစရာကောင်းတယ်လို့
ငါထင်ပါတယ်”

ယန်ယဲ့၏ ပါးစပ်ထောင့်များသည်
အနည်းငယ် လှုပ်ယမ်းသွားသည်။

"သောက်ကျိုးနည်း၊ ဒီသောက်အဖိုးကြီးက လောင်စာထဲကို မီးထပ်ထည့်နေပါလား"

မှန်သည်၊ ရှန်းယွန်ရှီ ပြောလိုက်သော စကားကြောင့် ရွှေနတ်ဆိုးဝံပုလွေဘုရင်ဟာ ပါးစပ်ထောင့်များ တဆတ်ဆတ် တုန်လှုပ်သွားသည်။ ဒီအခိုက်အတန့်တွင် သူက အရာအားလုံးကို သေခြင်းရှင်ခြင်း အဆုံးအဖြတ်ပင်ပေးချင်နေ၏။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
သူ့မျက်လုံးများကို
အနည်းငယ်မှိတ်လိုက်သည်။
သူ့ပတ်ဝန်းကျင်၌
ပြင်းထန်သောအရှိန်အဝါတစ်ခု
အဆက်မပြတ် လှည့်ပတ်လာခဲ့ပြီး
အာကာသဟင်းလင်းပြင်သည်
တစစ်စ တစ်စ တုန်ခါလာပါတော့သည်။
တစ်ချိန်တည်းမှာပင် သူ၏
တင်းတင်းကျပ်ကျပ် ချည်ထားသော
မျက်ခုံးများနှင့် ကွဲအက်နေသော

မျက်နှာသည် မည်သို့ ရှုန်းကန်နေရသည်ကို သိသာစွာမြင်နိုင်လေသည်။

ဒီမြင်ကွင်းကြောင့် ရှုန်းယွန်ရှီ၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာသည် တဖြည်းဖြည်း တိုးဝင်လာသည်။ အဘယ်ကြောင့်ဆိုသော် ရွှေနတ်ဆိုးဝံပုလွေဘုရင်သည် လူတိုင်းကို သူနှင့်အတူ ဆွဲချဖို့ ရည်ရွယ်ပါက ဤနေရာမှလူတိုင်း အမှန်တကယ် ပြီးသွားမည်ဖြစ်သည်။

ဖြစ်နိုင်ခြေ သိပ်မရှိသော်လည်း ဒီအချိန်မှာ
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ရှူးသွပ်လုနီးနီးဖြစ်နေကြောင်း
သိထားသောကြောင့်ပင်။

ဝုစ်!

ထိုအချိန်တွင်
ကောင်းကင်တာအိုမျက်လုံးက ဖျတ်ခနဲ
လက်သွားကာ အနက်ရောင်

နတ်ရောင်လျှပ်စီးကြောင်း ၂ လုံး
ပစ်လွှတ်လိုက်သည်။
အနက်ရောင်နတ်လျှပ်စီးကြောင်း ၂ စင်းက
လေထဲ၌ ခဏရပ်ပြီးနောက် ယန်ယွဲ့ နှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင် ဆီသို့
ဆင်းလာခဲ့ကြသည်။

"မင်းကို သူတော်စင်တစ်ပိုင်းအဆင့်
ရောက်အောင် ပို့ပေးမယ်"
တစ်ချိန်တည်းမှာပင်
ရွှေနတ်ဆိုးဝံပုလွေဘုရင်က ရုတ်တရက်

မျက်လုံးဖွင့်လာပြီး ယန်ယဲ့ကို
စိုက်ကြည့်လာသည်။

ယန်ယဲ့က
"မင်းငါ့ကိုလှည့်စားဖို့မကြိုးစားဘူးလား"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
အေးစက်စက်လေသံဖြင့်"ငါ့စိတ်မပြောင်းခ
င် လုပ်ပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့ သည်
သူ၏ညာဖက်လက်ကို ဝှေ့ယမ်းလိုက်ရာ
အနက်ရောင်ဝတ်လူ ၁၃ ယောက်
ပေါ်လာသည်။ ထို့နောက်တွင်
ချက်ချင်းဆိုသလို
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ကာ
သူ့မျက်လုံးများကို မှိတ်ပြီး
သူ့ခန္ဓာကိုယ်ထဲက

ဆန်းကြယ်ချီစွမ်းအင်များကို
ထိန်းမထားတော့ဘဲ
လွှတ်ပေးလိုက်တော့သည်။

ယခုအချိန်မျိုးတွင်
သူတော်စင်တစ်ပိုင်းအဆင့်သို့
တက်လှမ်းခြင်း
အလွန်အန္တရာယ်များလှသည်
။သို့သော်လည်း သူသာ ဒီအခွင့်အရေးကို
လက်လွှတ်လိုက်ပါက နောက်တစ်ကြိမ်
အခွင့်အရေးရမည်ကိုပြောဖို့ခက်ပေသည်။

ထို့အပြင်
ကောင်းကင်တာအိုမျက်လုံးကြောင့်
သူ့ဘေးနားတွင် သိုင်းသူတော်စင် ၁၀
ယောက်ထက် မပိုပါက
သူတော်စင်တစ်ပိုင်းအဆင့်သို့
ချိုးဖျက်ဖို့မဖြစ်နိုင်ပေ။

အကယ်၍ သာမန်အချိန်တွင်သာဆိုပါက
ရှေးဟောင်းဓားကျောင်းတော်သို့
ပြန်သွားနိုင်ပြီး ကျောင်းတော်၏
သိုင်းသူတော်စင်များ အကူအညီဖြင့်

သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းဖို့ဖြစ်နိုင်ပေသည်။

သို့သော် ရွှေနတ်ဆိုးဝံပုလွေဘုရင်က
သူ့ကိုသတ်ချင်နေသည်ဖြစ်ရာ သူ
ရှေးဟောင်းဓားကျောင်းတော်သို့
ပြန်သွားလျှင်ပင် အခက်အခဲမရှိ
ဖြတ်ကျော်ဖို့က မဖြစ်နိုင်တော့ပေ။
ထို့ကြောင့် သူက
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို ဖိအားပေးပြီး

သူတော်စင်တစ်ပိုင်းအဆင့် တက်လှမ်းဖို့သာ ရွေးချယ်လိုက်၏။

၎င်းသည် ယခုအချိန်တွင် သူ့အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ထိုသို့မဟုတ်ပါက နောင်တွင် သူတော်စင်တစ်ပိုင်းအဆင့် သို့ တက်လှမ်းရန်ဖြစ်နိုင်တော့မည်မဟုတ်ပေ။

ဒီအချိန်မှာ သိုင်းသူတော်စင်များအားလုံး ယန်ယွဲ့၏ အထက်လေထုထဲတွင်

ပေါ်လာခဲ့ကြသည်။ ယန်ယဲ့သည်
သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းနေပြီဖြစ်သောကြောင့်
လူသားမျိုးနွယ်နှင့် နတ်ဆိုးမျိုးနွယ်မှ
သိုင်းသူတော်စင်များအားလုံး
အခြေအနေကို စောင့်ကြည့်ခဲ့ကြသည်။

ယန်ယဲ့သည် အောက်ခြေမြေပြင်ပေါ်တွင်
လုံး၀အထိခိုက်မရှိဘဲ ထိုင်လျက်
အဆင့်ချိုးဖျက်နေခဲ့သည်။ နှစ်ဖက်စလုံးမှ
သိုင်းသူတော်စင်များကတော့ ယန်ယဲ့၏

အထက်လေထုထဲတွင် ရပ်နေကာ
နတ်လျှပ်စီးကြောင်းကို ခုခံပေးနေခဲ့သည်။

ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲအချို့သည်
ယန်ယဲ့ကို မကျေမနပ်ကြည့်ကာ
တိုက်ခိုက်ရန် စိတ်အားထက်သန်နေကြ၏။
ထိုယန်ယဲ့က ၎င်းတို့အတွက်
သေခြင်း၊ရှင်ခြင်း ရန်သူဖြစ်သည်။
တိမ်ပင်လယ်အကာယ်ဒမီ နှင့်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတို့
စစ်ပွဲစတင်ချိန်ကတည်းက ယန်ယဲ့ဟာ

သူတို့၏  မရေတွက်နိုင်သော အဖော်များကို
သတ်ပစ်ခဲ့သည်။

ထို့အပြင် တောင်တန်းတစ်လျှောက်
မရေမတွက်နိုင်သော နတ်ဆိုးသားရဲများကို
သနားစရာကောင်းလောက်အောင်
သေစေခဲ့သောသူမှာလည်း ယန်ယဲ ပင်။

ယခုအခါ ထိုလူသားက
သူတို့၏မျက်စိရှေ့မှာပင်
သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းနေခဲ့သည်။

ထိုအရာက
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏
နတ်ဆိုးမျိုးနွယ်စုကို
စော်ကားလိုက်ခြင်းပင်။

သူတို့က ယန်ယဲ့ကို
သတ်ပစ်ချင်နေသော်လည်း မည်သူမျှ
ရှေ့တိုးမလာရဲကြပေ။ ယန်ယဲ့၏ နံဘေးက
အနက်ရောင်ဝတ်လူ ၁၃ ယောက်ကို

ထည့်မတွက်လျှင်ပင် ယန်ယဲ့၏ခွန်အားဟာ သူတို့ ရင်ဆိုင်နိုင်သောအရာမဟုတ်ချေ။

ဤသို့ဖြင့်......

ယန်ယဲ့၏ အော်ရာ
ပိုမိုအားကောင်းလာသည်နှင့်အမျှ
ကောင်းကင်တာအိုမျက်လုံးမှ
ဆင်းသက်လာသော
အနက်ရောင်နတ်လျှပ်စီးကြောင်းကလည်း
ပို၍ကြောက်စရာကောင်းလာသည်။

သို့သော်လည်း ရွှေနတ်ဆိုးဝံပုလွေဘုရင်၊
ရှန်းယွန်ရှီ နှင့် အခြား
သိုင်းသူတော်စင်များအားလုံး
နတ်လျှပ်စီးကြောင်းကို မြေပြင်သို့ လုံးဝ
ဆင်းသက်ခွင့် မပြုရဲကြပေ။
အကြောင်းအရင်းမှာ
နတ်လျှပ်စီးကြောင်းကနေ
ထွက်ပေါ်လာသည့် အဖျက်စွမ်းအားက
သူတို့အတွက်ပင် အလွန်
ကြောက်စရာကောင်းလွန်းနေပါသည်။

အကယ်၍ နတ်လှျပ်စီးကြောင်းသာ
မြေပြင်သို့ ဆင်းသက်လာပါက
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းသာမကဘဲ
တိမ်ပင်လယ်အကယ်ဒမီ သည်ပင်
ပြာများအဖြစ် ပြောင်းလဲသွားပေလိမ့်မည်။

မှန်ပါသည်၊ ထိုအချက်ကို တွေးမိသည်နှင့်
အားလုံး တွန့်ဆုတ်မနေဘဲ
ခွန်အားအပြည့်ထုတ်ကာ
နတ်လှျပ်စီးကြောင်းကို
တိုက်ခိုက်လိုက်ကြသည်။

ဒီအခြေအနေက ရှန်းယွန်ရှီ နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏
အာဏာပိုင်များအတွက်တော့
ပိုကောင်းပါသည်။ သူတို့က
စိုးရိမ်နေသည့်တိုင်
ပုံမှန်အခြေအနေတစ်ခုတွင်သာရှိသေး၏။
မည်သည့် နာကြည်းမုန်းတီးမှုမှ မရှိခဲ့ပေ။
ယန်ယွဲ့သည် သူတို့၏ အဖွဲ့ဝင်တစ်ဦး
မဟုတ်ပါလား။

ထို့အပြင် ယန်ယဲ့သာ
သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းသွားပါက
သူတို့အတွက်လည်း
တကယ်ကောင်းသည့်အရာဖြစ်လာပေမည်။
ယန်ယဲ့ ကဲ့သို့ လူတစ်ယောက်က သူ့အပေါ်
ကျေးဇူးကြွေးတင်နေသူအား
ကျေးဇူးကန်းတတ်သူမဟုတ်ပေ။

ထို့ကြောင့် လက်ရှိတွင် ရှန်းယွန်ရှီ နှင့်
အာဏာပိုင်များ၏ အမြင်က

ဒီအခွင့်အရေးကို
ကောင်းကောင်းအသုံးချပြီး ယန်ယဲ့ကို
တိမ်ပင်လယ်အကယ်ဒမီနှင့်
တစ်သားတည်းဖြစ်အောင်
ပေါင်းစည်းဖို့ပင်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်နှင့်
နောက်လိုက်များအတွက်တော့
အခြေအနေက
အတော်လေးဆိုးရွားလှသည်။

ယန်ယဲ့သည် သူတို့၏ သေခြင်း၊ရှင်ခြင်း

ရန်သူဖြစ်သည်။ ယခုအချိန်တွင်မူ သူတို့က

ထိုလူကို မသတ်နိုင်သည့်အပြင်

သူတော်စင်တစ်ပိုင်းအဆင့် ရောက်အောင်ပါ

ကူညီပေးနေရ၏။ ဒီအခြေအနေက

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့် သူ၏

သိုင်းသူတော်စင်များကို

ဒေါသပေါက်ကွဲလုနီးဖြစ်ခဲ့ရသည်။

သိုင်းသူတော်စင်များအတွက်လည်း

ဒီလိုမျိုးအခြေအနေက

ထောင်စုနှစ်များစွာအတွင်း

ပထမဆုံးတွေ့ကြုံရသည့်

ထူးထူးခြားခြားအခိုက်အတန့် ဖြစ်ခဲ့သည်။

ဒီအချိန်မှာ ...

ကောင်းကင်တာအိုမျက်လုံး

ထွက်ပေါ်လာခြင်းက

ထင်းရှူးစီရင်စု၏

တောင်ပိုင်းဒေသတစ်ခုလုံးမှ

ကျင့်ကြံသူအားလုံး၏ အာရုံစူးစိုက်မှုကို

ဆွဲဆောင် သွားခဲ့သည်။

သို့သော် သူတို့ထဲမှ တစ်ဦးတစ်ယောက်မျှ

ဤနေရာကို လာဝံ့ခြင်း မရှိပေ။

နောက်ဆုံးတွင်

ကောင်းကင်တာအိုမျက်လုံးဟာ

သူတို့အပေါ် ပိတ်လှောင်ထားပါက

ဘာမှန်းပင်မသိလိုက်ဘဲ

သေဆုံးသွားရပါလိမ့်မည်။

...

တိမ်ပင်လယ်မြို့တော်။

ယုဝ္ပုရွမ်သည် သိုင်းသူတော်စင်များ

အထက်လေထုထဲသို့ တက်လာပြီး

ကောင်းကင်တာအိုမျက်လုံးအား

ခုခံနေသည်ကို ကြည့်နေစဉ်

သူမ၏မျက်နှာသေးသေးလေးက စိုးရိမ်မှု

နှင့် လေးနက် အမူအရာတို့ဖြင့်

ဖုံးလွှမ်းသွားသည်။

အတိတ်တွင် ကောင်းကင်တာအိုမျက်လုံး

နှင့်ပတ်သက်၍ မသိခဲ့သော်လည်း

ယခုအချိန်တွင်တော့

မျက်မြင်တွေ့လိုက်ရပြီဖြစ်သည်။

ကောင်းကင်တာအိုမျက်လုံးက သူမ

ထင်ထားသည်ထက်ပင်

အဆပေါင်းမြောက်များစွာ

ပိုကြောက်စရာကောင်းနေ၏။

"ကောင်းကင်တာအိုရဲ့မျက်လုံးက ယန်ယဲ့

အတွက်လား၊ ဘာကြောင့်

ဆင်းသက်လာတာလဲ"

ထိုအခြေအနေက သူမကို
စိုးရိမ်ပူပန်စေသည့်
အကြောင်းအရင်းတစ်ခုပါ။

ဤနေရာတွင် ကောင်းကင်တာအိုမျက်လုံး ပေါ်လာရခြင်းမှာ ဖြစ်နိုင်ခြေ ၂ ခုရှိသော်လည်း ယန်ယဲ့သည် ၎င်းတို့အထဲမှ တစ်ခုနှင့်ပင် မကိုက်ညီပေ။ သို့သော်လည်း ကောင်းကင်တာအိုမျက်လုံးက အမှန်ပင် ထွက်ပေါ်လာခဲ့၏။ ဒီအခြေအနေက သူမကို အလွန် စိုးရိမ်စေသည့်အပြင်

တော်တော်လေးလည်း

ပဟေဠိဖြစ်သွားခဲ့ရသည်။

၁၂၀၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၀ - ငါက အခု

သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နေပြီလေ

"မိန်းကလေး ဝူရှမ်.." ထိုအချိန်တွင်
ဖူဂျင်းရှန်က ယုဝူရှမ်၏ ဘေးနားသို့
ရုတ်တရက် ရောက်လာပြီး
"ကောင်းကင်တာအိုမျက်လုံးက ဘာလို့
သူ့ဆီဆင်းလာတာလဲ သိချင်လား"

ယုဝူရှမ်က ဖူဂျင်းရှန်ကို
တစ်ချက်ကြည့်လိုက်ပြီး
"ငါထင်တာမမှားရင် နင်က
သူနဲ့တူတဲ့နေရာကနေ
ရောက်လာတာမဟုတ်လား"

"နှင်မှန်ပါတယ်" ဖူဂျင်းရှန်က
အထက်ကောင်းကင်ယံရှိ
ကောင်းကင်တာအိုမျက်လုံးကို
မော့ကြည့်လိုက်ပြီး "ငါက သူနဲ့တူတဲ့
အရပ်ကလာခဲ့တာ။ အရင်တုန်းက အဲဒီ
ကောင်းကင်တာအိုမျက်လုံးရဲ့စွမ်းအားကို
ငါတို့ ကြုံဖူးတယ်။ အဲဒီတုန်းက အခုလိုမျိုး
မော့ကြည့်ဖို့တောင် သတ္တိမရှိခဲ့ဘူး။
ဒါပေမယ့် နှင်သိလား…. အဲဒီတုန်းက
သူဟာ ကောင်းကင်တာအိုမျက်လုံးကို

ထိပ်တိုက် ရင်ဆိုင်ခဲ့တယ်။ ဒါ့အပြင် သူက ချိုးမြှောက်ခြင်းနယ်ပယ် မှာပဲ ရှိသေးတယ်”

ယုဝူရှမ်က ရုတ်တရက်မေးလိုက်သည် "အရင်တုန်းက သူ့အခြေအနေက ဘယ်လိုလဲ"

ဖူဂျင်းရှန်က သူမ၏အကြည့်ကို ဆုတ်လိုက်ပြီး အချိန်အတော်ကြာ တိတ်ဆိတ်သွားကာ “နင်က သူ့မိတ်ဆွေတစ်ယောက်ဆိုရင်

နင်အရမ်းကံကောင်းတယ်လို့ ပြောရမယ်။

ဘာကြောင့်လဲဆိုတော့

သူ့ရဲ့ချို့ယွင်းချက်တွေ၊

အားနည်းချက်တွေကို

သူမိတ်ဆွေတွေရှေ့မှာ ဘယ်တော့မှ

ထုတ်ပြမှာမဟုတ်လို့ဘဲ။ ဒါ့အပြင် နင်သာ

သူ့ရဲ့ရန်သူဖြစ်နေရင် သူက

အရမ်းရက်စက်တယ်၊ ရှုးသွပ်ပြီး ဘာကိုမှ

ဂရုမစိုက်တဲ့သူဆိုတာ

နင်သတိထားမိလိမ့်မယ်"

"ငါသတိထားမိပါတယ်" ယုဂ္ဂရွမ်က ဆက်ပြောသည်။ "ငါပြောတာမမှားရင် သူ့မှာ မိတ်ဆွေနည်းနည်းပဲရှိမယ်"

ဖူဂျင်းရှန်က သူမကို တစ်ချက်ကြည့်လိုက်ပြီး "သူ့မှာ မိတ်ဆွေနည်းနည်းပဲရှိတယ်။ ဒါကလည်း သူကြုံတွေ့ရတာနဲ့ ဆက်စပ်နေတာ ဖြစ်နိုင်တယ်။ အတိတ်မှာတုန်းက ငါ သူ့အကြောင်းကိုစုံစမ်းခဲ့ဖူးတယ်။ သူငယ်ငယ်လေးကတည်းက

သူ့အမေရယ်သူညီမလေးတို့နဲ့
ခက်ခက်ခဲခဲဘဝမှာ နေထိုင်ခဲ့ရတယ်။
နောက်တော့
သူ့အနာဂတ်တက်လမ်းအတွက်
ဆေးဘာသာဂိုဏ်းကိုသွားခဲ့တယ်။ ဒါပေမဲ့
ပြဿနာတချို့ကြောင့်
အလုပ်သမားတပည့်အဖြစ်
လျှော့ချခံခဲ့ရတယ်”

"အလုပ်သမားတပည့်လား" ယုဂ္ဂရွှမ်က အံ့သြသွားသည် "ဒီ....ဒီလိုလူက အလုပ်သမားတပည့်တဲ့လား"

သူမ ထင်ထားသည်မှာ ယန်ယဲ့ ကဲ့သို့သော ပါရမီရှင်တစ်ယောက်သည် မည်သည့်အင်အားစုတွင်မဆို ရှားပါးရတနာတစ်ခု ဖြစ်နေသည်မှာ သေချာပါသည်။ သို့သော်လည်း ယန်ယဲ့သည် အတိတ်တွင် အမှန်တကယ်ပင်

အလုပ်တပည့်ဖြစ်လိမ့်မည်ဟု သူမ မထင်ထားခဲ့ပေ။

"ယုံဖို့တော်တော်ခက်တယ်မဟုတ်လား" ဖူဂျင်းရှန်က တစ်ချက်ပြုံးပြီး ဆက်ပြောလေသည်။ “ငါလည်း စသိသိချင်းတုန်းက နင့်လိုမျိုး မယုံနိုင်လောက်အောင်ပါပဲ။ သူက အတိတ်တုန်းကဆို အလုပ်သမားတပည့်ဖြစ်ခဲ့တဲ့အပြင် သူ့ရဲ့အခြေခံအုတ်မြစ်ကြောင့်

ထုတ်ပယ်ခံခဲ့ရတယ်။ ပြီးတော့
သူဝင်ရောက်ခဲ့တဲ့
အဆောင်သခင်အစည်းအရုံးက
သူတို့အကျိုးအတွက်နဲ့ ယန်ယဲ့ကို
အဆက်အသွယ်ဖြတ်ပြီး
ထုတ်ပယ်လိုက်တယ်။ ဟုတ်ပါတယ်၊
အဲဒါက သူတို့အပြစ်လုံးဝမဟုတ်ပါဘူး။
ဒါပေမဲ့ ဒီလိုအရာတွေကပဲ လက်ရှိ
သူ့ရဲ့အကျင့်စရိုက်ကို မွေးဖွားပေးခဲ့တာ။
ဒါ့အပြင် အဲဒီအခြေအနေတွေကပဲ သူက

အခုချိန်မှာ ဘယ်သူ့ကိုမှ မယုံကြည်ရတဲ့ အကြောင်းရင်းတွေပါပဲ"

“မဆန်းပါဘူး….” ယုဝူရှမ်က အနည်းငယ်ခေါင်းညိတ်ပြပြီး "အရာရာတိုင်းကို လုပ်တဲ့အခါ သူ ဒီလောက် အစွန်းရောက်သွားတတ်တာ မဆန်းပါဘူး"

ဖူဂျင်းရှန်က ရုတ်တရက် မေးလိုက်သည် "နင် သူ့ကို ကြိုက်နေတာလား"

ယုဝ္ဝရှမ်က သူမကို မော့သာကြည့်လိုက်ပြီး
စကားမပြောပေ။

ဖူဂျင်းရှန်လည်း ယုဝူရှမ်ကို
တစ်ချက်ကြည့်လိုက်ပြီး ထူးဆန်းစွာပြုံးကာ
စကားတစ်ခွန်းမှ မပြောတော့ပေ။ထို့နောက်
ကောင်းကင်ယံအထက်ကို
မော့ကြည့်လိုက်သည်။

"လူသား! ပြီးပြီလား" ထိုအချိန်တွင်
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏

ဒေါသသံကြီးသည်
ကောင်းကင်ယံအထက်၌ ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

သူတို့က
သိုင်းသူတော်စင်များဖြစ်သော်ငြားလည်း
ကောင်းကင်တာအိုမျက်လုံးနှင့်
ရင်ဆိုင်ပြီးနောက် အတော်လေး
အားအင်ကုန်ခမ်းလုနီးပါးဖြစ်နေလေသည်။
ယန်ယဲ့သည် အဆုံးတွင်
သူတော်စင်တစ်ပိုင်းအဆင့်သို့

ရောက်မရောက်ကို မသိသော်လည်း
ဒီအခြေအ နေအတိုင်းသာ ဆက်သွားပါက
သူတို့အားလုံး သေချာပေါက်
သေရလိမ့်မည်ကို သိထားကြသည်။

ရှန်းယွန်ရှီ နှင့် တိမ်ပင်လယ်အကယ်ဒမီ၏
အာဏာပိုင်များသည်လည်း ယန်ယဲ့ကို
စိုက်ကြည့်နေကြသည်။ဤအခိုက်အတန့်တွ
င် သူတို့သည် နတ်မိုးကြိုးကို
အချိန်တော်တော်ကြာအောင်
ခုခံနိုင်စွမ်းမရှိတော့ပေ။

ယန်ယဲ့၏ အော်ရာသည် အဆက်မပြတ်
မြင့်တက်နေပြီး သူ့ပတ်ဝန်းကျင်ရှိ
နတ်ဆိုးဝံပုလွေများအားလုံး မြေပြင်ပေါ်
လဲကျသွားသည့်အထိ
အားကောင်းလာသည်။

ဒီမြင်ကွင်းကို မြင်လိုက်ရာ ရှန်းယွန်ရှီနှင့်
အာဏာပိုင်များ လည်း
စိတ်သက်သာရာရသွားကြသည်။
လက်ရှိအခြေအနေအပေါ်အခြေခံ၍

ယန်ယဲ့သည် သူတော်စင်တစ်ပိုင်းအဆင့် သို့ အောင်မြင်စွာ တက်လှမ်းနိုင်တော့မည် မဟုတ်ပါလား။

"သူ့မှာ အခွင့်အရေးရှိမှာ မဟုတ်ဘူး" ရုတ်တရက် အသံ ထွက်ပေါ်လာပြီးနောက် စုန့်ယွမ်နှင့် ရောမစပါးအုံးမြွေကြီးတစ်ကောင်က နတ်ဆိုးဝံပုလွေအုပ်ထဲကနေ ထွက်ပေါ်လာသည်။ ရောမစပါးအုံးကြီးက အနက်ရောင်ဝတ်လူ ၁၃ ယောက်ဆီသို့

အလျားလိုက် ပုံသွားပြီး စုန့်ယွမ်ကတော့
ယန်ယဲ့ ထံသို့ လျှပ်တစ်ပြက်
ခုန်ဝင်လာခဲ့၏။

ရှန်းယွန်ရှီ နှင့် အာဏာပိုင်များလည်း
ထိတ်လန့်သွားပြီး ယန်ယဲ့ကို
ကူညီဖို့ပြင်လိုက်ကြသည်။ သို့သော်လည်း
နတ်မိုးကြိုးတစ်ဆင်း
ကျဆင်းလာသောကြောင့် နေရာမှာပဲ
ရပ်တန့်သွားခဲ့သည်။

"ဟားဟား! ယန်ယဲ့၊ ငါ မင်းကို ဖြတ်ကျော်ဖို့
ကူညီပေးမယ်လို့
မင်းတကယ်ထင်ခဲ့တာလား။
အိပ်မက်ပဲမက်နေလိုက်။ ဒီနေ့ဟာ မင်း ဒီ
ကမ္ဘာကနေ ပျောက်ကွယ်တဲ့နေ့ပဲ”
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ရူးသွပ်စွာရယ်မောလိုက်လေသည်။ သူ၏
ရူးသွပ်သွပ်ရယ်မောသံက
ကောင်းကင်ယံအထက်၌
ပဲ့တင်ထပ်နေခဲ့သည်။

ထိုအခိုက်တွင် စုန့်ယွမ်က ယန်ယဲ့
ရှေ့သို့ရောက်လာခဲ့သည်။ ယန်ယဲ့သည်
ရုတ်တရက် သူ့မျက်လုံးကိုဖွင့်လိုက်ပြီး
စုန့်ယွမ်ကို စိုက်ကြည့်ကာ "ငါက အခု
သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နေပြီ"

ယန်ယဲ့က အမှန်ပင်
အဆင့်တက်သွားလိမ့်မည်ဟု
မမျှော်လင့်ထားသောကြောင့်
စုန့်ယွမ်လည်းအနည်းငယ်
ထိတ်လန့်သွားသည်။ သို့သော်

သိပ်မကြာလိုက်ပေ၊ သူ့မျက်နှာက ဒေါသများ ဖုံးလွှမ်းသွားပြီး "ဒီလိုဆိုလည်း ဘာဖြစ်လဲ၊ ငါက အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်လေ"

စုန့်ယွမ်က ပြောပြီးသည်နှင့် သူ၏လက်သီးကို ရှေ့သို့ ထိုးချလိုက်သည်။

လက်သီးချက်မှ ကြောက်မက်ဖွယ်စွမ်းအားများ ပေါက်ကွဲလာပြီး ယန်ယဲ့ ဆီသို့

ဦးတည်သွားသည်။ တစ်ချိန်တည်းမှာပင် လက်သီးချက်က ယန်ယဲ့၏ ပတ်ပတ်လည်ရှိ အာကာသဟင်းလင်းပြင်ကို ချက် ချင်း ကွဲအက်သွားစေသည်။

ထို့နောက် ယန်ယဲ့၏ပတ်ဝန်းကျင်၌ အနက်ရောင်အက်ကြောင်းများစွာ ပေါ်လာပြီး သူ့ကို ဝါးမျိုလုနီးပါးဖြစ်လေသည်။

သို့သော် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲကနေ ပြင်းထန်သော ဓားစိတ်ဆန္ဒဖိအားများ

ပျံ့လွင့်သွားပြီး သူ့ပတ်ပတ်လည်ကို
ဖုံးအုပ်လိုက်ရာ
အနက်ရောင်အက်ကြောင်းများက သူ
ထိုင်သည့်နေရာကိုပင်
လုံးဝထိခိုက်ခြင်းမရှိပေ။

ထိုအချိန်တွင် စုန့်ယွမ်၏လက်သီးချက်က
ကျရောက်လာသည်။

ယန်ယဲ့သည် သူ့ဓားကို ဆွဲမထုတ်ခဲ့ပေ။
ထိုအစား သူ၏ညာဖက်လက်ကို

ရှေ့ဆန့်ထုတ်ကာ လက်သီးဖြင့်
တန်ပြန်ထိုးလိုက်သည်။

ယန်ယဲ့က သူနှင့် လက်သီးချင်း
ယှဉ်ထိုးသည်ကို မြင်လိုက်ရာ စုန့်ယွမ်၏
ပါးစပ်ထောင့်၌ အထင်အမြင်သေးမှု
အရိပ်ပေါ်လာပါသည်။
"လူသားတစ်ယောက်က ငါနဲ့
ရုပ်ခန္ဓာခွန်အားချင်း
ယှဉ်ဖို့ကြိုးစားနေတာလား။ ဒီယန်ယဲ့က
သေလမ်းရှာနေတာ ဖြစ်ရမယ်"

အုန်း!

ထိုအချိန်မှာ လက်သီးနှစ်လုံးက

ထိမှန်သွားကာ ၎င်းတို့ဝန်းကျင်ရှိ

အာကာသဟင်းလင်းပြင်သည် ပြင်းထန်စွာ

တုန်လှုပ်သွားတော့သည်။ ထို့နောက်

ပေါက်ကွဲသံများ

ဆက်တိုက်ထွက်ပေါ်လာပြီး

မရေမတွက်နိုင်သော

အကင်ကြောင်းများစွာက ပတ်ဝန်းကျင်ဆီသို့
ပြန့်နှံ့သွားသည်။

တိုက်ခိုက်မှုအပြီးတွင် စုန့်ယွမ်က နောက်ကို
ခြေလှမ်း ၁၀ လှမ်းအထိ
ပြန်ဆုတ်သွားရသော်လည်း ယန်ယဲ့က
နေရာတွင်သာ မလှုပ်မယှက် ရပ်နေသည်။

ဒီမြင်ကွင်းကြောင့် လူတိုင်း
အံ့သြသွားကြသည်။

စုန့်ယွမ် ကိုယ်တိုင်ပင်
အံ့အားသင့်သွားသည်။ သူသည်
လူသားတစ်ဦးနှင့်ထိပ်တိုက်ရင်ဆိုင်ပြီး
နောက်ပြန်တွန်းထုတ်ခံရလိမ့်မည်ဟု
တစ်ခါမှ မထင်ခဲ့ပေ။

နောက်ဆုံးတွင် ယန်ယဲ့က
လူသားတစ်ဦးသာဖြစ်သည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
သူ့လက်သီးကို တစ်ချက်ကြည့်လိုက်ကာ

“"ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်"
ဒီလူအိုကြီး ငါ့ကို မလိမ်ခဲ့ဘူးပဲ"

သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းပြီးနောက် ယန်ယွဲ့သည်
သူ၏ရုပ်ခန္ဓာက အသွင်ပြောင်းသွားသည်ကို
သတိပြုမိခဲ့သည်။ ၎င်းသည် ထူးဆန်းစွာပင်
အရည်အသွေးအသွင်ပြောင်းလဲမှုတစ်ခုဖြစ်
ကြောင်း သတိပြုမိသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင်
တာအိုအမိန့်တော်၏

တည်ထောင်သူဘိုးဘေး
ပြောခဲ့သည့်အတိုင်း သူ၏ရုပ်ခန္ဓာနှင့်
အလုံးစုံက အမှန်တကယ်ပင်
တိုးတက်လာခဲ့သည်။ သူ၏ရုပ်ခန္ဓာခွန်အား
အပါဝင် အားလုံး ယခင်ကထက် ၅ ဆ
ပိုမြင့်တက်သွားခဲ့သည်။

ထို့ကြောင့် လက်ရှိတွင်
သူ၏ရုပ်ခန္ဓာခွန်အားနှင့် အကာအကွယ်က
စုန့်ယွမ် ထက်မနိမ့်ကျတော့ပေ။

"ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်"ကို
လေ့ကျင့်ခြင်းသည် မကောင်းသော
အကြံတစ်ခု မဟုတ်ပါ။ အဆင့် ၁
ကိုအောင်မြင်ပြီးနောက်
သူပိုင်ဆိုင်ထားသည့် ခွန်အားကို
ခံစားလိုက်ရသောအခါ ယန်ယွဲ့၏
စိတ်ထဲတွင် အားလုံးကို လေ့ကျင့်ဖို့
အတွေးတစ်ခုပင် ပေါ်လာသည်။ သို့သော်
သူသည် ထိုအတွေးကို
အမြန်စွန့်လွှတ်လိုက်သည်။ နောက်ဆုံးတွင်
သူ၏ ကျင့်ကြံမှုကို စွန့်လွှတ်ပြီး

နောက်တစ်ကြိမ် ကျင့်ကြံပါက
သူ့ရန်သူများလက်ချက်ဖြင့်
ပြန်လည်မွေးဖွားနိုင်တော့မည်မဟုတ်ပေ။

"အား" ရုတ်တရက်ဆိုသလိုပဲ နာကျင်သော
အော်ငြီးသံ ထွက်ပေါ်လာသည်။
ယန်ယဲ့သည် အသံထွက်လာရာကို
လှမ်းကြည့်လိုက်ရာ အနက်ရောင်ဝတ်လူ
၁၃ ယောက်က
ရောမစပါးအုံးမြေကြီး၏အမြီးအား

ခုတ်ပိုင်းနေသဖြင့် ထိတ်လန့်စွာ
ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

ယန်ယဲ့က ဒီမြင်ကွင်းကို ကြည့်ပြီး
ခေါင်းယမ်းလိုက်သည်။ ယခုအချိန်တွင်
သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေသည့်တိုင် ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒ ဖျက်ဆီးခြင်းနတ်လက်သီး
တို့ကို အသုံးမပြုဘဲ ၎င်းတို့အား
အနိုင်ယူနိုင်မည်ဟု မယုံကြည်ပေ။

ဓားနယ်မြေသည်ပင် အနက်ရောင်ဝတ်လူ

၁၃ ယောက်ကို ဖိနှိပ်ဖို့ မဖြစ်နိုင်သည်ဖြစ်ရာ

ရောမစပါးအုံးကြီးက ၎င်းတို့နှင့်

ထိပ်တိုက်ရင်ဆိုင်ဖို့ ကြိုးစားခဲ့သည်လား။

ယန်ယဲ့၏ အမြင်တွင်တော့

ရောမစပါးအုံးကြီးက

သေလမ်းရှာနေခြင်းသာ။

၁၂၀၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၁ - လော့ချန်းရှောင်

လာနိုင်မလား

"မင်းရဲ့ခန္ဓာကိုယ်က ဘယ်လိုဖြစ်ပြီး

ဒီလောက်တောင် သန်မာလာရတာလဲ"

စုန့်ယွမ်က အတော်လေးအံ့အားသင့်နေပုံပါ။

သူက

အံ့အားသင့်တုန်လှုပ်နေသောလေသံဖြင့်

မေးခဲ့သည်။

အကြောင်းမှာ ယခင်က ယန်ယဲ့၏ ရုပ်ခန္ဓာခွန်အားနှင့် အကာအကွယ်ကို ကြုံတွေ့ဖူးထားသည်။ ထိုအချိန်က ယန်ယဲ့၏ ရုပ်ခန္ဓာခွန်အားဟာ ကြောက်စရာကောင်းသော်လည်း သူ့ကို မယှဉ်နိုင်ခဲ့ပေ။ လက်ရှိတွင်မူ ယန်ယဲ့၏ ရုပ်ခန္ဓာခွန်အားနှင့် အကာအကွယ်က သူ့ထက်ပင် သာသွားခဲ့ပါပြီ။ ဒီအခြေအနေက သူ့ကို အတော်လေး ပဟေဠိဖြစ်စေခဲ့သည်။

ယန်ယဲ့သည် သူ့အတွေးများကို ထိန်းကာ စုန့်ယွမ်အား စိုက်ကြည့်လိုက်ပြီး "မင်း ဘာလို့ မှန်းမကြည့်တာလဲ"

သို့သော် စုန့်ယွမ်က သူ့မျက်လုံးကို အနည်းငယ် မှိတ်သွားကာ စကားထပ်မပြောတော့ပေ။ ရုတ်တရက်ဆိုသလိုပဲ သူ၏ညာခြေကို လေထဲသို့ လှမ်းနင်းလိုက်ပြီး လေးညို့မှ ပစ်လွှတ်သည့် မြှားတစ်စင်းအလား ရှေ့သို့ ခုန်ထွက်လာခဲ့သည်။ သူ့ခန္ဓာကိုယ်က

အာကာသဟင်းလင်းပြင်ကိုပင် ဆုတ်ဖြဲ၍
ယန်ယဲ ဆီသို့ပြေးဝင်လာခဲ့၏။

ယန်ယဲ့သည်လည်း သူ၏ညာလက်ကို
အနည်းငယ်လှန်လိုက်ပြီး
ဟာကျူလီယံဓားကို ထုတ်ယူလိုက်သည်။
တစ်ချိန်တည်းမှာပဲ သူ၏လက်နှစ်ဖက်က
ဟာကျူလီယံဓားကို
တင်းကျပ်စွာဆုပ်ကိုင်ကာ စုန့်ယွမ်၏
ခြေထောက်နှစ်ဖက်ကို
ကန့်လန့်ဖြတ်ခုတ်ပိုင်းလိုက်သည်။

ဘုန်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့သည်
နောက်ကို ခြေ ၁၀ လှမ်းခန့်
ပြန်ဆုတ်လိုက်ရ၏။

သို့သော် စုန့်ယွမ်ကတော့ လေထဲမှ
ပြုတ်ကျလာပြီး မြေပြင်ပေါ်တွင်
ရောမတွင်းနက်ကြီးအဖြစ်ပေါ်လာခဲ့သည်။

ယန်ယဲ့က ထပ်မံတိုက်ခိုက်ဖို့ ပြင်လိုက်စဉ်
ရှန်းယွန်ရှီက ရုတ်တရက် ပြောလာခဲ့သည်။
"ကလေး၊ ခွန်အားပြမနေနဲ့တော့။
ကောင်းကင်တာအိုမျက်လုံး
အောက်ကနေလွတ်အောင်
နည်းလမ်းတစ်ခုလောက် အမြန်စဉ်းစား။
မဟုတ်ရင် ငါတို့အားလုံး သေရတော့မယ်”

ယန်ယဲ့က ရပ်လိုက်ပြီး
ကောင်းကင်ယံအထက်ကို
မော့ကြည့်လိုက်သည်။ ရှန်းယွန်ရှီ နှင့် အခြား

သိုင်းသူတော်စင်များ အားလုံး မျက်နှာများ ဖြူဖျော့ဖျော့ဖြစ်နေသည်ကို သတိပြုမိခဲ့သည်။ ကြည့်ရသည်မှာ အားလုံးက ပင်ပန်းနွမ်းနယ်နေပါပြီ။

ယန်ယဲ့သည် ခဏလောက် တုံ့ဆိုင်းသွားပြီး "အကြီးအကဲ၊ မင်းတို့အားလုံး ဒီမှာရှိနေတာပဲ။ ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို ဘာလို့ ဆွဲမချကြတာလဲ။ ငါ အကယ်ဒမီမှာကျန်တဲ့

တခြားအရာအားလုံးကို ကောင်းကောင်း ဂရုစိုက်လိုက်မယ်"

ရှန်းယွန်ရှီက ဒေါပွသွား၏ "ကလေး၊ မင်းအရိုက်ခံချင်နေတာလား"

ယန်ယွဲ့က အနည်းငယ်တွေဝေဟန်ဖြင့် "အကြီးအကဲရှန်း၊ မင်းဒါကို သေချာပြန်စဉ်းစားသင့်တယ် ထင်တယ်။ဒါက ရှားရှားပါးပါး အခွင့်အရေးပဲ”

ရှန်းယွန်ရှီက "ကလေး၊ မင်း နောက်တစ်ခါစကားများနေမယ်ဆိုရင် ဒီဒုက္ခကို မင်းကိုယ်တိုင်ဖြေရှင်းပေးရမယ်"

ဒီတစ်ခါတော့ ယန်ယဲ့ကိုယ်တိုင် တုန်လှုပ်သွားရသည်။ သူက နောက်ထပ် စကားများမနေတော့ဘဲ လက်ကိုဝှေ့ယမ်းကာ အနက်ရောင်ဝတ်လူ ၁၃ ယောက်ကို ပြန်သိမ်းလိုက်၏။ ထို့နောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်း၍
မိုးကုပ်စက်ဝိုင်းထဲသို့
ဝင်ရောက်ပျောက်ကွယ်သွားပါတော့သည်။

အချိန်တော်တော်ကြာသည့်နောက်
သိုင်းသူတော်စင်များက ယန်ယဲ့၏
အငွေ့အသက်ကို
အာရုံခံကြည့်လိုက်ကြသည်။

သို့သော် သူတို့က ယန်ယဲ့၏
အငွေ့အသက်ကို ရှာမတွေ့ခဲ့ပေ။ ဒီအချိန်မှာ

ယန်ယဲ့၏

အငွေ့အသက်ပျောက်ကွယ်သွားသည်နှင့်

တပြိုင်နက် ကောင်းကင်တာအိုမျက်လုံး

သည် ရုတ်တရက် ထပ်မံပွင့်အာကာ

ဖြည်းညှင်းစွာဖြင့် ရွေ့လျားနေလေသည်။

ဒီမြင်ကွင်းကြောင့် ရှန်းယွန်ရှီ၊

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့် အခြား

သိုင်းသူတော်စင်များ အားလုံး

မျက်စိမျက်နှာပျက်သွားကြတော့သည်။

ကောင်းကင်တာမျက်လုံးသည်
မပျောက်ကွယ်သေးပါက ၎င်းတို့အားလုံး
သေချာပေါက် ဒုက္ခရောက်ပါလိမ့်မည်။

သူတို့၏ခွန်အားဖြင့်
ကောင်းကင်တာအိုမျက်လုံးကို
ဖျက်ဆီးနိုင်သော်လည်း
ထိုသို့မလုပ်ဝံ့ကြပေ။
အဘယ်ကြောင့်ဆိုသော် သူတို့သာ
ကောင်းကင်တာအိုမျက်လုံးကို
ဖျက်ဆီးလိုက်သည်နှင့် တစ်ချိန်တည်းမှာပဲ

ပို၍ပင်ကြောက်စရာကောင်းသော
တည်ရှိမှုများထွက်ပေါ်လာပေလိမ့်မည်။

ထိုအချိန်တွင် သူတို့အားလုံး အသက်ရှင်ဖို့
အခွင့်အရေးပင် မရှိနိုင်ပေ။

ကံကောင်းထောက်မစွာဖြင့်
ကောင်းကင်တာအိုမျက်လုံးသည်
ကောင်းကင်ယံအထက်၌
ပုံသဏ္ဍာန်မပြောင်းလဲခင် ပတ်ဝန်းကျင်ကို
အချိန်အတော်ကြာ

စစ်ဆေးကြည့်နေရုံသာဖြစ်ခဲ့သည်။
တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ရှိ
အနက်ရောင်တိမ်တိုက်များက
ပျောက်ကွယ်လာပြီး အပြင်ကမ္ဘာ၏
အမှောင်ထုများ
ပျောက်ကွယ်စပြုလာသည်။

ဒီမြင်ကွင်းကို မြင်လိုက်မှသာ
ဤနေရာရှိလူတိုင်း ချက်ချင်းပင်
သက်ပြင်းချလိုက်နိုင်တော့၏။

သိပ်မကြာလိုက်ပါ၊
ကောင်းကင်ယံအထက်ရှိ
အနက်ရောင်တိမ်တိုက်များ
လုံးလုံးလျားလျား ပျောက်ကွယ်သွားပြီး နေ
အလင်းရောင်ခြည်က ကမ္ဘာမြေပေါ်
တစ်ဖန်ပြန်ကျဆင်းလာခဲ့လေသည်။

ဒီအခိုက်အတန့်တွင် လူသားများနှင့်
နတ်ဆိုးများပါ
နှစ်ဖက်စလုံး သက်ပြင်းချနိုင်ခဲ့သည်။

ဒီနေ့ အဖြစ်အပျက်ဟာ အားလုံးအတွက်
စစ်မှန်သော သေဆုံးခြင်း
ကျရောက်လာသလိုပင်။ ကောင်းကင်
တာအိုမျက်လုံးသည်
အလွန်ကြောက်စရာကောင်းပြီး
သိုင်းသူတော်စင်များ အတွက်ပင်
လုံးဝကိုစိတ်ပျက်အားငယ်စေခဲ့သည်။
ထို့အပြင် ကောင်းကင်တာအိုမျက်လုံး
ပေါ်လာခြင်းက ဤနေရာမှ
မရေတွက်နိုင်သော သက်ရှိများဟာ

ကောင်းကင်ဘုံကို ဆန့်ကျင်နေသည်ဟု ဆိုနိုင်သည်။

သဘာဝအရကြည့်လျှင် ၎င်းသည် ကောင်းသောအခြေအနေတစ်ခု မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်
လူသားမျိုးနွယ်ဖြစ်စေ
နတ်ဆိုးမျိုးနွယ်ပင်ဖြစ်စေ
ကောင်းကင်ဘုံနှင့်အတူ အသက်ရှင်ဖို့ တိုက်ပွဲဝင်ရမည်ဟု ကိုယ်စားပြုသော ကြောင့်ဖြစ်သည်။

ကောင်းကင်ဘုံကို
အထွတ်အမြတ်ထားခြင်းဟာ
မမှားသော်လည်း ကြောက်ရွံ့နေပါက
ကောင်းကင်ဘုံကို မည်သို့
တိုက်ခိုက်တော့မည်နည်း။

ရှန်းယွန်ရှီ၊ ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့်
အခြား သိုင်းသူတော်စင်များအားလုံး
တစ်ချိန်တည်းမှာပင်
မျက်မှောင်ကြုတ်သွားကြသည်။
အဘယ်ကြောင့်ဆိုသော် သူတို့က

ဒီပြဿနာ၏အစကို တွေးတောနေ
သောကြောင့်ပါ။

ရှန်းယွန်ရှီက ရွှေနတ်ဆိုးဝံပုဆလွဘုရင်ကို
စိုက်ကြည့်ရင်း “ရွှေနတ်ဆိုးဝံပုလွေဘုရင်၊
အရိပ်ထဲက ကြိုးကိုင်နေတာ
ဘယ်သူပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး။
ငါ့တိမ်ပင်လယ်အကာယ်ဒမီက
မင်းတို့အားလုံးကို မတားနိုင်ရင်တောင်
မင်းရဲ့ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို
ငါတို့နဲ့အတူ ဆွဲချမယ်"

ထိုစကားပြောပြီးသည်နှင့် ရှန်းယွန်ရှီက
တိမ်ပင်လယ်အကယ်ဒမီ၏
အာဏာပိုင်များနှင့်အတူ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

"မင်းက ငါတို့ကို မင်းနဲ့အတူ
ဆွဲချချင်တာလား"
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
နှုတ်ခမ်းထောင့်တွင်
အေးစက်သောအပြုံးတစ်ခု

ထွက်ပေါ်လာသည်။ "မင်းအတိတ်မှာ
ဖြစ်နိုင်တယ်။ အခုတော့.... ဟမ့်"

"ဒီလူသားယန်ယဲ့ သေရမယ်"
တစ်ချိန်တည်းတွင်
ရွှေနတ်ဆိုးဝံပုလွေကလန်၏
သိုင်းသူတော်စင်တစ်ဦးကရုတ်တရက်
ပြောလေသည်။ "သူ့ရဲ့သဘာဝစွမ်းရည်က
ထူးထူးခြားခြားဖြစ်သလို
သူ့ခွန်အားကလည်း
ကြောက်စရာကောင်းတယ်။ သူ့ကို

အသက်ရှင်ခွင့်ပေးလိုက်တာက
ငါတို့တောင်တန်းအတွက်
ကပ်ဘေးဖြစ်စေနိုင်တယ်”

"ယန်ယဲ့" ဟူသော အမည်ကို
ကြားလိုက်သောအခါ
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာသည်
ချက်ချင်းပင် မှုန်မှိုင်းသွားသည်။
နောက်ဆုံးတွင် ယန်ယဲ့က သူ၏ဇနီးနှင့်
ကလေးများကို သတ်ခဲ့ပြီး
ရတနာတိုက်တစ်ခုလုံးကိုပါ

လုယက်သွားခဲ့သည်မဟုတ်ပါလား။
ထို့အပြင် ယန်ယဲ့က ယခုလေးတင် သူ့ကို
ခြိမ်းခြောက်သွားခဲ့၏။ သူ့စိတ်ထဲ၌
ယန်ယဲ့အပေါ် မုန်းတီးမှုက
အရိုးထဲထိအောင်ပင်နက်ရှိုင်းသည်ဟု
ဆိုနိုင်ပါသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
အသက်ပြင်းပြင်းရှူကာ သူ့စိတ်ထဲတွင်
တိုးမြင့်လာသော လူသတ်ချင်စိတ်ကို

မျိုသိပ်လိုက်ပြီး "သူ့ရဲ့နောက်ခံကို မင်းတို့စုံစမ်းပြီးပြီလား"

ထိုသိုင်းသူတော်စင်က ခေါင်းယမ်းကာ “လူသားလောကရဲ့လေထဲကနေ ပေါ်လာသလိုပဲ။ ဒါပေမဲ့ သူ့အပေါ်ငါတို့ယူဆချက်အရဆိုရင် ဒီယန်ယဲ့က ဗဟိုနတ်ဘုရားစီရင်စုကနေ လာတာဖြစ်နိုင်တယ်။ ဒါ့အပြင် သူ့ရဲ့ပင်ကိုယ်စွမ်းရည်နဲ့ ခွန်အားကို အခြေခံပြီး အနည်းဆုံး

စိန်အဆင့်အင်အားစုတစ်ခုကနေ ဖြစ်ရမယ်။
အင်း... ငါ့အထင်တော့ သူက
စိန်အဆင့်အင်အားစုတစ်ခုရဲ့
တပည့်တစ်ယောက်ဖြစ်သင့်တယ်"

"စိန်အဆင့်အင်အားစု(စိန်အဆင့်ဂိုဏ်း)"
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏မျက်ခွံများ
လှုပ်ယမ်းသွားသည်။
အကယ်၍သာ ယန်ယဲ့သည်
စိန်အဆင့်အင်အားစု၏ တပည့်
ဖြစ်နေခဲ့လျှင် ဒီကိစ္စက ဖြေရှင်းဖို့

ခက်ခဲပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်
စိန်အဆင့်အင်အားစုက
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းပင်
ဆန့်ကျင်နိုင်စွမ်းမရှိသော
အရာဖြစ်နေသောကြောင့်ပါ။

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ အမူအရာသည်
ထပ်ခါထပ်ခါ ပြောင်းလဲနေပြီး "ဘာဖြစ်လဲ၊
သူ့နောက်မှာ စိန်အဆင့်အင်အားစု
ရှိနေရင်တောင် ငါသူ့ကို
သေစေချင်တယ်"ဟု

ပြင်းထန်သောလူသတ်ချင်စိတ်အပြည့်ဖြင့် ပြောလိုက်လေသည်။

"ဟုတ်တယ်၊ ငါတို့ သူ့ကိုသတ်ရမယ်" ထို သိုင်းသူတော်စင်ကပဲ “ငါတို့တောင်တန်းရဲ့ ကလေးတွေ အများကြီး ဘာအတွက်နဲ့မှ မသေနိုင်ဘူး။ ဒါပေမဲ့ ငါတို့လို စီနီယာမျိုးဆက်တွေမဟုတ်ရင် တောင်တန်းတစ်ခုလုံးမှာရှိတဲ့ ဘယ်ကလေးကမှ သူ့ကိုမယှဉ်နိုင်ဘူး။ နတ်ဆိုးဘုရင်ငယ် ၅ ပါးထဲက

တစ်ပါးဖြစ်တဲ့ စုန်ယွမ် ကတောင် သူ့ကို ရှုံးသွားပြီ။ တောင်ပိုင်းဒေသတစ်ခုလုံးရဲ့ သိုင်းသူတော်စင်အဆင့် အောက်မှာ ဘယ်သူမှ သူ့ကိုမသတ်နိုင်မှာကို ငါစိုးရိမ်မိတယ်”

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ရုတ်တရက် "လော့ချန်းရှောင် ဒီကိုလာနိုင်မလား" ဟုမေးလိုက်၏။

ထိုလူအိုကြီးက ခေါင်းယမ်းကာ “ငါ ဒီကိစ္စကို ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့ ဆွေးနွေးခဲ့တယ်။ ဒါပေမဲ့ သူတို့က ငြင်းလိုက်တယ်။ ဒါ့အပြင် သူတို့ ငြင်းဆန်ရတဲ့ အကြောင်းရင်းက လောချန်းရှောင်က  လျှို့ဝှက်ဆန်းကြယ်တဲ့ ဥပဒေသစွမ်းအင်တစ်ခုကို အမွေဆက်ခံနေလို့လို့ပြောခဲ့တယ်”

"ဥပဒေသစွမ်းအင်တစ်ခု..." ရွှေနတ်ဆိုးဝံပုလွေဘုရင်ဟာမျက်ခွံများ

အနည်းငယ် လှုပ်ယှမ်းသွားသည်။ သူသည်
လောက၏ အချုပ်အနှောင်ကို
ကျော်လွန်သော
သိုင်းသူတော်စင်တစ်ဦးဖြစ်ပြီး
ဥပဒေသစွမ်းအင်များထက်ပင်
ကျော်လွန်ခဲ့သည်။ သို့သော် သူက
ဥပဒေသစွမ်းအင်အားလုံးကို
ဖိနှိပ်နိုင်သည်ဟုတော့ ဆိုလိုခြင်းမဟုတ်ပေ။
သူ့ကို မပြောဘဲ သိုင်းသူတော်စင်အထက်
အင်ပါယာတစ်ပိုင်းအဆင့်များ ပင်လျှင်

လျှို့ဝှက်ဆန်းကြယ်သော

ဥပဒေစွမ်းအောင်အချို့ကို ခုခံနိုင်စွမ်းမရှိပေ။

၁၂၀၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၂ - ကျင့်ကြံမှုအခြေခံကို

တည်ငြိမ်အောင် ထိန်းချုပ်ခြင်း

"လော့ချန်းရှောင် မလာနိုင်သေးပေမဲ့
ဒီယန်ယဲ့က သေရမယ်ဆိုတာ
သံသယတောင်မလိုဘူး" ထို
သိုင်းသူတော်စင်က ရုတ်တရက်
ထပ်ပြောလိုက်သည်။
“ဗဟိုနတ်ဘုရားစီရင်စုရဲ့ငရဲခန်းမက
ခန်းမသခင်တစ်ယောက်ကို
စေလွှတ်လိုက်တယ်လို့
သတင်းရထားတယ်။
ဘယ်သူရောက်လာမလဲတော့
မသိဘူး။အတိုချုပ်ပြောရရင်

ဘယ်သူပဲဖြစ်ဖြစ် ယန်ယဲ့ကတော့ သေချာပေါက် သေမှာပဲ။ အဲဒီအချိန်ကျရင် တိမ်ပင်လယ်အကယ်ဒမီက ယန်ယဲ့ကို ကာကွယ်ဖို့ ရှေ့ထွက်လာရဲသေးလားဆိုတာ ငါ မြင်ချင်မိတယ်"

"ငရဲခန်းမ..." ထိုအမည်ကိုကြားသောအခါ ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်လုံးများထဲတွင် ကြောက်ရွံ့မှုတစ်ခု ပေါ်လာပြီး အတိတ်ကအဖြစ်အပျက်ကို ပြန်သတိရသွားပုံရသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်
"ကောင်းကင်ဘုံနတ်ဘုရားခန်းမ၊
ကောင်းကင်ဝါးမျိုးစပါးအုံးကလန် နဲ့
သံမဏိမျောက်ဝံကလန်တွေကို
ဘေးထွက်မနေဘဲ အင်အားအပြည့်
တိုက်ခိုက်ဖို့ပြောပါ။ ငရဲခန်းမရဲ့
ပညာရှင်ရောက်လာတဲ့အခါ ငါတို့က
တိုက်ပွဲကို အဆုံးသတ်တော့မယ်။
အဲဒီအချိန်မှာ သူတို့က
အင်အားအပြည့်ကူညီမယ်လို့

မျှော်လင့်ပါတယ်။ အထူးသဖြင့်တော့
ကောင်းကင်ဘုံနတ်ဘုရားခန်းမ ပဲ။
အကူအညီအများကြီးပေးဖို့ ငြင်းဆန်ရင်
အကျိုးအမြတ်ရဖို့ ကြိုးစားတာကို ရပ်လိုဖို့
သူတို့ကို ပြောပါ”

ထို့နောက် ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
ပုံရိပ်က ကောင်းကင်ယံအထက်သို့
ပျောက်ကွယ်သွားသည်။

…

တိမ်ပင်လယ်မြို့တော်....။

တိမ်ပင်လယ်မြို့သို့ပြန်ရောက်သည်နှင့်
ယန်ယွဲ့သည် မြို့ထဲတွင် သူ့အတွက်
တည်ဆောက်ပေးထားသော
ကျင့်ကြံခြင်းအိမ်တော်ထဲ၌
တံခါးပိတ်ကျင့်ကြံလိုက်သည်။

ယန်ယွဲ့သည် အခန်းထဲ၌
တင်ပျဉ်ခွေလျက်ထိုင်နေချိန်တွင်

သူ့ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော
အရှိန်အဝါများ အဆက်မပြတ်
ထွက်ပေါ်လာသည်။
ဒီအငွေ့အသက်များက သူ့ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်ကို ဖိနှိပ်ထားကာ
အဆက်မပြတ် တုန်လှုပ်သွားစေသည်။

ဒီအချိန်မှာ သူက
သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းနိုင်ခဲ့သော်လည်း အလျင်စလို
အဆင့်ချိုးဖျက်ခဲ့ရသည်။ သူ၏

ကျင့်ကြံမှုအဆင့်ကို စုစည်းဖို့
အချိန်မရှိခဲ့ပေ။ လက်ရှိ သူ့ကျင့်ကြံမှုက
သိပ်ပြီးမတည်ငြိမ်သေးပါ။ ထို့ကြောင့် သူက
တိမ်ပင်လယ်မြို့ထဲသို့ ပြန်ရောက်သည်နှင့်
ချက်ခြင်းပင် အခန်းအောင်းကာ သူ၏
ကျင့်ကြံမှုအဆင့်ကို စုစည်းဖို့
ရည်ရွယ်ခဲ့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး
ယန်ယဲ့ ထံကနေ ထွက်ပေါ်လာသည့်

အငွေ့အသက်များသည်လည်း
တဖြည်းဖြည်း ငြိမ်သက်သွားပါတော့သည်။

နောက်ထပ် ၄ နာရီဝန်းကျင်ကြာပြီးနောက်
ယန်ယဲ့၏ အနီးတစ်ဝိုက် လေထုသည်
လုံးဝငြိမ်သက်သွားခဲ့သည်။

ခဏမကြာတွင် ယန်ယဲ့က မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်ပြီး "နောက်ဆုံးတော့
ပြီးသွားပြီ"

စကားပြောပြီးသည်နှင့် သူညာလက်ကို
ဝှေ့ယမ်းကာ
"အတွေးတစ်ချက်ဖြင့်သတ်ဖြတ်ခြင်း"ဟူ
သော စာလိပ်ကို ထုတ်ယူလိုက်၏။

"အတွေးတစ်ချက်တည်းနဲ့ သတ်
ဖြတ်ခြင်း....၊ ဒီနည်းစနစ်ရဲ့စွမ်းအားက
ဖျက်ဆီးခြင်းနတ်လက်သီး ထက်တောင်
သာနေတာလား"

ယန်ယဲ့သည် စာလိပ်ကို ဖြည်ချလိုက်ရာ စာလိပ်က

အဖြူရောင်အလင်းတန်းတစ်ခုပြောင်းလဲကာ သူ့မျက်ခုံးအလယ်ဗဟိုသို့ ဝင်ရောက်သွားခဲ့သည်။

ချက်ချင်းဆိုသလိုပဲ ယန်ယဲ့၏ စိတ်ဝိညာဉ်ပင်လယ်က အနည်းငယ်လေးလံလာပါသည်။

ထို့နောက်တွင် မရေမတွက်နိုင်သော အချက်အလက်များစွာက

သူ၏စိတ်ဝိညာဉ်ပင်လယ်ထဲသို့
တိုးဝင်လာသည်။

"အတွေးတစ်ခုနဲ့ သတ်တာ။ အတွေးက
ဘယ်ကို ရောက်သွားနိုင်လဲ.... မင်းရဲ့ဓားဟာ
မင်းရဲ့ဓားစိတ်ဆန္ဒကို လိုက်မှီနိုင်ရမယ်…"
တစ်နာရီခန့်ကြာပြီးနောက် ယန်ယဲ့က
သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်သည်။

ဒီနည်းစနစ်ကို လေ့ကျင့်ဖို့
လိုအပ်ချက်များက အမှန်ပင်
ပြင်းထန်လွန်းကြောင်း ယန်ယဲ့လည်း
သဘောပေါက်သွားခဲ့သည်။ အရင်ဦးဆုံး
၎င်းကို ဓားစိတ်ဆန္ဒဖြင့်
အသုံးပြုရမည်ဖြစ်သည်၊ ထို့ကြောင့် ၎င်းကို
လေ့ကျင့်ဖို့က အနည်းဆုံး
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒ
ပိုင်ဆိုင်ထားရပါမည်။
ဒုတိယအချက်အနေနှင့်က
ဉာဏ်အလင်းရဓားနှလုံးသား ပိုင်ဆိုင်ထားဖို့

လိုအပ်သည်။ အကြောင်းအရင်းက ဖြူစင်သောနှလုံးသားတစ်ခုသာလျှင် ဓားတာအို ဆီသို့ အာရုံထွေပြားစရာ အတွေးများ မရှိဘဲ ချောက်လှမ်းနိုင်ပါလိမ့်မည်။ ထိုမှသာ တာအိုနှလုံးသားက တည်ရှိနေနိုင်ပြီး ထိုလူ၏ စွမ်းအင်၊ အနှစ်သာရ၊ စိတ်ဝိညာဉ်နှင့် ဓားစိတ်ဆန္ဒ တို့ကို ပေါင်းစပ်နိုင်မည်ဖြစ်သည်။

တစ်နည်းဆိုရသော် ဒီနည်းစနစ်က
အခြားသူလက်ထဲရောက်သွားလျှင်ပင်
၎င်းကို လေ့ကျင့်ဖို့ လုံးဝမဖြစ်နိုင်ဟု
ဆိုနိုင်လေသည်။ ဓားပညာရှင်များပင်
လိုအပ်ချက်များ မပြည့်မီပါက လေ့ကျင့်ဖို့
မကြိုးစားဝံ့ကြပေ။ နောက်ဆုံးတွင်
၎င်းတို့သည် နည်းစနစ်၏
လိုအပ်ချက်များကို မဖြည့်ဆည်းဘဲ
အတင်းအကြပ်လေ့ကျင့်ပါက
တန်ပြန်ရိုက်ခတ်မှုကို
သေချာပေါက်ခံရပါလိမ့်မည်။

ကံကောင်းထောက်မစွာပဲ လက်ရှိ ယန်ယဲ့ဟာ "အတွေးတစ်ချက်ဖြင့်သတ်ဖြတ်ခြင်း"ကို လေ့ကျင့်ဖို့ လိုအပ်ချက်များအားလုံး အပြည့်ရှိနေခဲ့သည်။

စာလိပ်ကို ဖတ်ပြီးသည်နှင့် အတွေးသတ်ဖြတ်ခြင်းနည်းစနစ်က ဖျက်ဆီးခြင်းနတ်လက်သီးထက်သာလွန်ကြောင်း ရှင်းရှင်းလင်းလင်းသိလိုက်သည်။

မှန်သည်၊ အကြောင်းအရင်းက သူ၏
ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကြောင့်ပါ။အကယ်၍ သူသာ
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ထားလျှင် နည်းစနစ်
၂ ခု၏ စွမ်းအားက အတူတူသာ ဖြစ်သည်။
သို့သော် ယန်ယဲ့က ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ထားသောကြောင့်
အတွေးသတ်ဖြတ်ခြင်းကို ထုတ်သုံးပါက
ဖျက်ဆီးခြင်းနတ်လက်သီးထက် ပို၍
ကြောက်စရာကောင်းနိုင်ပေသည်။

ယန်ယဲ့က စိတ်လှုပ်ရှားနေသော
သူ့အတွေးများကို ထိန်းလိုက်ပြီး
"ကြယ်စင်ကောင်းကင်စုပ်ယူခြင်း
(ကြယ်ကမ္ဘာမျှော်စင်)နည်းစနစ်ပါ
စာလိပ်ကို စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ကသူ၏ညာလက်ကို ရုတ်တရက်
ဝှေ့ယမ်းလိုက်ရာ စာလိပ်က
အလင်းတန်းတစ်ခုအသွင်ဖြင့်
သူ့မျက်ခုံးအလယ်သို့ ဝင်ရောက်သွားသည်။

သိပ်မကြာလိုက်ပေ၊
နည်းစနစ်နှင့်ပတ်သက်သည့်အရာအားလုံး
သူ့စိတ်ထဲတွင်ပေါ်လာခဲ့သည်။

ကြယ်စင်ကောင်းကင်စုပ်ယူခြင်း
(ကြယ်ကမ္ဘာမျှော်စင်ဖန်တီးခြင်း)
နည်းစနစ်က အသုံးပြုသူအား
အာကာသဟင်းလင်းပြင်ထဲမှ
အဆုံးမဲ့ကြယ်စွမ်းအင်ကို
ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူကာ

ကြယ်စင်စုတစ်ခု(ကြယ်ကမ္ဘာမျှော်စင်)ကို ဖွဲ့စည်းဖို့ လိုအပ်သည်။

အဆုံးမဲ့ကြယ်စွမ်းအင်သည် ဒီလောကထက် ကျော်လွန်ခဲ့သော နားမလည်နိုင်လောက်အောင် လျှို့ဝှက်ဆန်းကြယ်လှသည့် စွမ်းအားတစ်မျိုးဖြစ်သည်။ ၎င်း၏ မူလစွမ်းအင်က ကောင်းကင်ဘုံတာအို ကိုပင်ကျော်လွန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

ကြယ်စွမ်းအင်သည် မိုင်ပေါင်း

သန်းနှင့်ချီဝေးကွာသည့်  အကန့်အသတ်မဲ့

စကြာဝဠာထဲ၌

သိပ်သည်းစွာတည်ရှိနေသောကြောင့်ပင်။

ရှေးဟောင်းခေတ်ဦး၌ ကမ္ဘာများ

ပျက်သုဉ်းပြီး မူလဝိညာဉ်စွမ်းအင်များ

ပျောက်ကွယ်သွားခဲ့သော်လည်း

ကြယ်စွမ်းအင်က အကန့်အသတ်မဲ့

စကြာဝဠာကြီးထဲတွင်

ထာဝရတည်ရှိနေခဲ့သည်။

သို့သော် ရောင်စဉ်ဖြာဒေသ၌ကား

ကြယ်စွမ်းအင်ဖြင့် ကျင့်ကြံဖို့ ရှားပါးသည်။

ကြယ်စွမ်းအင်က ရောင်စဉ်ဖြာဒေသနှင့်

ဝေးကွာနေသောကြောင့် ၎င်းကို

စုပ်ယူလိုလျှင်ပင် နည်းလမ်းမရှိပေ။

ထိုကဲ့သို့ နည်းစနစ်များကို ရှံဖန်ရံခါ

ဖန်တီးသည့် ပညာရှင်အချို့ရှိသော်လည်း

ထိုနည်းစနစ်များ၏ စွမ်းအားသည်

သာမန်မျှသာဖြစ်သည်။

ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ ရောင်စဉ်ဖြာဒေသ၏ ကျင့်ကြံသူတိုင်းဟာ ကြယ်စွမ်းအင်နှင့် ပတ်သက်၍ မည်သည့် အတွေးအမြင်မှ မရှိတော့ပေ။

ထို့အပြင် "ကြယ်စင်ကောင်းကင်စုပ်ယူခြင်း (ကြယ်ကမ္ဘာမျှော်စင်ဖန်တီးခြင်း)" နည်းစနစ်ကို ရောင်စဉ်ဖြာဒေသ၏ တစ်စုံတစ်ယောက်က ဖန်တီးထားခြင်း မဟုတ်ပါ။ စာလိပ်အတွင်းမှ ကနဦးရှင်းလင်းချက်အရ ဒီနည်းစနစ်ကို

သမင်ဖြူအကယ်ဒမီ၏

အာဏာပိုင်တစ်ဦးက အပြင်လောကမှ

ယူဆောင်လာခဲ့ခြင်းပင်။ သို့သော်

မသိနိုင်သော အကြောင်းပြချက်ကြောင့်

ထိုလူလည်း

မပြည့်စုံသောနည်းစနစ်အပိုင်းကိုသာ

ချန်ထားခဲ့သည်။ အစပိုင်းတွင်

သမင်ဖြူအကယ်ဒမီက ၎င်းကို

အဖိုးတန်ရတနာတစ်ခုအဖြစ်

သဘောထားခဲ့သည်။

သူတို့၏အဖွဲ့ဝင်များကို ကျင့်ကြံစေလိုသည့်

ဆန္ဒများပင် ရှိခဲ့သည်။ သို့သော်လည်း သိပ်မကြာလိုက်ပေ၊ အကယ်ဒမီ၏ အာဏာပိုင်များနှင့် ကျောင်းသားများအားလုံး "ကြယ်ကမ္ဘာမျှော်စင်ဖန်တီးခြင်း"ကို လေ့ကျင့်လိုသောအတွေးများအား စွန့်လွှတ်လိုက်ကြတော့ သည်။ အကြောင်းမှာ"ကြယ်ကမ္ဘာမျှော်စင်ဖန်တီးခြင်း"နည်းစနစ်က လူသားများ လေ့ကျင့်နိုင်သော အရာမဟုတ်သောကြောင့်ပင်။

ရောင်စဉ်ဖြာဒေသ၏ ကျင့်ကြံသူများသည်
ဆန်းကြယ်ချီစွမ်းအင်ကို စုပ်ယူကြသည်။
ကြယ်စွမ်းအင်သည်
ဆန်းကြယ်ချီစွမ်းအင်နှင့်
ပေါင်းစပ်၍မရသည့်အပြင် ချီစွမ်းအင်ချင်း
အပြန်အလှန်တွန်းကန်ခဲ့သည်။

ထို့ကြောင့် ကြယ်စွမ်းအင်ကို
ခန္ဓာကိုယ်ထဲသို့ စုပ်ယူလိုက်သည်နှင့်
တစ်ပြိုင်နက် အကျိုးဆက်က မတူညီသော

စွမ်းအင်ပုံစံ ၂ မျိုးဟာ တစ်ခုနှင့်တစ်ခု ထိပ်တိုက်တွေ့သွားပါလိမ့်မည်။ ကြယ်စွမ်းအင်အနည်းငယ်ကိုသာ စုပ်ယူလိုက်လျှင် အလွန်ဆိုးရွားမည်မဟုတ်ပေ၊ ၎င်းသည် စိတ်မသက်မသာဖြစ်စေရုံမျှသာဖြစ်သည်။ သို့သော် ကြယ်စွမ်းအင်များကို သိပ်သည်းစွာ စုပ်ယူလိုက်လျှင် အဆိုပါ စွမ်းအင်၂ မျိုးက ကျင့်ကြံသူအား ပေါက်ကွဲသွားစေသည့်အထိ ခန္ဓာကိုယ်ထဲ၌ တိုက်ခိုက်ပါလိမ့်မည်။

ယန်ယဲ့သည် သူ့အတွေးများကို ထိန်းကာ
အကူညီမဲ့စွာသာ ရယ်မောလိုက်၏
"ဒါတွေက ငါလှည့်စားခံလိုက်ရတယ်"

သို့သော် ထိုလူများသည် သူ့အပေါ်
မကောင်းသော ရည်ရွယ်ချက်မရှိပေ။
အဘယ်ကြောင့်ဆိုသော် စာလိပ်တွင်
နည်းစနစ်ကို လေ့ကျင့်ရာ၌ ပါလာသော
အန္တရာယ်များကို ရှင်းရှင်းလင်းလင်း
ဖော်ပြထားသောကြောင့်ပါ။

ထင်ရှားသည်မှာ သူတို့သည် သူ့ကို
အန္တရာယ်ပြုဖို့မရည်ရွယ်ခဲ့ပေ၊
ထိုသို့မဟုတ်လျှင်
နည်းစနစ်ကိုမပေးခင်ကတည်းက
သတိပေးချက်များကို
ပယ်ဖျက်ထားပါလိမ့်မည်။

"ငါ ဒါကို လေ့ကျင့်သင့်သလား။ ဒါမှမဟုတ်
ငါမလုပ်သင့်ဘူးလား" ယန်ယွဲ့သည်
စိတ်ထဲ၌ အတော်လေးလွန်ဆွဲနေခဲ့သည်။
"ကြယ်ကမ္ဘာမျှော်စင်ဖန်တီးခြင်း"နည်းစနစ်

၏ စွမ်းအားက
အလွန်ပင်ကြောက်စရာကောင်းလှသည်။

ရင်းသည်
အရေးကြီးသောအခိုက်အတန့်တွင်
သူ့အသက်ကို သေချာပေါက်
ကယ်တင်နိုင်ပါလိမ့်မည်။ သူက
ဒီနည်းစနစ်ကို အသုံးပြု၍
သိုင်းသူတော်စင်များကိုပင်
အချိန်တစ်ခုကြာ တိုက်ခိုက်နိုင်ပေသည်။

ထို့အပြင် ၎င်းကို
အသုံးပြုနေသည့်အချိန်တစ်လျှောက်လုံး
သိုင်းသူတော်စင်များပင်လျှင်
သူ့ကို ဒုက္ခပေးနိုင်မည် မဟုတ်ပေ။

သို့သော် သူ လေ့ကျင့်ခဲ့ပါက
ဆန်းကြယ်ချီစွမ်းအင် နှင့် ကြယ်စွမ်းအင်
တို့ထိပ်တိုက်တွေ့မည့်ပြဿနာကရှိနေသေး
သည်။

ယန်ယဲ့သည် စမ်းကြည့်ဖို့ မဆုံးဖြတ်ခင်
အချိန်တော်တော်ကြာထိ
တုံ့ဆိုင်းနေခဲ့သည်။ "ဒီလိုမှမဟုတ်ဘဲ ငါ
တကယ်လက်လျှော့လိုက်ရမှာလား။
မဟုတ်ဘူး၊ ငါ့ဘဝမှာ ဘယ်အရာမှ
လက်လျှော့တယ်ဆိုတာမရှိစေရဘူး"

သူ့စိတ်ထဲ ဆုံးဖြတ်ချက်ချပြီးသည်နှင့်
ယန်ယဲ့သည် စတင်လေ့ကျင့်ဖို့ ပြင်လိုက်၏။

သူ့အခန်းထဲကနေ ထွက်လာပြီး
မြို့တော်ဝန်အိမ်တော်၏ အနောက်ဖက်
တောင်တန်းများဆီသို့ ရောက်ရှိလာသည်။

၁၂၀၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၃ - ယုဝူရှမ် အဖမ်းခံရပြီ

နတ်ဆိုးဝံပုလွေစစ်တပ်က

မတိုက်ခိုက်သေးသော် လည်း

လူသားစစ်တပ်ဟာ

သတိအလွတ်မခံဝံ့ကြပေ။ ထို့အပြင်

လူသားများအနေဖြင့် မြို့တစ်မြို့၏

အကာအကွယ်မပါဘဲ နတ်ဆိုးစစ်တပ်နှင့်

ရင်ဆိုင်ဖို့မဖြစ်နိုင်ပါ

အမှန်ပင်၊ အဓိကအကြောင်းရင်းမှာ

လူသားများက

တစ်ကိုယ်ကောင်းဆန်လွန်းသောကြောင့်ပင်ဖြစ်သည်။

အကယ်၍ လူသားများဟာ နတ်ဆိုးသားရဲများကဲ့သို့ စည်းလုံးညီညွတ်ခဲ့မည်ဆိုလျှင် လူသားတို့၏ နည်းစနစ်များ၊ ဉာဏ်ရည်ဉာဏ်သွေးဖြင့် နတ်ဆိုးသားရဲများသို့မဟုတ် နတ်ဆိုးမျိုးနွယ်စုကို အပြီးတိုင်ဖျက်ဆီးပစ်နိုင်လေသည်။ ကံမကောင်းစွာပဲ၊ လူသားတစ်ဦးစီတိုင်းတွင် ၎င်းတို့၏ကိုယ်ပိုင်ထည့်သွင်းအတွေးအမြင်

များ ရှိနေခဲ့သည်။

လူသားတို့ကတစ်ကိုယ်ကောင်းဆန်သောရ
ည်ရွယ်ချက်များကို စွန့်လွှတ်ကာ
သေခြင်းရှင်ခြင်း
အခြေအနေနှင့်မကြုံတွေ့ရပါက
၎င်းတို့အတွက်
လုံးလုံးလျားလျားမဖြစ်နိုင်ပေ။

တိုက်ပွဲရပ်သွားပြီးနောက်တွင် ယုဝူရှမ်က
မြို့တွင်းရှိတပ်များကို
စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခဲ့သည်။

ဒီအချိန်မှာ သူမက
တိမ်ပင်လယ်အကယ်ဒမီ၏ ပုံပိုးမှုကို
အပြည့်အဝရရှိထားသောကြောင့်
ပြီးမြောက်ရန်လုံးဝမခက်ခဲပေ။

တစ်ချိန်တည်းမှာပင်
ရှေးဟောင်းဓားကျောင်းတော်နှင့်
တာအိုအမိန့်တော်မှ အရန်အကူအညီများ
ဆက်တိုက်ရောက်ရှိလာသည်။

လက်ရှိတွင်
တိမ်ပင်လယ်မြို့တော်တစ်ခုလုံးဟာ
တင်းမာသော လေထုနှင့်
ပြည့်နှက်နေသေးသည်။အဘယ်ကြောင့်ဆို
သော် မြို့အပြင်ဖက် တံတိုင်း
ပတ်ပတ်လည်ကနေ သားရဲဟိန်းသံများ
အဆက်မပြတ် မြည်ဟီးနေပြီး
မြေပြင်သည်လည်း အချိန်တိုင်း
တုန်လှုပ်နေသောကြောင့်ပင်။

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက ၎င်းတို့၏
စစ်အင်အားကို ထပ်မံတိုးမြှင့်လိုက်ကြောင်း
သိသာပေသည်။

တစ်နည်းပြောရလျှင် အလွန်ကြီးမားပြီး
ကြောက်စရာကောင်းသော မုန်တိုင်းတစ်ခု
ချဉ်းကပ်လာခြင်းပင်ဖြစ်ပေသည်။

…

အချိန်များက တရွေ့ရွေ့ကုန်ဆုံးလာပြီး
မျက်စိတစ်မှိတ်အတွင်းမှာပဲ တစ်လတာ
လျင်မြန်စွာ ကုန်လွန်သွားခဲ့သည်။

ယန်ယဲ့သည်လည်း
တောင်ထိပ်တစ်ခုပေါ်တွင်
တိတ်တဆိတ်ရပ်နေခဲ့သည်။ သူ့လက်ထဲ၌
ဓားစိတ်ဆန္ဒဓားတစ်ချောင်းကို
တင်းကျပ်စွာဆုပ်ကိုင်ထားသည်။
ဓားစိတ်ဆန္ဒဓားက
သူ၏နဖူးအလယ်ဗဟိုကို ဖိကပ်ထားစဉ်

ယန်ယဲ့ဟာ မျက်လုံးများကို
တင်းတင်းမှိတ်ထားလိုက်ပြီး တစ်ခုခုကို
စျာန်ဝင်စားနေပုံရ၏။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့သည်
မျက်လုံးများ ရုတ်တရက် ပွင့်လာပြီး
ဖျတ်ခနဲဆိုသလိုပင် ၃ ကီလိုမီတာအကွာမှ
ချက်ချင်းပေါ်လာသည်။

ဘမ်း!

သူ့ပတ်ဝန်းကျင် ၃ ကီလိုမီတာအကွာရှိ အာကာသဟင်းလင်းပြင်သည် ချက်ချင်းပင် အပိုင်းပိုင်းကွဲသွားကာ ရောမတွင်းနက်ကြီးတစ်ခု ပေါ်လာသည်။ သို့သော်လည်း အာကာသတွင်းနက်က သူ့အနားကို မကပ်နိုင်ခဲ့ပေ။

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒကို သုံး၍ "အတွေးတစ်ချက်ဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်"ကို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

သို့တိုင် ယန်ယဲ့၏ မျက်လုံးများက စိတ်လှုပ်ရှားမှု အရိပ်အယောင်များ ရှိနေသည်။ ဒီအချိန်မှာ ၎င်း၏စွမ်းအားက ဖျက်ဆီးခြင်းနတ်လက်သီးနှင့် အဆင့်တူနည်းစနစ်တစ်ခုဖြစ်နေပြီဖြစ်သည် ။

ထို့ကြောင့် သူသာ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို အသုံးချပါက သိုင်းသူတော်စင်များကိုပင် သတ်ဖြတ်နိုင်သည်ဟု ယုံကြည်နေသည်။

သို့သော်လည်း ကြိုတင်သတ်မှတ်ချက်မှာ
သိုင်းသူတော်စင်ကို
ပြန်တိုက်ခိုက်နိုင်စွမ်းမရှိအောင်
တစ်ချက်တည်းဖြင့် အဆုံးသတ်နိုင်မှသာ။

ယန်ယဲ့သည်
"အတွေးဖြင့်သတ်ဖြတ်ခြင်း"ကို
ပြန်ရုတ်သိမ်းလိုက်ရာ ပတ်ဝန်းကျင် ၃
ကီလိုမီတာအကွာရှိ
အာကာသတွင်းနက်ကြီးက ချက်ချင်းပင်
ပျောက်ကွယ်သွားခဲ့သည်။

ဘုန်း!

ထိုအခိုက် အခန်းအပြင်ဖက်ကနေ
ကျယ်လောင် သောပေါက်ကွဲသံကြီး
ရုတ်တရက် ပဲ့တင်ထပ်ကာ မြို့ထဲ၌
မရေမတွက်နိုင်သော ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာခဲ့သည်။

ယန်ယဲ့သည် ကျင့်ကြံနေရင်း ရုတ်တရက်
မျက်မှောင်ကြုတ်လိုက်သည်။ ထိုအချိန်တွင်

သူ့အခန်းတံခါးကို ရုတ်တရက်
တွန်းဖွင့်သံကြားလိုက်ရသည်။ ယန်ယဲ့က
လှည့်ကြည့်လိုက်သည့်အခါ ရှန်ချင်းယင်က
အလျင်စလိုဝင်လာသည်ကို
မြင်တွေ့လိုက်သည်။

"ရွှေနတ်ဆိုးဝံပုလွေတောင်တန်းရဲ့
သိုင်းသူတော်စင်တွေက မြို့တော်ကို
အလစ်အငိုက်တိုက်ခိုက်ခဲ့တယ်။ ပြီး....
ပြီးတော့ ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့

သိုင်းသူတော်စင်တစ်ယောက်က ဂူရှမ်ကို ဖမ်းသွားတယ်"

"ဘာဖြစ်တာလဲ" သူ့အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ယန်ယဲ့၏ပုံရိပ်က ရှန်ချင်းယင်၏ရှေ့၌ ပေါ်လာသည်။

“ရှေ့နတ်ဆိုးဝံပုလွေဘုရင်နဲ့ သူ့တပ်ဖွဲ့တွေက အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်လာတာ။ သူတို့က ငါ့အဖိုးနဲ့ တခြား

အာဏာပိုင်တွေကို

အာကာသဟင်းလင်းပြင်ထဲ ဝင်ခိုင်းပြီး

တိုက်ခိုက်အောင်ဖိအားပေးခဲ့တယ်။

အဲဒီအချိန်မှာ

ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့

သိုင်းသူတော်စင်တစ်ယောက်က ဝူရှမ်ကို

ရုတ်တရက်ဝင်ဖမ်းသွားတယ်။ ဘယ်သူမှ

မတုံ့ပြန်နိုင်လိုက်ကြဘူး" ရှန်ချင်းယင်က

လေးလံနေသော အသံဖြင့် ပြောလိုက်သည်။

ယန်ယဲ့က "သူတို့မှာ
သိုင်းသူတော်စင်တစ်ယောက်
အပိုရှိနေပြီဆိုတော့ ဘာလို့မြို့ကို
မဖျက်ဆီးခဲ့တာလဲ"

"ပျက်စီးလုနီးပါးဖြစ်နေပြီ" ရှန်ချင်းယင်က
"တကယ်လို့သာ ကူညီဖို့
သိုင်းသူတော်စင်တစ်ယောက်
အချိန်မှီရောက်မလာခဲ့ရင်
ခုအချိန်လောက်ဆို မြို့က
ဖျက်ဆီးခံနေရလောက်ပြီ"

"ဘာလို့ သူ့ကို ခေါ်သွားတာလဲ" ယန်ယဲ့၏
မျက်နှာသည် ထူးထူးခြားခြား
တည်ငြိမ်နေပြီး ဒေါသလုံးဝမရှိပေ။
အမှန်စင်စစ် ဒေါသဟာ လူတစ်ယောက်ကို
မည်မျှ အသုံးမကျကြောင်းသိသာစေသည်။
ဒေါသက ဘယ်အရာကိုမှ
ဖြေရှင်းမပေးနိုင်ပေ။

ရှန်ချင်းယင်က မပြောခင် တခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး

"ငါမမှားဘူးဆိုရင်တော့ သူမရဲ့ ကိုယ်လုံးကိုယ်ပေါက်ကြောင့် ဖြစ်သင့်တယ်။ လော့ချန်းရှောင်က အရမ်းထူးခြားတဲ့နည်းစနစ်တစ်ခုကို ကျင့်ကြံနေတာလို့ပြောကြတယ်။ အဲဒါက မွေးရာပါနတ်ဘုရားခန္ဓာကိုယ်ရှိတဲ့ အမျိုးသမီးတွေလိုအပ်တယ်။ သူမမှာ ဘယ်လိုနတ်ဘုရားခန္ဓာကိုယ် ပိုင်ဆိုင်ထားတယ်ဆိုတာ ငါမသိပေမဲ့ ငါ့အဖိုးတစ်ခါပြောဖူးတာတော့ လော့ချန်းရှောင်က ဝူရှမ်ကို

ဘယ်လိုမှလက်လွှတ်လို့မရဘူးဆိုပြီး ပြောခဲ့ဖူးတယ်။ သူမရဲ့ ကိုယ်လုံးကိုယ်ပေါက်က သူ့အတွက် အရမ်းအရေးကြီးတယ်လို့ ငါထင်တယ်”

"လော့ချန်းရှောင်..." ယန်ယဲ၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားပြီး "ဒီကောင် အသက်ရှင်ရတာ ပင်ပန်းနေပြီထင်တယ်"

ဒီစကားကြောင့် ရှန်းချင်းယင်လည်း မျက်ခွံများ လှုပ်ယမ်းသွားသည်။ "သူက နည်းနည်းတော့ ယုံကြည်မှုလွန်ကဲနေတာ မဟုတ်ဘူးလား" လော့ချန်းရှောင်၏ ခွန်အားကို သူမ မမြင်ဖူးပါ။ သို့သော်လည်း စီရင်စုတစ်ခုလုံးမှ လူငယ်မျိုးဆက်ကို စိန်ခေါ်ကြောင်း ထုတ်ပြန်ရဲသူတစ်ယောက်က အားနည်းနေနိုင်ပါမည်လော။

ထို့အပြင် စုန့်ယွမ်လို
နတ်ဆိုးဘုရင်ငယ်တစ်ပါးကပင်
လော့ချန်းရှောင်ကို
လေးစားနေခဲ့၏။ထို့ကြောင့်
လော့ချန်းရှောင်၏ ခွန်အားက မည်မျှ
ကြောက်စရာကောင်းသည်ကို
သိသာပေသည်။ သို့သော် ယန်ယွဲ့သည်
လော့ချန်းရှောင်ကို သတ်ဖို့
စိတ်ပိုင်းဖြတ်ထားပုံရ၏။

"ဒါက သူ့ယုံကြည်မှုလား ဒါမှမဟုတ်
ဒေါသကြောင့်လား"

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည်
"အဲဒီလူက သူမကို
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းလား
ဒါမှမဟုတ် မြောက်ပိုင်းဒေကို
ခေါ်သွားတာလား"

ရှန်ချင်းယင်က "
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း"

ယန်ယွဲ့သည် ရှန်ချင်းယင်ကို စိုက်ကြည့်ကာ "ဆရာမရှန်၊ မင်း ငါ့ဆီကနေ တစ်ခုခုကို ဖုံးကွယ်ထားတာလား"

ရှန်ချင်းယင်က သက်ပြင်းကို တိုးတိုးလေးဖြင့် တုန့်ပြန်ရင်း "ယန်ယွဲ့၊ နင့်ဆီက ထိန်းထားဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ နင်ဒါကိုကြားပြီးရင် တည်ငြိမ်နိုင်မယ်လို့ ငါမျှော်လင့်တယ်။ ယုဝူရှမ်ကို ဖမ်း

သွားပြီးတဲ့အချိန်မှာ နင်ကိုယ်တိုင်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို
အရောက်လာခဲ့ဖို့ စကားချန်ခဲ့တယ်။
ယုဝူရှမ်ကိုဖမ်းဖို့က သူတို့ရဲ့
နဂိုအစီအစဉ်တစ်ခုဖြစ်ပေမဲ့
နောက်တစ်ခုကတော့ နင့်ကို သတ်ဖို့ပဲ။
ငါ့အနေနဲ့က နင့်ကို လုံးဝ မသွားစေချင်ဘူး"

"ဘယ်လို အစီအစဉ်ကောင်းလဲ" ယန်ယဲ့က
အေးစက်စွာ ရယ်မောလိုက်ပြီး "သူတို့က
ဝူရှမ်ကို ရထားပြီး ငါ့ကို အပြင်ကို

ဆွဲထုတ်နိုင်တယ်။ ဒါက တကယ်ကို
ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုပါလေ”
ဤအထိ ပြောပြီးနောက် ယန်ယဲ့က
ရှန်ချင်းယင်ကို ကြည့်ကာ "ဌာနမှူးနဲ့ တခြား
အာဏာပိုင်တွေက
အခုထိတိုက်ခိုက်နေတုန်းလား"ဟုမေးလိုက်
၏။

ရှန်ချင်းယင်က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က "ဒီလိုဆို တာအိုအမိန့်တော်က စေလွှတ်လိုက်တဲ့ သိုင်းသူတော်စင်က ဘယ်လိုလဲ"

ရှန်ချင်းယင်က ခဏတုံ့ဆိုင်းသွားပြီး “သူ… .” ဟုသာ ပြန်ဖြေနိုင်သည်။

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး “ငါ အခု သိပြီ။ သူနဲ့ ဝူရှမ်က ဘာဆက်ဆံရေးမှမရှိဘူး။ တာအိုအမိန့်တော်နဲ့

ငါ့ရဲ့ဆက်ဆံရေးကြောင့်နဲ့ ဂူရှမ်အတွက်
သိုင်းသူတော်စင်တစ်ယောက်ကို
တိုက်ခိုက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး"

ဒီအထိပြောပြီးနောက်တွင် ယန်ယဲ့က
"အခုလောလောဆယ်မှာ
တိမ်ပင်လယ်အကယ်ဒမီ၊
ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော်ရဲ့အင်အားကို
ပေါင်းလိုက်ရင်

ငါတို့လည်းအင်အားတောင့်နေပြီလေ။ ဘယ်လိုကြောင့် စစ်ပွဲမစသေးတာလဲ"

ရှန်ချင်းယင်က ပြန်မပြောခင် အချိန်အတော်ကြာ နှုတ်ဆိတ်နေခဲ့ပြီး "ငါတို့က မဟာမိတ်ဖွဲ့ထားပေမဲ့ အဆုံးကျ ဘယ်လိုမှ မစည်းလုံးကြဘူးလေ။ ဒါ့ပြင် ဒါက အကယ်ဒမီရဲ့ကိစ္စပါ။ ဒီတော့ ရှေးဟောင်းဓားကျောင်းတော်နဲ့ တာအိုအမိန့်တော်က တောင်ပိုင်းဒေသကို ကျူးကျော်ဖို့ ကြိုးစားနေတဲ့

ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
သိပ်ပြီးစိတ်မပူကြဘူး။ တိုတိုပြောရရင်
သူတို့ မလိုအပ်ဘူးထင်တာနဲ့ အကယ်ဒမီကို
သူတို့ရဲ့ ခွန်အားအပြည့်နဲ့ ကူညီပေးမှာ
မဟုတ်ဘူး”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဒီအတိုင်းသာ
ဆက်သွားရင် အားလုံးက မကြာခင်မှာ
ပြီးသွားလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် ဖျတ်ခနဲဆိုသလို
နေရာတွင်ပင် ပျောက်သွားသည်။

ရှန်ချင်းယင်က အံ့သြသွားပြီး
"နင်ဘယ်သွားမလို့လဲ"

သို့သော်လည်း ယန်ယဲ့ ထံမှ အဖြေမရခဲ့ပေ။

ယန်ယဲ့သည် မြို့ထဲကနေ
ထွက်လာပြီးနောက် သူ့ရှေ့တွင်

အလင်းတန်းများ တောက်ပလာသဖြင့် ခဏရပ်လိုက်၏။ "လုဝမ်အာ..."

ယန်ယဲ့က စကားမပြောသေးဘဲ ခေါင်းသာညိတ်လိုက်သည်။

၁၂၀၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၄ - ဒီကောင်
သေလမ်းရှာနေတာ

လုဝမ်အာ က "နင် ယုဝူရှမ်ကို
သွားကယ်မှာလား"
ဟုတန်းပြီးသာမေးခဲ့သည်။

ယန်ယဲ့က ချက်ချင်းပဲ
ခေါင်းညိတ်လိုက်သည်။

"နင်အခု အရမ်းသန်မာနေပြီ၊ ငါ့ကိုတောင် ကျော်တက်သွားပြီ" လုဝမ်အာက ယန်ယဲ့ကို စိုက်ကြည့်ပြီး "ဒါပေမဲ့ နင်က သိုင်းသူတော်စင်တစ်ယောက်နဲ့ ယှဉ်ဖို့ မဖြစ်နိုင်ဘူး။ သွားရင်တော့ သေချာပေါက် သေမှာပဲ”

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး ပြုံးလိုက်ကာ "ဝမ်အာ၊ ငါက လူမိုက်မဟုတ်ဘူး။ တကယ်လို့ အခုနေ သိုင်းသူတော်စင်တစ်ယာက်နဲ့

တိုက်ခိုက်မယ်ဆိုရင် ငါသေဖို့က ၉၀ ရာခိုင်နှုန်းလောက် သေချာတယ်။ အခု ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို သွားတာနဲ့ ပြန်မလာနိုင်ဖို့က သေချာသလောက်ပဲ။ ထာဝရအိပ်စက်သွားရနိုင်ဖို့ရှိတယ်။ ဒါပေမယ်လို့…." ဒီအထိ ပြောပြီးသည်နှင့် ယန်ယွဲ့၏ မျက်နှာပေါ်မှ အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားပါသည်။ သူက "ဒါဟာ ငါတို့ မလုပ်နိုင်ဘူးဆိုတာကို သိနေပေမဲ့ ဘဝမှာ အကြိမ်ပေါင်းများစွာ

လုပ်ရသေးတယ်။ ဘာကြောင့်လဲ၊
ဘာကြောင့်လဲဆိုတော့ တချို့လူတွေ နဲ့
ငါတို့ရဲ့ဘဝထက် ပိုအရေးကြီးတဲ့ အရာတွေ
ရှိတယ်”

ဒီတစ်ခါ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းသို့
သွားခြင်းဟာ သေလမ်းရှာခြင်းဖြစ်ကြောင်း
ယန်ယွဲ့လည်းသိထားပါသည်။
သို့သော်လည်း သူ့စိတ်ထဲ၌
သူလုပ်ဆောင်မည့်အရာကို
နှောင်တမရခဲ့ပေ။

လုဝမ်အာက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "နင် ပြန်စဉ်းစားမှာ မဟုတ်ဘူးလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

လုဝမ်အာက "ဒါဆို ငါနင်နဲ့လိုက်ခဲ့မယ်"

ယန်ယဲ့က အနည်းငယ် ထိတ်လန့်သွားပြီး ခေါင်းမယမ်းမီ သူမကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း “ငါတို့ဖက်မှာ သိုင်းသူတော်စင်တွေ အခုချက်ချင်း မရှိသေးဘူးလို့ ပြောလို့ရပါတယ်။ မင်းဒီမှာမရှိရင် စုန့်ယွမ် တိုက်ခိုက်လာတာနဲ့ အားလုံး ဘာဖြစ်သွားမယ်ထင်လဲ"

"ဒါ နင်တကယ်တွေးနေတဲ့အရာပဲလား" လုဝမ်အာက စကားဖြတ်ပြောလေသည်။

"ဒါက နင်ငါ့ကို လိုက်ခွင့်မပြုတဲ့
အကြောင်းရင်းအမှန်ပဲလား"

ယန်ယဲ့က သက်ပြင်းချကာ
"ငါတစ်ယောက်တည်းဆို လုံလောက်ပြီ" ဟု
ပြောပြီး ခဏကြာ
တိတ်ဆိတ်သွားတော့သည်။

လုဝမ်အာက "ငါက ဝန်ထုပ်ဝန်ပိုးဖြစ်မယ်
ထင်သလား"

“ငါပြောတာဒီလိုမဟုတ်ဘူး” ယန်ယဲ့က ပြန်ပြောလိုက်၏။

“ဒါဆို နင်က ဘာလို့ ငါ့ကို ခွင့်မပြုတာလဲ” ဟုထပ်မေးခဲ့သည်။

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး “အဲဒါကို မေးမနေပါနဲ့။ မြို့ထဲမှာပဲနေပါ။ ဒီမှာ အချိန်မဖြုန်းချင်တော့ဘူး”

စကားပြောပြီးသည်နှင့် ယန်ယဲ့က
နောက်လှည့်၍ ထွက်သွားတော့သည်။

သို့သော် လုဝမ်အာက သူ့ကို
သွားခွင့်မပေးဘဲ သူ့ရှေ့တွင် ပေါ်လာပြီး
ပိတ်ရပ်ထားခဲ့သည်။

ယန်ယဲ့က မျက်နှာပျက်သွားပြီး
သူ့အကြည့်များက တဖြည်းဖြည်း
အေးစက်လာကာ "မင်းကိုမြို့ထဲမှာပဲနေဖို့
ငါပြောခဲ့တယ်"

လုဝမ်အာ ၏ နူးညံ့သိမ်မွေ့သော
ခန္ဓာကိုယ်လေးဟာ အနည်းငယ်
တုန်လှုပ်သွားသည်။ ချက်ချင်းဆိုသလိုပင်
သူမ၏နှလုံးသားထဲကနေ
ဝမ်းနည်းကြေကွဲမှုများ ပေါ်လာကာ
သူမ၏မျက်လုံးများတွင်
မျက်ရည်ပုလဲလုံးများ စီးကျလာခဲ့သည်။

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး
မိုးကုပ်စက်ဝိုင်းထဲသို့
ပျောက်ကွယ်သွားခဲ့သည်။

လုဝမ်အာက အလွန်သန်မာသော်လည်း
သိုင်းသူတော်စင်တစ်ယောက်နှင့်
တိုက်ခိုက်ဖို့ လုံလောက်မှု မရှိပေ။
ယန်ယဲ့အတွက် သူမကို အန္တရာယ်ကြားထဲ
ဆွဲသွင်းနိုင်ပါမည်လော။ လုံးဝမဖြစ်နိုင်ပေ၊
လုဝမ်အာ နှင့် ယုဝူရှမ် တို့ဟာ
သူ၏အရင်းနှီးဆုံးလူများဖြစ်နေသောကြော

င့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ
အန္တရာယ်မဖြစ်စေလိုပေ။

လုဝမ်အာ သည် ယန်ယဲ့
ပျောက်ကွယ်သွားသည်ကို အဝေးမှ
ကြည့်နေရင်း အကြာကြီး
ငြိမ်သက်နေခဲ့သည်။

အချိန်အတော်အတန်ကြာပြီးနောက်တွင်
သူမ၏ပုံရိပ်ကတဖျပ်ဖျပ်တောက်ပလာကာ
တစ်နေရာသို့ ပျောက်ကွယ်သွားခဲ့သည်။

...

ရွှေနတ်ဆိုးဝံပုလွေတောင်ထိပ်၏
မြို့တံခါးဝ။

ယုဝူရှမ်က မြို့ဝင်ပေါက်၏
အလယ်ဗဟိုတွင် ထိုင်နေပြီး
ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုတစ်ယောက်
က ဘေးနားတွင် ထိုင်နေခဲ့သည်။

အဘိုးအို၏ တစ်ဖက်တစ်ချက်စီတွင်မူ စုန့်ယွမ်နှင့် အခြားသူများ ရပ်နေကြသည်။

"အကြီးအကဲလီယွန်" စုန့်ယွမ်က ယုဝူရှမ်ကို တစ်ချက်ကြည့်လိုက်ပြီး "အဲဒီမိန်းကလေးက အစ်ကိုချန်းရှောင်လိုအပ်နေတဲ့ အမျိုးသမီးလား"

အဘိုးအိုက ယုဝူရှမ်ကို တစ်ချက်ကြည့်လိုက်ပြီး "ကလေးမလေး၊ မင်းရဲ့ အရည်အချင်းကို

ငါကြားဖူးတာကြာပြီ။ ဒါပေမဲ့ မင်းဟာ
ငါထင်ထားတာထက် ပိုကောင်းမယ်လို့
ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ကံမကောင်းစွာပဲ
သေခြင်းကနေလွတ်မြောက်ဖို့ မဖြစ်နိုင်ဘူး။
ဒီလိုမှမဟုတ်ရင် နောင်မှာ ချန်းရှောင်ရဲ့
အကူအညီကောင်းဖြစ်လိမ့်မယ်"

ယုဝူရှမ်က ခေါင်းကို အနည်းငယ်ငုံ့ကာ
ငြိမ်သက်နေခဲ့သည်။

စုန့်ယွမ်က "အကြီးအကဲလီ၊
ဒီလူသားယန်ယဲ့ လာမှာလား"

အဘိုးအိုလီယွန်က "ဒါက
သူ့စိတ်ထဲမှာရှိတဲ့ဒီကလေးမလေးရဲ့
အခြေအနေပေါ်မှာ မူတည်တယ်"

စုန့်ယွမ်က ရုတ်တရက်ပြောလိုက်သည်
"အကြီးအကဲလီ၊ သူလာလာရင် ငါ့ကို သူနဲ့
တိုက်ခွင့်ပေးပါ"

အဘိုးအိုလီက စုန့်ယွမ်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်း သူ့ကို နှစ်ခါတောင် ရှုံးသွားပြီ"

စုန့်ယွမ်က "ဒီတစ်ခါတော့ ငါတကယ် အလေးအနက်ထားမယ်"

အကြီးအကဲလီယွန်က သူ့အကြည့်ကို စုန့်ယွမ် ထံမှ ရုတ်လိုက်ပြီး "မင်းတို့

နှစ်ယောက် တိုက်ခိုက်ခွင့် ရအောင်
ငါခွင့်ပြုတယ်။ ဒါပေမဲ့ မင်း ထပ်မရှုံးဖို့
ငါမျှော်လင့်တယ်။ မဟုတ်ရင် ငါ မင်းကို
ကယ်တင်မယ် ဆိုရင် မင်းရဲ့
တာအိုနှလုံးသားကို ထိခိုက်လာမှာ
သေချာတယ်။ ဒါက မင်းရဲ့အနာဂတ်
သိုင်းသူတော်စင်အဆင့်ကို
တက်လှမ်းတဲ့အချိန်မှာ ထိခိုက်စေလိမ့်မယ်"

စုန့်ယွမ်က နှလုံးသားထဲ၌
တုန်လှုပ်သွားသော်လည်း

သူ့မျက်လုံးထဲတွင်
ပြင်းထန်သောအမူအရာတစ်ခု
တောက်ပလာသည်။
ခဏကြာစဉ်းစားနေပြီးနောက် သူက
လေးလေးနက်နက် ခေါင်းညိတ်လိုက်သည်။

"သူ ဒီမှာ" အထိုအခိုက် ရုတ်တရက်ဆိုသလို
အသံ ထွက်ပေါ်လာသည်။

အားလုံးက အဝေးကို လှမ်းကြည့်လိုက်ရာ
လူတစ်ယောက် ရုတ်တရက်
ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူက အနက်ရောင်ဝတ်ရုံကို
ဝတ်ဆင်ထားပြီး ဖြောင့်စင်းသော
ရုပ်သွင်ပြင် ရှိသည်။
ချောမောလှပသောရုပ်သွင်ဟု
မဖော်ပြနိုင်သော်လည်း ထူးခြားသော
အရှိန်အဝါကို ပိုင်ဆိုင်ထား၏။ ၎င်းသည်
ယုံကြည်မှုနှင့် တည်ငြိမ်မှုတို့၏
အရှိန်အဝါပင်တည်း။

ထိုလူက ယန်ယဲ့ပါ။

သူမ ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာနေသော ယန်ယဲ့ကို
ငေးကြည့်ရင်း ယုဝူရှမ်သည် မထိန်းနိုင်ဘဲ
မျက်လုံးအစုံကနေ မျက်ရည်များ
စီးကျလာသည်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယဲ့သည် သူတို့နှင့် ၁၅ မီတာ အကွာသို့
ရောက်လာခဲ့ပါသည်။

ယန်ယဲ့သည် ယုဝူရှမ်အား
အဆင်ပြေသည်ဟုပြောသည့်အလား
တစ်ချက်ပြုံးပြပြီး အဘိုးအိုကို
စိုက်ကြည့်ကာ "ငါ ဒီကိုရောက်လာပြီ၊
မင်းဘာလုပ်မလဲ"

အဘိုးအိုလီယွန်က ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီး
"ပြောစရာတောင် မလိုဘူး၊ မင်းက
မဆိုးပါဘူး။ အနည်းဆုံးတော့
မင်းရဲ့ရဲစွမ်းသတ္တိနဲ့ စိတ်တည်ငြိမ်မှုကို
ထင်းရှူးစီရင်စုထဲက ဘယ်သူကမှ
မနှိုင်းယှဉ်နိုင်ဘူး”

ယန်ယဲ့က “ယောက်ျားတွေဟာ ငါတို့ရဲ့
ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ
ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲလုပ်သင့်တယ်။

အမျိုးသမီးတွေကို မသုံးသင့်ဘူး။
မင်းဘယ်လိုထင်လဲ"

"မိန်းမတွေကိုသုံးတာလား"
အဘိုးအိုလီယွန်က အေးစက်စွာ
ရယ်မောလိုက်ပြီး “ဒီလိုလုပ်တာကို
ငါလည်း အထင်သေးပါတယ်။ စိတ်မပူပါနဲ့၊
မင်းကို ခြိမ်းခြောက်ဖို့ ငါ သူမကို မသုံးဘူး။
ငါ မင်းကို မြို့ကနေ ထွက်လာအောင်
လုပ်ဖို့ပဲ သူ့ကို သုံးခဲ့တာ"

ယန်ယဲ့က "ငါဒီမှာရှိနေပြီ၊ မင်း သူ့ကို လွှတ်မပေးသင့်ဘူးလား"

"အဲလိုလုပ်ဖို့ အလျင်စလို မရှိပါဘူး" အဘိုးအိုလီယွန်က "ယန်ယဲ့၊ မင်းက တော်တော်လေးထူးခြားတယ်။ မင်း တိမ်ပင်လယ်အကယ်ဒမီ ဒါမှမဟုတ် ရှေးဟောင်းဓားကျောင်းမှာပဲ ဆက်နေမယ်ဆိုရင် မင်းရဲ့အရည်အချင်းတွေကို မြှုပ်နှံထားရာကျလိမ့်မယ်။ သူတို့ရဲ့အမြင်က

ထင်းရှူးစီရင်စုမှာပဲ ကန့်သတ်ထားလို့
ဘယ်လိုကြီးကျယ်ခမ်းနားတဲ့အရာတွေမှ
ရနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ငါတို့
ကောင်းကင်ဘုံနတ်ဘုရားခန်းမဟာ
လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက
ဗဟိုနတ်ဘုရားစီရင်စုကို မြင်ထားခဲ့တယ်။
ဗဟိုနတ်ဘုရားစီရင်စုကို သွားတဲ့
ငါတို့လမ်းကြောင်းမှာ မရေမတွက်နိုင်တဲ့
ပါရမီရှင်တွေ လိုအပ်နေတယ်။ မင်းက
ငါတို့ရဲ့လိုအပ်ချက်တွေနဲ့ ပြည့်မီတယ်"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး
"မင်းက ငါ့ကို ခေါ်ယူဖို့
ကြိုးစားနေတာလား"

အဘိုးအိုလီယွန်က "မှန်တယ်။
မင်းသဘောတူရင် ငါမင်းကို
အခုချက်ချင်းခေါ်သွားမယ်။
မင်းငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဝင်လိုက်တာနဲ့ နတ်ဘုရားခန်းမကနေ
နတ်ဘုရားအဆင့်နည်းစနစ်၊

လျှို့ဝှက်နည်းစနစ်အချို့တောင် ရွေးချယ်နိုင်တယ်"

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး "ငါငြင်းရင် ဘာဖြစ်မလဲ"

အဘိုးအိုလီယွန်က "မင်းသေချာရဲ့လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဝူရှမ်ကို လွှတ်ပေးဖို့ ငြင်းခဲ့တာ သေချာလား"

အဘိုးအိုလီယွန်၏ မျက်နှာပေါ်တွင် အပြုံးအနည်းငယ် ပေါ်လာပြီး "ငါ သေချာပါတယ်"

ယန်ယဲ့က အဘိုးအိုလီယွန်ကို ခဏကြာစိုက်ကြည့်နေပြီး "ကောင်းပြီ၊ ဒီလိုဆို တိုက်ခိုက်အောင်"

သူပြောပြီးသည်နှင့်
ကောင်းကင်ယံအထက်ကနေ စူးရှသော
ခေါအူသံ ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့၏
ခန္ဓာကိုယ်ကနေ
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ခေါစိတ်ဆန္ဒများ ထွက်ပေါ်လာပြီး
ကောင်းကင်ယံအထက်၌

ခားအူသံပေါင်းများစွာ အဆက်မပြတ်
ပဲ့တင်ထပ်လာသည်။

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ခားစိတ်ဆန္ဒက ကောင်းကင်နှင့် မြေကြီးကို
ဖျက်ဆီးတော့မည့်အလား တဝုန်းဝုန်း
လှုပ်ခါသွားကာ
အာကာသဟင်းလင်းပြင်သည်ပင်
ပြိုကျလုနီးနီး ဖြစ်နေပုံရသည်။
သို့သော် နတ်ဆိုးသားရဲအားလုံးသည်
၎င်းတို့၏ မျက်နှာပေါ်တွင်

လျှောင်ပြောင်လိုသောအမူအရာများသာ ရှိနေကြသည်။

"သိုင်းသူတော်စင်တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ စိန်ခေါ်နေတာလား၊ ဒီလူသားက ခေါင်းထဲမှာ တစ်ခုခုမှားနေပြီလား"

ယန်ယဲ့၏ စကားကို ကြားသောအခါ အဘိုးအိုလီယွန် ပင် အနည်းငယ် အံ့အားသင့်သွားသည်။

ပြောရမည်ဆိုလျှင် ယန်ယဲ့သည် သူ့ကို ထိပ်တိုက်တိုက်ခိုက်ဖို့ ပြောလာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ယန်ယဲ့သည် သာမန်သူတော်စင်တစ်ပိုင်းအဆင့်မဟုတ် သော်လည်း သူက သိုင်းသူတော်စင်တစ်ဦး မဟုတ်ပါလား။ "ဒီယန်ယဲ့က သေလမ်းရှာနေတာလား"

၁၂၀၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၅ - သိုင်းသူတော်စင် နှင့် တိုက်ခိုက်ခြင်း

အဘိုးအိုလီယွန်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "မိုက်မဲပြီး အသိဉာဏ်မရှိလိုက်တာ၊ လူမိုက်ပဲ"

ယန်ယွဲ့၏ သဘာဝစွမ်းရည်က မဆိုးလှပေ၊ သူ့အတွက် အနာဂတ်တွင်

သိုင်းသူတော်စင်အဆင့်ကို တက်လှမ်းဖို့က မဖြစ်နိုင်စရာမရှိပေ။

သို့သော်လည်း လက်ရှိ ယန်ယွဲ့က သူ့ရှေ့တွင် ပုရွက်ဆိတ်တစ်ကောင်သာ ဖြစ်သည်။

"ယန်ယွဲ့၊ မင်းက စီနီယာလီကို စိန်ခေါ် ဖို့ ထိုက်တန်သလား" ထိုအချိန်တွင် စုန့်ယွမ်က ယန်ယွဲ့ ထံသို့ လျှောက်လာပြီး "မင်းကိုယ်မင်း အစ်ကိုချန်းရှောင်လို့ ထင်နေသလား"

ယန်ယဲ့က စုန့်ယွမ်ကို တစ်ချက်ငေ့ကြည့်လိုက်ပြီး “အရှုံးသမားကများ၊ မင်းအားနည်းရင် ပါးစပ်ပိတ်ထားလိုက်။ အဆင်ပြေလား"

စုန့်ယွမ်က မျက်နှာပျက်သွားပြီး "ယန်ယဲ့၊ မင်းက ငါ့ကို အနိုင်ယူနိုင်မယ်လို့ မင်းတကယ်ထင်နေတာလား"

ယန်ယဲ့က "ငါတို့ ထပ်တိုက်ခိုက်မှာလား"

စုန့်ယွမ်က
ပြင်းပြင်းထန်ထန်ပြောလိုက်သည် "လာခဲ့"

ယန်ယဲ့သည် အဘိုးအိုလီယွန်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းယမ်းလိုက်သည်။ "မေ့လိုက်ပါ ။ မင်းက ငါ့ကို မယှဉ်နိုင်တဲ့အခါကျရင် အဲဒီလူအိုကြီးက မင်းကိုလက်ငှားလိမ့်မယ်။ ဒီလိုအခြေအနေမျိုးမှာ မင်းက

ယုံကြည်လို့မရနိုင်တဲ့အနေအထားမှာ
ရှိနေတယ်။ အဲဒါက ငါ့အတွက်
အချိန်ဖြုန်းသလိုပဲ"

"အဲဒါ မလိုဘူး" အဘိုးအိုလီယွန်က
ဆက်ပြောလိုက်သည်။
"ဂျူနီယာမျိုးဆက်တွေကြားက တိုက်ပွဲမှာ
ဝင်စွက်ဖက်ဖို့ ငါ့ကိုယ်ငါ
အထင်သေးမခံနိုင်ဘူး။ မင်းနဲ့မယှဉ်နိုင်လို့
သေသွားရင် သူ့အရည်အချင်းမရှိလို့ပဲ
အပြစ်တင်လို့ရတယ်”

“ကောင်းပြီလေ” ယန်ယဲ့က
ခေါင်းညိတ်ပြပြီးနောက်
သူ့လက်ကိုဝှေ့ယမ်းကာ
ရှေးဟောင်းဓားအိမ်ကိုထုတ်ယူပြီး
ကောင်းကင်အထက်သို့ ဖြည်းညှင်းစွာ
တက်လာခဲ့သည်။

သူ့ခန္ဓာကိုယ်တစ်ဝိုက်၌
ပြင်းထန်သောဓားစိတ်ဆန္ဒဖိအားများ
ချက်ချင်းပေါ်လာပြီး သူ့အနီးအနားရှိ
အာကာသဟင်းလင်းပြင်ကို

ဖိနှိပ်ထားသည်။ ထို့နောက်
အရောင်တဖျပ်ဖျပ်လက်လာပြီး
ယန်ယွဲ့၏လက်ထဲ၌
ဓားစိတ်ဆန္ဒဓားတစ်ချောင်းပေါ်လာသည်။

ဒီမြင်ကွင်းကိုမြင်သောအခါ
စုန့်ယွမ်၏အမူအရာသည် တဖြည်းဖြည်း
လေးနက်လာပြီး သူ့လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏မျက်နှာနှင့် လည်ပင်းတွင် ကျောက်သားများ ဖြစ်ပေါ်လာသည်။

"ခန္ဓာကိုယ်ကို ကျောက်သားအသွင်ပြောင်းလဲခြင်း" အဘိုးအိုလီယွန်၏ မျက်လုံးထဲ၌လည်း အံ့အားသင့်မှုတစ်ခု ထွက်ပေါ်လာပြီး "သူ ဒီလောက် ယုံကြည်မှုရှိနေတာ မဆန်းပါဘူး။ ဒါကြောင့် သူက သံမိဏမျောက်ဝံကလန်ရဲ့ "ကျောက်သားအသွင်ပြောင်းလဲခြင်း"ကို

နားလည်သွားပြီကိုး။ အခုတော့ သူ့ခန္ဓာကိုယ်က အနိုင်ယူလို့မရနိုင်တဲ့ အခြေအနေမှာ ရှိနေတာနဲ့ ညီမျှတယ်”

"မူလခန္ဓာကျောက်သားအသွင်ပြောင်းလဲခြင်း" နည်းစနစ်က သံမိဏိမျောက်ဝံကလန်၏ မွေးရာပါ စွမ်းရည်တစ်ခုဖြစ်သည်။ ထိုစွမ်းရည်ကို အပြည့်အဝနားလည်ပါက ၎င်းတို့၏အကာအကွယ်ကို မူလထက် အဆပေါင်းများစွာ မြှင့်တင်ပေးသည်။

သို့သော် ၎င်းသည်

စစ်မှန်သောနည်းစနစ်မဟုတ်ပေ၊အချို့သော

နည်းစနစ်များအတွက် ခုခံနိုင်သည့်

စွမ်းရည်တစ်ခုသာဖြစ်သည်။

စုန့်ယွမ်၏ မူလရုပ်ခန္ဓာအကာအကွယ်နှင့်

ကျောက်သားအသွင်ပြောင်းလဲခြင်း

နည်းနစ်က နတ်ဘုရားအဆင့်

အကာအကွယ်ရတနာတစ်ခုနှင့်ပင်

ယှဉ်နိုင်သည်ဟု ဆိုနိုင်သည်။ ထို့အပြင်

သူ၏မူလခန္ဓာကိုယ်တစ်ခုတည်းကပင်

သူတော်စင်နည်းစနစ် အားလုံးကို
လက်တွေ့ကျကျ ခုခံနိုင်စွမ်းရှိသည်။

သို့သော်လည်း ခြွင်းချက်တော့ရှိပေသည်။
"ကျောက်သားအသွင်သဏ္ဍာန်ပြောင်း"နည်း
စနစ်ကို အကန့်အသတ်မရှိ
အသုံးပြုလို့မရပေ။ စုန့်ယွမ်၏
လက်ရှိခွန်အားဖြင့် တစ်နှစ်လျှင်
တစ်ကြိမ်သာ အသက်သွင်းနိုင်သည်။
ထို့ကြောင့် သူက ၎င်းကို အသုံးမပြုခင်
အတော်လေး စဉ်းစားနေခဲ့ခြင်းဖြစ်သည်။

အဘိုးအိုလီယွန်၏ အကြည့်များသည်
ယန်ယဲ့ အပေါ်သို့ ကျဆင်းသွားသည်။
ဒီအချိန်မှာ ယန်ယဲ့၏ အောက်ရာက
ပိုမိုအားကောင်းလာပြီး
အားကောင်းသထက်ကောင်းလာပါသည်။
ယန်ယဲ့၏ ပတ်ပတ်လည်တွင်
ဓားစိတ်ဆန္ဒသာမကဘဲ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပါ
လှည့်ပတ်နေလေသည်။
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် စိတ်ဆန္ဒ

နှစ်ခုကနေ ထွက်ပေါ်လာသော
ဖိအားကြောင့် အောက်မြေပြင်သည်ပင်
တစ်လက်မချင်းစီ
ကွဲအက်လာခဲ့တော့သည်။

"ယန်ယွဲ့၊ မင်းရဲ့ ရုပ်ခန္ဓာခွန်အားနဲ့
အကာအကွယ်က
အရမ်းကြောက်ဖို့ကောင်းမှန်း ငါသိတယ်။
ဒီနေ့တော့ တကယ်ကြောက်စရာကောင်းတဲ့
ရုပ်ခန္ဓာခွန်အားနဲ့ အကာအကွယ်က
ဘာလဲဆိုတာ မင်းကို

နားလည်ခွင့်ပြုလိုက်မယ်။ လာ!
မင်းငါ့ကိုတိုက်ခိုက်လိုက်စမ်း" စုန့်ယွမ်က
မျက်လုံးထဲ၌ ရှုးသွပ်မှုများအပြည့်နှင့်
ယန်ယဲ့ကို ပြင်းထန်စွာ စိုက်ကြည့်နေသည်။

စုန့်ယွမ်၏ စကားကြောင့် အဘိုးအိုလီယွန်
ပင် အနည်းငယ်
မျက်မှောင်ကြုတ်သွားသည်။ စုန့်ယွမ်က
သူ့ပြိုင်ဖက်အား
အထင်အမြင်သေးနေသည်ကို သူ့စိတ်ထဲ
သိပ်ပြီး သဘောမကျလှပေ။

သူ၏အတွေ့အကြုံအရ အများစုဟာ သူတို့၏ ပြိုင်ဖက်များကို လျှော့တွက်၍ သေဆုံးခဲ့ကြောင်း အကြိမ်ကြိမ်မြင်တွေ့ခဲ့ရသည်။ ယခုလည်း စုန့်ယွမ်က ယန်ယဲ့အား အထင်အမြင်သေးနေကြောင်းမြင်လိုက်ရာ စုန့်ယွမ်အပေါ် သူ့အမြင်က အတော်လေး အားလျော့သွားခဲ့သည်။

သို့သော် စုန့်ယွမ်က အဘယ်ကြောင့် ထိုသို့ပြုမူသည်ကို သူနားလည်ခဲ့သည်။

စုန့်ယွမ်က ယန်ယဲ့ကို နှစ်ကြိမ်
ဆက်တိုက်ရှုံးနိမ့်ခဲ့သောကြောင့်
မကျေမနပ်ဖြစ်ကာ သူ၏ဂုဏ်သတင်းကို
ပြန်ရယူဖို့ ရည်ရွယ်နေခြင်းပင်။

ယန်ယဲ့သည် အောက်မြေပြင်ပေါ်တွင်
ရပ်နေသော စုန့်ယွမ်ကို ငုံ့ကြည့်ကာ
"စုန့်ယွမ်၊ တကယ်ပဲ မင်းက
ငါ့ကိုအရင်ဆုံးတိုက်ခိုက်ခွင့်ပေးနေတာလား
။ ငါ့ရဲ့ ဒီတိုက်ခိုက်မှုဟာ တစ်ချိန်က
ကောင်းကင်ဘုံကို ဖြိုခွဲခဲ့တယ်ဆိုတာ

သတိပေးပါရစေ။ မင်း အဲ့ဒါကြောင့်ပဲသေနိုင်တယ်။ ဒါကြောင့် ငါ မင်းကို သတိပေးရမယ်။မဟုတ်ရင် ငါမထိုက်တန်တဲ့ အောင်ပွဲတစ်ခု ရခဲ့ရင် ကိုယ့်ကိုယ်ကို သက်တောင့်သက်သာ အနားယူနိုင်မှာ မဟုတ်ဘူး”

အတိုးအိုလီယွန်သည် ယန်ယဲ့ပြောလိုက်သည့်စကားကို ကြားသောအခါ သူ့မျက်နှာတွင် လျှောင်ပြောင်လိုဟန်များ ပေါ်လာပြီး

ယန်ယဲ့ကို အနည်းငယ်
စိုက်ကြည့်လိုက်သည်။
အကယ်၍ သူသာ
ယန်ယဲ့နေရာတွင်ရှိနေပါက အချိန်မဖြုန်းဘဲ
စုန့်ယွမ်ကို ချက်ချင်း တိုက်ခိုက်ပါလိမ့်မည် ။
သို့သော်လည်း ယန်ယဲ့သည် အခွင့်အရေးကို
ဖမ်းမဆုပ်ဘဲ
တမင်သက်သက်အချိန်ဖြုန်းနေ၏။
သူ့အမြင်အရတော့ ယန်ယဲ့ဟာ
အတော်လေးမိုက်မဲသည်ဟူ၍ပင်။

"ကောင်းကင်ဘုံကိုတောင်ခွဲထုတ်နိုင်တာလား" စုန့်ယွမ်က ချက်ချင်းဆိုသလို ရယ်မောလိုက်၏။ သူ့အသံမှာ လှောင်ပြောင်ခြင်းများဖြင့် ပြည့်နှက်နေသည်။

ကောင်းကင်ဘုံက မည်မျှအင်အားကြီးသနည်း။

ယန်ယဲ့ကို မပြောနှင့် သိုင်းသူတော်စင်တစ်ဦးပင်လျှင်မလုပ်နိုင်ပေ။ သို့သော်လည်း ယန်ယဲ့သည် ကောင်းကင်ဘုံကို ခုတ်ပိုင်းခဲ့သည်ဟု

ပြောနေ၏။ ထိုစကားက
စုန့်ယွမ်အတွက်တော့
ဟာသတစ်ခုသာဖြစ်သည်။

စုန့်ယွမ်က ခဏလောက် ရယ်မောလိုက်ပြီး
"လာ! ယန်ယဲ့၊ မင်းရဲ့တိုက်ခိုက်မှုက
ကောင်းကင်ဘုံကို ဖြိုခွဲဖို့ ဘယ်လောက်
အစွမ်းထက်တယ်ဆိုတာ ကြည့်ရအောင်။
ငါတကယ် သိချင်နေတယ်"

အဘိုးအိုလီယွန်က မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူက လူငယ်မျိုးဆက်သစ်များကြား တိုက်ပွဲကို လုံးဝစိတ်မဝင်စားပေ။

အစောပိုင်းက

အနည်းငယ်စိတ်ဝင်စားမိသော်လည်း ယန်ယဲ့နှင့် စုန့်ယွမ်တို့၏ လူမိုက်ကဲ့သို့လုပ်ရပ်များကို မြင်ပြီး လုံးဝ ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး "မင်းဆန္ဒအတိုင်း"

သူပြောပြီးသည်နှင့်
ကောင်းကင်အထက်ကနေကျယ်လောင်
သော ဓားအူသံကြီး ပဲ့တင်ထပ်ကာ
စူးရှတောက်ပသော ဓားစွမ်းအင်တစ်ခုက
လေထဲသို့ လွင့်ပျံလာသည်။

ဓားစွမ်းအင်အလင်းတန်းက ကောင်းကင်နှင့်
အာကာသဟင်းလင်းပြင်ကို
ဆုတ်ဖြဲသွားကာ

အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
မြင်ကွင်းတစ်ခု ဖြစ်ခဲ့သည်။

ယန်ယဲ့ ဓားဆွဲထုတ်လိုက်သည်နှင့်
တပြိုင်နက် စုန့်ယွမ်၏ မျက်နှာက
လေးနက်တည်ကြည်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော်
ဓားစွမ်းအင်အလင်းတန်းက ဓားစွမ်းအင်
၄၀ ကို ထပ်ပေါင်းထားသော ဓားစွမ်းအင်
ဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် စုန့်ယွမ်က ပေါ့ပေါ့ဆဆ ပြုမူခြင်း မရှိတော့ပေ။ သို့သော် သူက ယန်ယဲ့ကို အပြင်းအထန်တိုက်ခိုက်ဖို့ ရည်ရွယ်ထားသည့် တစ်ချိန်တည်းမှာပင် လုံးဝကို အံ့အားသင့်သွားခဲ့သည်။

စုန့်ယွမ် သာမဟုတ်၊ အခြားသော နတ်ဆိုးသားရဲများ အားလုံးလည်း အံ့သြသွားကြသည်။

ယန်ယဲ့၏ တိုက်ခိုက်မှုသည်
စုန့်ယွမ်ကိုမဟုတ်ဘဲ အဘိုးအိုလီယွန် ဆီသို့
ပစ်လွှတ်လိုက်ခြင်းပင်။

တစ်နည်းဆိုရသော် ယန်ယဲ့၏ပစ်မှတ်က
အဘိုးအိုလီယွန် သာ ဖြစ်သည်။

ဒီအခိုက်အတန့်တွင်
သူမည်မျှမိုက်မဲနေပါစေ စုန့်ယွမ်က
ယန်ယဲ့၏စစ်မှန်သောရည်ရွယ်ချက်ကို
သဘောပေါက်လိုက်သည်။ ယန်ယဲ့၏

အထင်အမြင်သေးခံရမှုကြောင့်
ဒေါသထွက်နေသော်လည်း သူ့မျက်နှာက
လျှောင်ပြောင်လိုသော အပြုံးတစ်ခု
ရှိနေသည်။

ထိုယန်ယဲ့က သူ့ကိုယ်သူ ယုံကြည်မှု
လွန်လဲနေသည်မဟုတ်ပါလား။
"ဒီကောင်က သေလမ်းပဲရှာနေတာလား"

အဘိုးအိုလီယွန် လည်း အနည်းငယ်
ထိတ်လန့်သွားသည်။ ယန်ယဲ့က သူ့ကို

ဦးတည်တိုက်ခိုက်ဖို့ မမျှော်လင့်ထားခဲ့ပေ။
သူ သတိဝင်လာချိန်မှာပဲ
ဓားစွမ်းအင်အလင်းတန်းက
အဘိုးအိုလီယွန်၏ ရှေ့သို့ ရောက်နေပါပြီ။
သို့သော်လည်း အဘိုးအိုလီယွန်က
အေးစက်စက် ရယ်မောလိုက်ပြီး “မင်းက
တကယ်ကို သေချင်နေတာပဲ"
စကားပြောပြီးသည်နှင့် သူ့ညာဖက်လက်ကို
ဝှေ့ယမ်းလိုက်သည်။
ခရမ်းရောင်အလင်းတန်းတစ်ခုသည် ရှေ့သို့
တောက်ပလာပြီး ယန်ယဲ့၏

ဓားစွမ်းအင်အလင်းတန်းနှင့်
တိုက်မိသွားသည်။

အုန်း!

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အဘိုးအိုလီယွန်၏ အမူအရာက
အနည်းငယ် ပြောင်းလဲသွားပါသည်။
အကြောင်းမှာ သူ၏တိုက်ခိုက်မှုက
ယန်ယဲ့၏ ဓားစွမ်းအင်ကြောင့်

အပိုင်းပိုင်းကွဲထွက်သွားသည်ကို
မြင်လိုက်ရလို့ပါ။
ထို့အပြင် ဓားစွမ်းအင်က
သူ့ရှေ့ရောက်လာသည်နှင့်အမျှ
လျှပ်စီးတန်းတစ်ခုအလားပင်၊
လုံးဝနွေးကွေးသွားခြင်းမရှိပေ။

အဘိုးအိုလီယွန်၏ မျက်လုံးများက
ကျဉ်းမြောင်းသွားပြီး ပြင်းထန်စွာ
သတ်ဖြတ်လိုသော စိတ်ဆန္ဒများ
ပေါ်လာခဲ့သည်။ သို့သော် တုံ့ဆိုင်းမနေဘဲ

ချက်ချင်းသူညာလက်ကို မြှောက်၍
ဓားစွမ်းအင်ကို ရှေ့သို့ ရိုက်ချလိုက်သည်။

ဘမ်း!

ဒီတစ်ခါတော့ ယန်ယွဲ့၏
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၄၀
ထပ်က အလွယ်တကူ ကွဲထွက်သွားသည်။
သို့သော်လည်း အဘိုးအိုလီယွန်က
နောက်သို့ ခြေလှမ်း ၃လှမ်းအထိပင်
ပြန်ဆုတ်လိုက်ရသည်။

၁၂၀၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၆ - သိုင်းသူတော်စင်၏

လက်တစ်ဖက်ကိုဖြတ်တောက်ခြင်း

အဘိုးအိုလီယွန်က သူ့ကိုယ်သူ

တည်ငြိမ်အောင်ထိန်းလိုက်ရင်း

မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သော အမူအရာ ပေါ်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့် သာရှိသော ပုရွက်ဆိတ်တစ်ကောင်က သူ့ကို ခြေ ၃ လှမ်းလောက် ဆုတ်အောင် တွန်းထုတ်နိုင်မည်ဟု သူ့စိတ်ထဲလည်း မထင်ထားခဲ့ပေ။ ဒီအခြေအနေက သူလို ဂုဏ်သတင်းကြီးသော သိုင်းသူတော်စင်တစ်ယောက်အတွက် လုံးဝကို အရှက်ခွဲစော်ကားမှုပင်။

ထို့နောက် အဘိုးအိုလီယွန်က ယန်ယဲ့ ရှိနေသည့်နေရာသို့ လှမ်းကြည့်လိုက်ရာ အတော်လေးအံ့အားသင့်သွားရတော့သည်။ အကြောင်းမှာ ယန်ယဲ့သည် ယုဝူရှွမ်ကို သယ်ထားရင်း ၃ ကီလိုမီတာအကွာသို့ ရောက်နေသောကြောင့်ပါ။

ဒီအချိန်မှာ အဘိုးအိုလီယွန်လည်း ယန်ယဲ့၏ ရည်ရွယ်ချက်ကို
နားလည်သွားပါတော့သည်။

အဘိုးအိုလီယွန် သာမကပေ၊ အနီးအနားမှ
နတ်ဆိုးသားရဲများပါ
သဘောပေါက်သွားကြသည်။

ယန်ယဲ့၏ ပစ်မှတ်သည် စုန့်ယွမ်
မဟုတ်သလို၊ အဘိုးအိုလီယွန်လည်း
မဟုတ်ပေ။ သူက ယုဝူရှမ်ကို ကယ်တင်ဖို့
တမင်လှည့်စားလိုက်ခြင်းသာ။

ဒီအခိုက်အတန့်တွင် အားလုံး
လှုလှုပပကြီးကို လှည့်စားခံလိုက်ရလေပြီ။

အဘိုးအိုလီယွန်က

ဒေါသအကြီးအကျယ်ထွက်သွားလေသည်။

အမှန်တကယ်ပင် သူလို

သိုင်းသူတော်စင်တစ်ယောက်က

ကနဦးသူတော်စင်တစ်ပိုင်းအဆင့်၏

လှည့်စားခြင်းကို ခံခဲ့ရသည်။

ဒီအဖြစ်အပျက်ဟာ

သူ့ဘဝတစ်လျှောက်လုံး

အရိပ်မဲကြီးတစ်ခုလို

နောက်ကနေလိုက်ပါနေမည့်

ထူးထူးခြားခြား အရှက်ကွဲမှုတစ်ခု
ဖြစ်သည်။

"သေစမ်း" အဘိုးအိုလီယွန်က
ဒေါသတကြီးအော်ဟစ်၍ သူ၏
ညာလက်သီးကို ယန်ယွဲ့ ဆီသို့
ထိုးချလိုက်လေသည်။

ဒီအချိန်မှာ ၃ ကီလိုမီတာအကွာတွင်
ရောက်နေသော ယန်ယွဲ့လည်း ယုဝူရှမ်ကို

တင်းကျပ်စွာဖက်ထားလိုက်ပြီး နောက်ထပ်
၅ ကီလိုမီတာအကွာသို့ ခုန်ထွက်သွားသည်။

ယန်ယဲ့သည် ထွက်ပြေးနေရင်းဖြင့်
ဓားထိန်းချုပ်ခြင်းအနုပညာနှင့်
အမြန်နှုန်းဥပဒေသတို့ကို
အမြင့်ဆုံးထိထုတ်ဖော်လိုက်သည်။

အဘိုးအိုလီယွန် ရှေ့ကနေ
ထွက်ပြေးနိုင်သရွေ့တော့ ဓားနယ်မြေကို
သုံးပြီး သူ၏အရှိန်အဝါကို
ဖုံးကွယ်ထားနိုင်ပေသည်။ ထိုအချိန်တွင်

သူတို့နှစ်ယောက်လုံး ဒီကပ်ဘေးကနေ
သေချာပေါက် လွတ်မြောက်နိုင်ပါမည်။

သူ၏အကြံအစည်က
ကောင်းမွန်သော်လည်း လက်တွေ့ကတော့
ရက်စက်လှသည်။

ယန်ယဲ့သည် ထွက်ပြေးနေရင်းဖြင့်
ရုတ်တရက်ဆိုသလိုပင်
သူ့ခန္ဓာကိုယ်တစ်ခုလုံး
အပြင်းအထန်တုန်လှုပ်သွားကာ

ကြောက်စရာကောင်းသော
အန္တရာယ်အငွေ့အသက်ကို
ရလိုက်လေသည်။

သူက တံ့ဆိုင်းမနေဘဲ ချက်ချင်းပင်
အစိမ်းရောင်ကုဗတုံးကို ထုတ်ကာ
အသက်သွင်းလိုက်လေတော့ သည်။

ဘမ်း...

အစိမ်းရောင်ကုဗတုံးက အသက်ဝင်လာပြီး
သူတို့ကို ဖုံးအုပ်ထားသော်လည်း

အတားအဆီးများအပြင်ဖက်မှ

ပြင်းထန်သော စွမ်းအားတစ်ခု

ရိုက်ခတ်လာသည်ကို ခံစားမိလိုက်၏။

ယန်ယဲ့က အဆင်ပြေနေသော်လည်း

ယုဝ္ဂူရှမ်၏ ခန္ဓာကိုယ်လေးဟာ

တုန်ခါသွားပြီး ပါးစပ်ထဲကနေ သွေးများ

အန်ထွက်လာခဲ့သည်။ ကံကောင်းစွာပဲ

ယန်ယဲ့က ဖိအားအများစုကို တောင့်ခံ

ပေးထားသဖြင့် ယုဝ္ဂူရှမ် အနေဖြင့်

ကိုယ်တွင်းအင်္ဂါများ သိပ်ပြီးမပျက်စီးခဲ့ပေ။

ထိုသို့မဟုတ်လျှင် အားလှိုင်းရိုက်ခတ်မှုဖြင့် ဒုက္ခိတ ဖြစ်သွားပေလိမ့်မည်။

၅ ကီလိုမီတာလောက် ဝေးသော်လည်း အဘိုးအိုလီယွန်၏ လက်သီးတစ်ချက်က သူတို့နှစ်ယောက်လုံးကို အပြင်းအထန် ဒဏ်ရာရစေခဲ့သည်။ တစ်ချိန်တည်းမှာပင် တန်ပြန်အားလှိုင်းကြောင့် နှစ်ယောက်လုံး အရှေ့ဖက် ၁၀ ကီလိုမီတာအကွာရှိ တောအုပ်ကြီးထဲသို့ ချက်ချင်း ထိုးကျသွားခဲ့သည်။

"ပြေးနိုင်မယ်ထင်လား" အဘိုးအိုလီယွန်၏
အသံက ထပ်မံ ထွက်ပေါ်လာပြီးနောက်
ကောင်းကင်ယံအထက်မှ
ရောမလက်ဝါးကြီးတစ်ဖက် ကျဆင်းလာပြီး
ယန်ယဲ့ နှင့် ယုဝူရှမ် တို့
ပြုတ်ကျသွားသည့်နေရာကို
ဖိချလိုက်သည်။

ဘမ်း!

ရောမလက်ဝါးကြီးက တောအုပ်နှင့် ၃ ကီလိုမီတာအကွာတွင်းရှိ အရာအားလုံးကို ချက်ချင်း ဝါးမျိုသွားသည် ။

ထို့နောက်တွင် ယန်ယဲ့ နှင့် ယုဝူရှမ် တို့နှစ်ယောက်လုံး အဘိုးအိုလီယွန်၏ အမြင်ထဲတွင် ပေါ်လာခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့သည် ယုဝူရှမ်ကို တင်းကျပ်စွာဆုပ်ကိုင်ထားပြီး အစိမ်းရောင်ကုဗတုံးကြီးက သူတို့ကို ဖုံးအုပ်ထားသည်။

အစိမ်းရောင်ကုဗတုံးက အဘိုးအိုလီယွန်၏
လက်ဝါးကို တားဆီးခဲ့သော်လည်း ယန်ယဲ့
အတွက် မလွယ်ကူခဲ့ပေ။ သူ့ပါးစပ်ထောင့်မှ
သွေးများ စီးကျနေပြီး သူ့မျက်နှာကလည်း
လုံးဝကို ဖြူဖျော့နေ၏။ သူ့လက်ထဲမှ
ယုဝူရှမ်ကတော့
အခြေအနေကောင်းနေသေးသည်။
ယန်ယဲ့က အဘိုးအိုလီယွန်၏
တိုက်ခိုက်မှုကနေ ရိုက်ခတ်လာသော

တန်ပြန်အား ၉၉ ရာခိုင်နှုန်းနီးပါးကို ကာထားလိုက်သောကြောင့်ပါ။

ယုဝူရှမ်က ယန်ယဲ့ကို စိုက်ကြည့်ပြီး "ငါ့ကို ချထားလိုက်ပြီး ပြေးပါတော့"

ဖပ်!

လက်တစ်ဖက်က ယုဝူရှမ်၏တင်ပါးကို ရိုက်ချလိုက်သည်။ ယန်ယဲ့က
“ပါးစပ်ပိတ်ထား! အခုကစပြီး

ငါ့နောက်မှာပဲနေ" ဆန်းကြွယ်ရွှေချိုကန်က
ပိတ်နေသည်ဖြစ်ရာ မည်သူကိုမျှ
ထားချ၍မရပေ။

ရှေးဟောင်းဓားအိမ်ကလည်း ဓားဝိညာဉ်
အိပ်စက်နေသောကြောင့် သူမကို
အထဲထည့်မထားရဲပေ။ ထို့ကြောင့်
ရွေးချယ်စရာမရှိဘဲ ယုဝူရွှမ်ကို
သူ့ကျောပေါ်တင်လိုက်တော့သည်။

ယန်ယဲ့သည် ယုဝူရွှမ်ကို
ကျောပိုးပြီးသည်နှင့်

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ အဝေးဆီသို့ တဟုန်ထိုး ပြေးထွက်သွားခဲ့သည်။ အဘိုးအိုလီယွန်က သူတို့ရှိနေသောနေရာ၌ ပေါ်လာပြီး ယန်ယဲ့ထွက်ပြေးသွားသည်ကို လှောင်ပြောင်လိုက်၏။

"မင်း ငါ့ရှေ့မှာ ထွက်ပြေးဖို့ ကြိုးစားနေတာလား။ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ" အဘိုးအိုလီယွန်က

အေးစက်စွာ ရယ်မောလိုက်ပြီး
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ခဏအကြာတွင် အဘိုးအိုလီယွန်သည်
ယန်ယဲ့ရှေ့တွင် ပေါ်လာခဲ့သည်။

သို့သော်လည်း ဒီတစ်ကြိမ်တွင် ယန်ယဲ့သည်
ထွက်ပြေးရန် မကြိုးစားခဲ့ပေ။ ယန်ယဲ့သည်
နေရာတွင် ရပ်နေပြီး
သူ့မျက်လုံးများကိုမှိတ်ထားကာ
ဓားစိတ်ဆန္ဒဓားတစ်ချောင်းနှင့်

သူ၏နဖူးအလယ်ဗဟိုသို့ ဖိကပ်လိုက်သည်။
ထိုအချိန်တွင် ယုဝူရှမ်က သူ့အနောက်မှ
မြေပြင်ပေါ်တွင်
အားနည်းစွာထိုင်နေခဲ့သည်။

အဘိုးအိုလီယွန်က  လှောင်ပြောင်ပြီး
“ဘာလဲ၊ မင်း ဆက်မပြေးဘူးလား"

ယန်ယဲ့က ရုတ်တရက်
မျက်လုံးဖွင့်လိုက်သည်။

ယန်ယဲ့၏ မျက်လုံးပွင့်လာချိန်တွင်
အဘိုးအိုလီယွန်၏အမူအရာသည်
သိသိသာသာပြောင်းလဲသွားသည်။

ယန်ယဲ့က သူ့မျက်လုံးဖွင့်လိုက်သည့်အခိုက်
အဘိုးအိုလီယွန်ဟာ ကျောရိုးတစ်လျှောက်
အေးစိမ့်စိမ့်ခံစားလိုက်ရသည်။

တစ်ချိန်တည်းတွင် သူ့နှလုံးသားထဲ၌
အချက်ပေးသံများ မြည်ဟီးလာပါသည်။

"အန္တရာယ်...."

အဘိုးအိုလီယွန်က မမြင်နိုင်သော
အန္တရာယ်အငွေ့အသက်ကို ချက်ချင်း
ခံစားမိလိုက်၏။

ရှင်းနေသည်မှာ ထိုအန္တရာယ်ကို ယန်ယဲ့ထံမှ
ခံစားရခြင်း ဖြစ်သည်။
အဘိုးအိုလီယွန်လည်း
အလွန်ထိတ်လန့်တုန်လှုပ်သွား၏။
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်
ပုရွက်ဆိတ်တစ်ကောင်က
မည်သည့်ကြောင့်

အန္တရာယ်အငွေ့အသက်ပေးနေသည်ကို
သူပင် နားမလည်နိုင်ပါ။ သို့သော် သူ့ရှေ့တွင်
ဓားတစ်ချောင်း ရုတ်ချည်းရောက်လာသဖြင့်
ဆက်တွေးနေဖို့မဖြစ်နိုင်တော့ပေ။

ဓားအရှိန်က လျှပ်စီးလက်သည့်အလားပင်၊
သို့မဟုတ် အလင်း၏အရှိန်ထက်ပင်
မြန်ဆန်နေခဲ့သည်။ ဒီအချိန်မှာ
အဘိုးအိုလီယွန်က မရှောင်နိုင်တော့ပါ။

ဓားအရှိန်က မြန်ဆန်နေသည့်အပြင်
ထွက်ပေါ်လာသော ဖိအားကလည်း သူ့ကို
ခြိမ်းခြောက်နေသည်ဟု
ခံစားလိုက်ရလေသည်။

မှန်သည်။ ဒီတစ်ကြိမ်တွင် ယန်ယဲ့က
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒဖြင့်
နတ်ဘုရားအဆင့်နည်းစနစ်ကို
ပေါင်းစပ်ထားခဲ့၏။

ဆူး!

သွေးများ ဖြန်းခနဲ
ပန်းထွက်လာပြီးနောက်တွင်
လက်မောင်းတစ်ဖက်က လေထဲကို
ပျံတက်သွားသည်။

အလင်းတန်းများ ပြန့်ကျဲသွားပြီး ယန်ယဲ့ နှင့်
ယုဝူရှမ် တို့နှစ်ယောက်လုံး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။
အဘိုးအိုလီယွန်တစ်ယောက်သာ
အံ့အားသင့်နေပြီး နေရာတွင်
ကျန်နေခဲ့သည်။

ဒီအချိန်မှာ အဘိုးအိုလီယွန်၏
ညာဖက်လက်က အရင်းကနေ
ပြတ်တောက်နေကာ
သူ့မျက်လုံးထဲ၌ပင်တုန်လှုပ်ခြောက်ခြားမှု
များ ရှိနေသည်။

“အထွတ်အမြတ်အဆင့် ဓားစိတ်ဆန္ဒ၊....
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ လား….”
သူ့မျက်စိနဲ့သာ မမြင်တွေ့လျှင်
ထင်းရှူးစီရင်စု၏ ဓားပညာရှင်တစ်ဦးက
အသက် ၂၀ အရွယ်ဖြင့်

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
နားလည်နိုင်လိမ့်မည်ဟု
ယုံကြည်မည်မဟုတ်ချေ။

နောက်ဆုံးတွင် ၎င်းသည် လောက၏
အချုပ်အနှောင်ကို ကျော်လွန်ခဲ့သော
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ
ဖြစ်သည်။

အဘိုးအိုလီယွန်က
အချိန်တော်တော်ကြာသည့်တိုင်

မျက်လုံးထဲ၌ ထိတ်လန့်တုန်လှုပ်မှုများဖြင့်
ပြည့်နှက်နေသေးသည်။

အချိန်အနည်းငယ်ကြာသွားပြီးနောက်
အသက်ပြင်းပြင်းရှူကာ သူ့အကြည့်များက
တဖြည်းဖြည်း အေးခဲလာပြီး
သူညာလက်လက်မောင်းကို
တစ်ချက်ကြည့်လိုက်သည်။

အစောပိုင်းက သူသည်
ယန်ယွဲ့၏တိုက်ခိုက်မှုကို
လုံးဝရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ဘဲ
တန်ပြန်တိုက်ခိုက်ဖို့ပင် မတတ်နိုင်ခဲ့ပေ။

သူက
အလွန်အံ့အားသင့်နေခဲ့သောကြောင့်ပါ။
အကယ်၍ သူသည် အစကတည်းကသာ
သတိထားနေပါက
ယန်ယဲ့၏တိုက်ခိုက်မှုဟာ သူ့လက်ကို
ဖြတ်တောက်ပစ်ဖို့ မဖြစ်နိုင်ပေ။
နောက်ဆုံးတော့ လက်ရှိ ယန်ယဲ့ဟာ
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်သာ
ဖြစ်၏။

သူ့လက်မောင်းကို စိုက်ကြည့်ရင်း
အဘိုးအိုလီယွန်၏ မျက်လုံးများတွင်
အေးစက်သော အမူအရာများအစား
လူသတ်ချင်စိတ်များ ကြီးမားလာသည်။

အဘိုးအိုလီယွန်က နေရာမှာတင်
ပျောက်ကွယ်သွားပြီး "သူ့ကို လုံးဝ
ရင့်ကျက်ဖို့ ခွင့်မပြုနိုင်ဘူး"

ဒီအခိုက်အတန့်တွင် ယန်ယဲ့အပေါ်
သူ၏အမြင်မှာ အနည်းငယ်

ပြောင်းလဲသွားပါပြီ။ အစပိုင်းတွင်
ယန်ယဲ့ဟာ သူ့အတွက် ထူးခြားသော
ပါရမီရှင်တစ်ယောက်သာ ဖြစ်သည်။
ယန်ယဲ့သည် ထူးချွန်ထက်မြက်သော
ပါရမီရှင်တစ်ဦးဖြစ်သော် ခြားလည်း
သူကဲ့သို့
သိုင်းသူတော်စင်တစ်ယောက်အတွက်
အလေးအနက်ထားဖို့ မလိုလောက်ပေ။
ယခုအချိန်တွင်မူ ယန်ယဲ့ကိုသာ
အပြည့်အဝကြီးထွားခွင့်ပြုလိုက်လျှင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမအတွက်

ကပ်ဘေးဖြစ်လာနိုင်ကြောင်း ခံစားမိခဲ့သည်

။

အစပိုင်းတွင် သူက ယန်ယဲ့၏

အငွေ့အသက်ကို အာရုံခံနိုင်သော်လည်း

ရုတ်တရက်ဆိုသလို

ယန်ယဲ့၏အငွေ့အသက်က

ထူးဆန်းစွာပျောက်ကွယ်သွားခဲ့သည်။

ဒီအခြေအနေက

လေထဲမှာပင်ပျောက်ကွယ်သွားသည့်အ

လား အဘိုးအိုလီယွန်လည်း

မျက်ခုံးကြောများ

တွန့်ကွေးလာခဲ့တော့သည်။

၁၂၀၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၇ - အသက်ရှင်လျက်ပြန်လာပါ

အဘိုးအိုလီယွန်က ခဏကြာအောင်

လေးလေးနက်နက် စဉ်းစားနေခဲ့သည်။

ထို့နောက်တွင် သူ၏ခန္ဓာကိုယ်ထဲကနေ သူတော်စင်စွမ်းအင်များ တဟုန်ထိုး ပေါက်ကွဲထွက်လာပြီး ကီလိုမီတာ (၅,၀၀၀) ဧရိယာကို ချက်ချင်း လွှမ်းခြုံသွားခဲ့သည်။

ထိုဧရိယာအတွင်း၌ သူက ပုရွက်ဆိတ်တစ်ကောင်ကိုပင် ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။ သို့သော်လည်း ယန်ယွဲ့ကိုတော့ မမြင်ခဲ့ပေ။ ဒီအခြေအနေက အဘိုးအိုလီယွန်ကို မျက်ခုံး များထပ်မံတွန့်ကွေးသွားစေသည်။ ယန်ယွဲ့၏ လက်ရှိအရှိန်က ကီလိုမီတာ

(၅,၀၀၀) အက္ခရာထိ လွှတ်မြောက်ဖို့ လုံးဝမဖြစ်နိုင်သောကြောင့်ပါ။

တစ်နည်းဆိုရသော် ယန်ယဲ့သည် ဒီဇရိယာအတွင်းမှာပဲ ရှိနေသည်မှာ သေချာ၏။ သို့သော်လည်း ယန်ယဲ့ အသုံးပြုထားသော နည်းလမ်းက သူ့ကို လုံးဝအာရုံမခံနိုင်ခဲ့ပေ။

အဘိုးအိုလီယွန်က ခဏကြာ တွေးတောရင်း
“မင်းဘယ်အချိန်ထိ
ဖုံးကွယ်ထားနိုင်မလဲဆိုတာ ကြည့်ရအောင်”

ထို့နောက် သူ၏ ဝိညာဉ်စွမ်းအင်များ
ထပ်မံထုတ်လွှတ်ကာ ကီလိုမီတာ
(၅,၀၀၀)အကွာ ရေိယာကို
ဖုံးအုပ်ထားရုံမက
ကောင်းကင်ယံအထက်ကိုပါ
လွှမ်းခြုံလိုက်သည်။

ဒီအချိန်မှာ သူက မြက်ခင်းပြင်အပေါ်
ဖြတ်တိုက်သွားသော လေနုအေး (သို့)
ရွေ့လျားမှုကိုပင် ချက်ချင်း သိရှိနိုင်ပေသည်။

သစ်တော၏အနက်ပိုင်းတစ်နေရာတွင်
ယန်ယဲ့သည် သစ်ပင်တစ်ပင်၏ အကိုင်းကို
တွဲလဲခိုထားပြီး သူ့လက်တစ်ဖက်က
ယုဝူရှမ်၏လက်နှစ်ဖက်ကို
ဆုပ်ကိုင်ထားသည်။

"နင်ငါ့ကိုခေါ်သွားဖို့ကြိုးစားရင် လွတ်မြောက်နိုင်မှာမဟုတ်ဘူး" ယုဝူရွမ်က မျက်လုံးထဲ၌ ရှုပ်ထွေးသော အမူအရာဖြင့် ယန်ယဲ့ကို စိုက်ကြည့်နေသည်။

အမှန်စင်စစ် သူမ အဖမ်းခံရပြီးနောက် ကိုယ့်ကိုယ်ကို သတ်သေဖို့ အဆင်သင့်ဖြစ်နေပါပြီ။

အဘယ်ကြောင့်ဆိုသော် ယခုမသေလျှင် အနာဂတ်၌ သေခြင်းထက် ပိုဆိုးသောအခြေအနေကို ရောက်သွားပါလိမ့်မည်။ သို့သော်လည်း

ယန်ယှဲသည် သူမအတွက် အမှန်တကယ်
ရောက်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။
ထို့အပြင် သူမအား ဖမ်းဆီးသွားသူက
သိုင်းသူတော်စင်တစ်ဦးဖြစ်ကြောင်း
သိနေသည့်တိုင် ထိုလူက
အရောက်လာခဲ့သေးသည်။

ဒီအချိန်မှာ ယုဝူရှမ်၏နှလုံးသားသည်
အလွန်ရှုပ်ထွေးသော ခံစားချက်များဖြင့်
ပြည့်နှက်နေသည်။

"မင်းကို ဒီနေရာကနေ ထားသွားခဲ့ရင်
လွတ်မြောက်နိုင်တယ်ဆိုတာ
ငါ့ကိုယ်ငါယုံကြည်တယ်" ယန်ယဲ့က
ပြောသည်။ သူ၏ခါးနယ်မြေကို
အသက်သွင်းထားသောကြောင့်
သူတို့စကားပြောနေသံများက
ပြင်ပကမ္ဘာသို့ မပျံ့လွင့်နိုင်ပေ။

ယုဝူရှမ်က "ဒါပေမဲ့
နင်အဲ့လိုလုပ်မှာမဟုတ်ဘူး၊
ဟုတ်တယ်မလား"

ယန်ယဲ့က သူ့လက်ကို ဆန့်တန်းပြီး
သူမ၏ခေါင်းလေးကို ပွတ်သပ်ရင်း
ပြုံးလိုက်သည်။ "ဒါကို မင်းသိပြီးရင် ဒီလို
မဟုတ်ကဟုတ်ကစကားတွေ မပြောနဲ့။
မင်းမှာ ဒါတွေအကုန်လုံးအတွက်
အချိန်ဖြုန်းနေတယ်ဆိုရင်
ငါတို့ဘယ်လိုလွတ်မြောက်ရမလဲဆိုတာ
မင်းဘာလို့မတွေးတာလဲ"

ဓားနယ်မြေက သူဆို့နှစ်ယောက်ကို

ဖုံးကွယ်ထားနိုင်သော်လည်း သူသည် ယခုမှ

ကနဦးသူတော်စင်တစ်ပိုင်းဆင့်

သာရှိသေး၏။ သို့သော် အဘိုးအိုလီယွန်က

ဒီအချိန်မှာ သူတော်စက်ဝိညာဉ်စွမ်းအင်ဖြင့်

ပတ်ဝန်းကျင်ကို စစ်ဆေးနေပြီဖြစ်ကြောင်း

သူ့စိတ်ထဲ သိနေခဲ့သည်။

သိုင်းသူတော်စင်တစ်ဦး ပိုင်ဆိုင်သော

ခွန်အားဖြင့်ဆိုလျှင် အဘိုးအိုလီယွန်၏

ဝိညာဉ်စွမ်းအင်က ကီလိုမီတာ (၅,၀၀၀)

ကျော် ရေိယာကို လွှမ်းကူစွာ

လွှမ်းခြုံနိုင်ပါလိမ့်မည်။ ထို့ကြောင့်

ယန်ယဲ့က လုံးဝ

မလှုပ်ရှားဝံ့တော့ပေ။

အကယ်၍ သူတစ်ယောက်တည်းရှိနေပါက

ဂရုမစိုက်သော်လည်း ယခုက

ယုဝူရှမ်နှင့်အတူ ရှိနေခဲ့၏။ သူသာ

လှုပ်ရှားလိုက်ပါက နှစ်ယောက်လုံး

အဘိုးအိုလီယွန်၏ လက်ချက်ဖြင့်

ငရဲရောက်သွားပါလိမ့်မည်။

ယုဝူရှမ်က ရုတ်တရက် ပြောလိုက်သည်။
"ခုနတုန်းက နင်သူ့လက်မောင်းကို
ဖြတ်လိုက်နိုင်တယ်လို့ ငါထင်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ကံဆိုးလိုက်တာ၊ သူက
အရေးကြီးတဲ့အခိုက်အတန့်မှာ
သတိပြန်ဝင်သွားတယ်။ ဒီလိုမှမဟုတ်ရင်
သူ့ခေါင်းကို တစ်ခါတည်း ဖြတ်နိုင်တယ်”

ယုဝူရှမ်က ယန်ယဲ့ကို စိုက်ကြည့်ပြီး

တိုးတိုးလေးဆက်ပြောပါသည်။

"နင့်ရဲ့ဓားစိတ်ဆန္ဒက

ဟင်းလင်းပြင်အဆင့်ကိုရောက်ဖို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

ဒီအသက်အရွယ်မှာတင်

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို

ပိုင်ဆိုင်ထားပြီ။ နင့်ရဲ့အနာဂတ်

ဓားတာအိုက

သေချာပေါက်အကန့်အသတ်မရှိနိုင်ဘူးလေ

။ ဒီလိုဆိုတော့ ငါ့အတွက်နဲ့ ဒီလိုမျိုး စွန့်စားဖို့ မလိုပါဘူး။ မတန်ဘူး”

ဒီအခိုက်အတန့်တွင် သူမ၏ စိတ်ထဲ၌ အလွန်တုန်လှုပ်သွားခဲ့ရသည်။ သူမကိုယ်တိုင် မျက်စိနှင့်သာ မမြင်ခဲ့ပါက ယန်ယွဲ့ဟာ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒဖြင့် သိုင်းသူတော်စင်တစ်ယောက်၏ လက်မောင်းကိုဖြတ်တောက်ပစ်မည်ဟု ထင်ထားမိမှာမဟုတ်ပေ။ထို့အပြင်

တစ်ဖက်လူက အဆင့်မြင့်
သိုင်းသူတော်စင်တစ်ယောက်
ဖြစ်နေသေး၏။

တစ်ဖက်တွင်မူ ယန်ယဲ့က
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်
သာဖြစ်ခဲ့သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း “မင်းက
တော်တော်
ညဏ်ကောင်းတာမဟုတ်ဘူးလား။

အခုတော့ ဘာလို့
အမှိုက်စကားတွေထွက်နေတာလဲ။
ဒီလောက် အသုံးမကျတဲ့အရာတွေကို
ရပ်လိုက်တော့ "

ယုဝူရှမ်က သူ့ကို ခဏလောက်
စိုက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။
ထို့နောက် သူမက သူ့လက်ကို
တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်သည်။
သူမ၏ခေါင်းလေးကို သူ့ရင်ဘတ်ပေါ်
ဖိကပ်လိုက်ကာ "သူက

သိုင်းသူတော်စင်လေ။ နည်းလမ်းတွေ၊
ထောင်ချောက်တွေက အကြွင်းမဲ့ခွန်အားကို
မယှဉ်နိုင်ဘူး။ ငါတို့မှာ
ရွေးချယ်စရာတစ်ခုပဲရှိတယ်၊ မြို့ကိုပြန်ဖို့ပဲ။
ငါတို့လုပ်နိုင်သရွေ့တာအိုအမိန့်တော်ရဲ့
သိုင်းသူတော်စင်က သူ့ကို
သေချာပေါက်တားဆီးမှာပဲ။ ဒါဆို ငါတို့
လုံခြုံပြီ။ ဒါပေမဲ့ ငါထင်တာမမှားရင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
သိုင်းသူတော်စင်က ငါတို့

မြို့ကိုပြန်သွားနိုင်တဲ့လမ်းတိုင်းကို
စောင့်ကြည့်နေတာ ဖြစ်နိုင်တယ်”

ယန်ယဲ့က ချက်ချင်း
မျက်နှာပျက်သွားသည်။ ဒီအချိန်မှာ
သူ့ကိုယ်သူ ထုတ်ဖော်ပြီး ထို
သိုင်းသူတော်စင်ကို လမ်းလွှဲဖို့
ကြံနေခဲ့ခြင်းပင်။

သို့သော် သူသာ နေရာမှ ထွက်သွားပါက
ယုဝူရှမ်ကို ချက်ချင်း
ထုတ်ဖော်ခံရပါလိမ့်မည်။

ထိုအချိန်တွင် ယုဝ္ဂူရှမ်က လွ
တ်မြောက်နိုင်တော့မည်မဟုတ်ပေ။
ထို့နောက် ယန်ယဲ့သည် သူ့အကြံအစည်ကို
စွန့်လွှတ်လိုက်ပြီး ယုဝ္ဂူရှမ်ကိုတစ်ပါတည်း
အတူ ခေါ်သွားဖို့သာ ရွေးချယ်လိုက်၏။

ဒီအချိန်မှာ သူက အတော်လေး
အကျပ်ရိုက်နေခဲ့သည်။

"တကယ်တော့
တခြားနည်းလမ်းတစ်ခုရှိတယ်။ အဲဒါက

ဌာနမှူးနဲ့ တခြား အာဏာပိုင်တွေ
ပြန်လာတဲ့အထိ စောင့်ရမှာ။ ဒါဆိုရင်
ငါတို့က ချက်ချင်း ကယ်တင်ခံရမယ်။
ဒါမှမဟုတ်
ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
သိုင်းသူတော်စင်ကို လက်လျှော့မဲ့အထိ
ငါတို့စောင့်နိုင်တယ်” ယုဝူရှမ်က “ဒါပေမဲ့
နှစ်ခုလုံးက လက်တွေ့မကျဘူး။ ငါတို့
အသက်ရှင်နေသရွေ့
ရွှေနတ်ဆိုးဝံပုလွေဘုရင်က ဌာနမှူးနဲ့
အာဏာပိုင်တွေကို ဆက်ပြီး

အချိန်ဆွဲနေမှာပဲ။ ဘာလို့လဲဆိုတော့
ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
သိုင်းသူတော်စင်က ငါ့ကို အရခေါ် ဖို့
ဆုံးဖြတ်ထားတာ။ ဒါဆို….”

အောင်း!

ရုတ်တရက်ဆိုသလို
ကောင်းကင်ယံအထက်တွင်
ကျယ်လောင်သော ဓားအူသံ
ထွက်ပေါ်လာသည်။ ထို့နောက်တွင်

လုဝမ်အာ၏ အသံက "ဝူရှမ်ကို
တိမ်ပင်လယ်မြို့ကို အမြန်ခေါ်သွားတော့"

လုဝမ်အာ၏ အသံသည်
ထွက်ပေါ်လာသည်နှင့် တစ်ချိန်တည်းတွင်
မရေမတွက်နိုင်သောအလင်းတန်းများက
ကောင်းကင်အထက်သို့
ထိုးတက်သွားကာကောင်းကင်တစ်ခုလုံး
ချက်ချင်း မှုန်ဝါးသွားလေသည်။

"မင်း.... ပုရွက်ဆိတ်" ထိုအချိန်မှာပဲ အဘိုးအိုလီယွန်၏ ဒေါသတကြီးအသံက ကောင်းကင်ယံအထက်ကနေ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လုဝမ်အာ ရှေ့ထွက်လာသောကြောင့် ယန်ယဲ့နှင့် ယုဝူရှမ်တို့လည်း အတော်လေး အသက်ရှုချောင်သွားသည်။

ဒီအချိန်မှာ ယန်ယဲ့၏စိတ်သည် ချက်ချင်းပင် လွတ်သွားကာ တုန်ယီနေသော

နှလုံးခုန်သံများ ကျယ်လောင်လာသည်။
သို့သော် သူက ချက်ချင်း
သတိပြန်ဝင်လာပြီးနောက် ယူဂူရှမ်ကို
ဖမ်းကိုင်ကာ အလင်းတန်းတစ်ခုအဖြစ်
ပြောင်း၍ တိမ်ပင်လယ်မြို့ဆီသို့ တဟုန်ထိုး
ပျံသန်းသွားခဲ့သည်။

သူ၏အရှိန်ကို
အကန့်အသတ်ထိမြှင့်တင်ထားသောကြောင့်
ယန်ယဲ့၏ပုံရိပ်က

အာကာသဟင်းလင်းပြင်ကို
တိုက်ရိုက်ဖြတ်ကျော်သွားပါတော့သည်။

သို့သော် ဒီအမြန်နှုန်းက သူ့အတွက်
မလုံလောက်သေးဟု ခံစားမိပုံပါ။

"မြန်တယ်! နည်းနည်းမြန်တယ်။
နည်းနည်းပဲမြန်သေးတယ်" ယန်ယွဲ့သည်
သူ့စိတ်ထဲကနေ ရှူးသွပ်စွာ
အော်ဟစ်လိုက်သည်။

သူ့အရှိန်က တဟုန်ထိုး ပိုမြန်လာကာ ရှေ့မှ
အာကာသဟင်းလင်းပြင်က
ကွဲထွက်သွားပြီး
ယန်ယဲ့၏ပုံရိပ်က
တိမ်ပင်လယ်မြို့အထက်သို့
ရောက်လာခဲ့သည်။

အသက်ရှူချိန် ၅ ရှိုက်စာလောက်
ကြာပြီးနောက် ယန်ယဲ့က ယုဝူရှမ်ကို
ပွေ့ချီကာ မြို့ရှေ့သို့ ရောက်ရှိလာသည်။
ထို့နောက် သူက မြို့တံခါးရှေ့တွင်

ချထားလိုက်ပြီး နောက်လှည့်၍
ဘာမှမပြောဘဲ
တဟုန်ထိုးခုန်ထွက်သွားလေတော့သည်။

"နင်အသက်ရှင်လျက်ပြန်လာပါ!
သူမကိုပြန်ခေါ်လာခဲ့" ယန်ယဲ့၏ပုံရိပ်က
အလင်းတန်းတစ်ခုအဖြစ်ပျောက်ကွယ်သွား
ချိန်တွင် ယုဝူရှမ်က ကျယ်လောင်စွာ
အော်လိုက်သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည်ကို ကြည့်နေရင်း

ယုဝူရှမ်၏ ခန္ဓာကိုယ်လေးက တစ်ချက်တုန်ခါသွားသည်။ သူမက "အသက်ရှင်လျက်နဲ့ပြန်လာပါ...။ နင်အသက်ရှင်လျက်ပြန်လာရမယ်...."

"ဝမ်အာ၊ ငါ့ကိုစောင့်ပါ! ငါ့ကိုစောင့်ပါ" ယန်ယဲ့သည် အရူးတစ်ယောက်လိုမျိုး ပါးစပ်ကနေ အထပ်ထပ်ရေရွတ်ရင်း

သူ့အရှိန်ကို လုံးဝအကန့်အသတ်သို့
မြှင့်တင်လိုက်သည်။

ဒီအချိန်မှာ စိုးရိမ်စိတ်ကြောင့်
ယန်ယဲ့၏ဆံပင်များသည်
ကြက်သွေးရောင်သမ်းလာခဲ့ပြီး
သူ့မျက်လုံးထဲ၌လည်း
အဆုံးအစမဲ့ရူးသွပ်မှုများရှိနေသည်။

လုဝမ်အာက သန်မာသော်လည်း
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
သိုင်းသူတော်စင်ကို ယှဉ်ဖို့မဖြစ်နိုင်ကြောင်း
သူ ကောင်းစွာသိရှိထားသောကြောင့်ပင်။

"ပုရွက်ဆိတ်တစ်ကောင်ရဲ့စွမ်းအားလောက်
နဲ့ သိုင်းသူတော်စင်တစ်ယောက်ကို
တိုက်ခိုက်ဖို့ ဘယ်လောက်တောင်
ရဲတင်းလိုက်သလဲ" ထိုအချိန်တွင်
အဘိုးအိုလီယွန်၏ အေးစက်စက်အသံက
ကောင်းကင်ယံအထက်၌ ပျံလွင့်လာကာ
ပေါက်ကွဲသံများ
ဆက်တိုက်ထွက်ပေါ်လာသည်။
ခဏအကြာတွင် ပုံရိပ်တစ်ခုဟာ

ကောင်းကင်ထက်မှ ထိုးကျလာပြီး
မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

အုန်း!

ပြုတ်ကျလာသော ပုံရိပ်တစ်ဝိုက် မီတာ ၅၀
ဧရိယာအတွင်းရှိ အရာအားလုံးက
နောက်ဆက်တွဲပေါက်ကွဲသံကြောင့်
ကွဲအက်သွားခဲ့သည်။

ဒီအခိုက်မှာ ယန်ယဲ့၏မျက်လုံးများက
လုံးဝကို
သွေးရောင်အတိဖြစ်သွားလေတော့သည်။
ပြုတ်ကျလာသော ပုံရိပ်က လုဝမ်အော
ဖြစ်နေသောကြောင့်ပါ။

၁၂၀၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၂၀၈ - လုဝမ်အာ၏ မူလဒန်တျန် ဖျက်ဆီးခံလိုက်ရပြီ

“မဟုတ်ဘူး” အဝေးမှ အမြန်ပြေးလာသော ယန်ယဲ့ဟာ ဒီမြင်ကွင်းကို မြင်လိုက်ရပြီး သူ့မျက်လုံးထဲတွင် ပြင်းထန်သော သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်သွားကာ သူ့ပတ်ဝန်းကျင် မီတာ ၃၀၀ ပတ်လည် ဧရိယာအတွင်းရှိ အရာအားလုံးသည် နီမြန်းလာခဲ့သည်။

ယန်ယဲ့သည် လုဝမ်အာ ရှေ့၌ ပေါ်လာ၏။
ဒီအချိန်မှာ သူမကို မှတ်မိဖို့တောင်
ခက်နေပါပြီ ။

လုဝမ်၏ခန္ဓာကိုယ်တစ်ခုလုံးက
ပျက်စီးသွားခဲ့သည်။
သူမ၏ အရိုးများနှင့် သွေးကြောများ
ကွဲအက်သွားကာ ခန္ဓာကိုယ်ကနေ
ထွက်ပေါ်နေသော အော်ရာကလည်း
အားနည်းနေခဲ့သည်။
သတိမပြုမိသလောက်ပင်။

ထို့အပြင် အဆိုးဆုံးက သူမ၏
မူလဒန်တျန်ကွဲအက်သွားသည်!

ယန်ယဲ့ဟာ ခေါင်းတစ်ခုလုံး
လွတ်ထွက်သွားသည်။ သူသည် လုဝမ်အာ
ရှေ့၌ ဒူးထောက်ချကာ သွေးများ
ဖုံးလွှမ်းနေသော ခန္ဓာကိုယ်လေးကို
စိုက်ကြည့်ကာ ခေါင်းကို ခါယမ်းပြီး
နာကျင်စွာပြောခဲ့သည်
"မုန်းစရာကောင်းလိုက်တာ၊ ငါ့ရင်ထဲမှာ

မုန်းတီးမှုတွေပဲပြည့်နေတယ်! အားနည်းလွန်းတဲ့ကိုယ့်ကိုယ်ကို မုန်းတယ်”

"ဒါက အားနည်းသူတွေရဲ့သဘာဝပါပဲ"
အဘိုးအိုလီယွန်က ယန်ယဲ့ နှင့်
မလှမ်းမကမ်းတွင် ပေါ်လာပြီး
အေးစက်စွာပြောလိုက်သည် "ယန်ယဲ့၊
မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု
ပေးမယ်။
ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

လက်နက်ချရင် မင်း
အသက်ရှင်နိုင်တယ်။ မဟုတ်ရင်တော့….”

"မဟုတ်ရင်..မင်းသေကောက်ကြောင်းလား"
ယန်ယဲ့သည် တစ်ဖက်လှည့်ကြည့်လိုက်ပြီး
အဘိုးအိုလီယွန်ကို
လှမ်းအော်လိုက်သည်။ ထိုစကားပြောပြီးသ
ည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားပြီး
သူပြန်ပေါ်လာသည့်အခါ
အဘိုးအိုလီယွန်၏ရှေ့တွင်
ရှိနေသည်။ တစ်ချိန်တည်းမှာပင်

ဟာကျူလီယံများက အဘိုးအိုလီယွန်

၏နဖူးအလယ်တည့်တည့်သို့

ထိုးသွင်းသွားသည်။

"မင်းလို ပုရွက်ဆိတ်က

လား.." အဘိုးအိုလီယွန်က ယန်ယဲ့

တိုက်ခိုက်သည်ကို မြင်သောအခါ

အေးစက်စွာ

အော်ဟစ်လိုက်သည်။ သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ အားပြင်းသော

စွမ်းအင်လှိုင်းတစ်ခုက

ရှေ့သို့ပြေးထွက်လာကာ ယန်ယဲ့အား ၃ ကီလိုမီတာအကွာသို့ ရိုက်ချခဲ့သည်။

အဘိုးအိုလီယွန်က ထပ်မံတိုက်ခိုက်တော့မည်ဖြစ်သော်လည်း ရုတ်တရက် အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ အကြောင်းမှာ အနက်ရောင်ဝတ်လူတစ်ဦးက ရုတ်တရက်ပေါ်လာပြီး လုဝမ်အာကို ကျောပိုး၍ မြို့ဆီသို့ ပြေးထွက်သွားသောကြောင့်ပင်။

“ထွက်ပြေးဖို့
မစဉ်းစားနဲ့။ သေစမ်း" အဘိုးအိုလီယွန်က
ဒေါသတကြီး အော်ဟစ်ပြီး
တိုက်ခိုက်လိုက်သည်။

သို့သော် သူ့အမူအရာက ရုတ်တရက်
ပြောင်းလဲသွားကာ သူ၏ညာလက်သီးကို
တင်းတင်းကြပ်ကြပ် ဆုပ်ပြီး ရှေ့ကို
ထိုးလိုက်သည်။

ထို့နောက် ဓားတစ်ချောင်းက သူ့ရှေ့၌ ရှိနေပြီး ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် အဘိုးအိုလွန်လည်း ခြေလှမ်း ၁၀ လှမ်းခန့် နောက်ပြန်ဆုတ်သွားခဲ့ရသည်။ သူ၏လက်သီးက ကွဲထွက်သွားပြီး ဒဏ်ရာကနေ သွေးများ တလဟောစီးကျနေသည်။

"အတွေးတစ်ချက်ဖြင့်သတ်ခြင်း..."

တိုက်ခိုက်မှုသည် ယန်ယဲ့
ထုတ်သုံးလိုက်သော
"အတွေးဖြင့်သတ်ဖြတ်ခြင်း" နည်းစနစ်
ပင်။

စစ်မှန်သော ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒဖြင့် ပေါင်းစပ်လိုက်သည့်အခါ
အဘိုးအိုလီယွန်၏ တိုက်ခိုက်မှုကို
ခုခံနိုင်ရုံသာမကပေ သူ့ကိုပင်
ဒဏ်ရာရသွားစေခဲ့သည်။

ယန်ယဲ့သည် တိုက်ခိုက်မှုတစ်ခုတည်းဖြင့်
အဘိုးအိုလီယွန်ကို ဒဏ်ရာရသွားစေသည်။

သူသည်
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်သာဖြစ်
ရာ သိုင်းသူတော်စင်တစ်ဦးကို
တစ်ချက်တည်းဖြင့်
ဒဏ်ရာရစေကြောင်းသာ ပြန့်နှံ့သွားပါက
စီရင်စုတစ်ခုလုံး
နာမည်ကျော်လာပေဦးမည်။

ထင်းရှူးစီရင်စု၏ သမိုင်းတစ်လျှောက်တွင် မည်သည့် သူတော်စင်တစ်ပိုင်းအဆင့်ကမျှ သိုင်းသူတော်စင်ကို ဒဏ်ရာရအောင် လုပ်နိုင်သူမရှိခဲ့ဟုတော့ မပြောနိုင်ပါ။ သို့သော်လည်း ထိုသို့သောလူများက လက်တစ်ဖက်တည်းဖြင့်ပင် ရေတွက်နိုင်သည်။

ယန်ယဲ့၏ တိုက်ခိုက်မှုကို လက်သီးဖြင့် ရင်ဆိုင်လိုက်ပြီးနောက် အဘိုးအိုလီယွန်၏ မျက်နှာသည် မမြင်နိုင်လောက်အောင်

ဆိုးရွားသွားခဲ့သည်။ ယန်ယဲ့၏
တိုက်ခိုက်မှုက ပြင်းထန်လွန်းသည်ဖြစ်ရာ
သူ့ဒဏ်ရာကို ဂရုတစိုက် ကုသဖို့ပင်
လိုအပ်ပါသည်။

ဒီအချိန်မှာ သူက
ယန်ယဲ့ကို သူတို့ဖက်ဆွဲခေါ် ဖို့
ရည်ရွယ်ချက်ကို လုံး၀ စွန့်လွှတ်လိုက်သည်
။ ဒီလို စစ်မှန်သော
ပါရမီရှင်တစ်ယောက်သေသွားပါက
သူလည်း သက်တောင့်သက်သာ
အနားယူနိုင်ပေသည်။

အဘိုးအိုလီယွန်၏ မျက်လုံးများတွင်
ရက်စက်ကြမ်းကြုတ်သော လှိုင်းလုံးများ
ထွက်ပေါ်လာသည်။ ထို့နောက် သူ့ခန္ဓာကိုယ်
ထဲမှ ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်များ
ပေါက်ကွဲလာပါတော့သည်

"သေ" အဘိုးအိုလီယွန်က
ဒေါသတကြီးအော်ဟစ်ရင်း သူ့လက်သီးကို
ရှေ့ထိုးချလိုက်ရာ ယန်ယွဲ့လည်း

နောက်တစ်ကြိမ် လွင့်ပျံသွားပြန်သည်။
အဘိုးအိုလီယွန်က ရပ်တန့်မနေဘဲ
နောက်တစ်ကြိမ် တိုက်ခိုက်လိုက်လေသည်။
သူ၏ညာလက်သီးဖြင့် ယန်ယဲ့
လွင့်ပျံသွားသော နေရာသို့
ထိုးချလိုက်သည်။
စွမ်းအင်ဖြင့်ဖန်တီးထားသော
ရောမလက်သီးကြီးက
အာကာသဟင်းလင်းပြင်ထဲသို့ ထိုးဖောက်၍
ယန်ယဲ့အပေါ် ကျရောက်သွားခဲ့သည်။

ယန်ယဲ့၏ ခန္ဓာကိုယ်သည် နောက်ထပ် ၃
ကီလိုမီတာနီးပါးအကွာထိပင် ထပ်မံ
လွင့်ထွက်သွား၏။

သို့သော် အရေးကြီးသောအခိုက်အတန့်တွင်
အစိမ်းရောင်ကုဗတုံးကို အသက်သွင်းပြီး
အဘိုးအိုလီယွန်၏ တိုက်ခိုက်မှုမှ
တန်ပြန်အားအများစုကို
တားဆီးထားသောကြောင့်
သူအဆင်ပြေခဲ့သည်။

“နတ်ဘုရားအဆင့်ရတနာ"
အဘိုးအိုလီယွန်သည် မျက်လုံးများ
အနည်းငယ် ကျဉ်းမြောင်းသွားကာ အံ့သြမှု
အရိပ်အယောင်များ ထွက်ပေါ်လာသည်။
ယန်ယဲ့ကို ကာပေးထားသည့်
အစိမ်းရောင်ကုဗတုံးကြီးဟာ အမှန်ပင်
နတ်ဘုရားအဆင့်ရတနာ တစ်ခုဟု သူ
မမျှော်လင့်ထားခဲ့ပါ။ အမှန်စင်စစ်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၌ပင်
နတ်ဘုရားအဆင့်ရတနာများကား
ရှားပါးလှသည်။

“နတ်ဘုရားအဆင့် ရတနာက မင်းကို ကယ်နိုင်မယ် ထင်လား။ နတ်ဘုရားအဆင့်ရတနာက အစွမ်းထက်ပေမဲ့ ပိုင်ရှင်က အားနည်းလွန်းတယ်။ ဒီလိုဆို မင်းက သေလို့ရပြီ" သူ စကားပြောပြီးသည်နှင့် ရောမလက်ဖဝါးကြီးက ကောင်းကင်ကို ဆုတ်ဖြဲ၍ ယန်ယဲ့ထံ ရိုက်ချလေသည်။ ၎င်းမှ ထွက်ပေါ်လာသည့် ကြောက်မက်ဖွယ်အားလှိုင်းကြောင့် ယန်ယဲ့

အောက်ရှိ မြေပြင်ဟာ
တိုက်ရိုက်ပြိုကျသွားခဲ့သည်။ ချက်ချင်းပင်
ယန်ယွဲ့ ရပ်နေခဲ့သည့် နေရာက
အနက်ကိုပင်မသိနိုင်သော
တွင်းနက်ကြီးတစ်ခု ဖြစ်လာခဲ့သည်။

သိုင်းသူတော်စင်တစ်ယောက်၏
စွမ်းအားက မည်မျှ
ကြောက်စရာကောင်းပါသနည်း။

ရောမလက်ဖဝါးကြီး

ဆင်းသက်လာသည်ကိုကြည့်ရင်း ယန်ယဲ့၏

မျက်လုံးထဲတွင်

ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု

တောက်ပလာခဲ့ပါသည်။

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ

လက်ထဲ၌ ရှေးဟောင်းဓားအိမ်

ပေါ်လာသည်။ ထို့နောက်

ဓားစိတ်ဆန္ဒဓားတစ်ချောင်းကို

အလျင်အမြန်ဖန်တီး၍

ရှေးဟောင်းဓားအိမ်ထဲထည့်ကာ

တစ်ဆက်တည်းဆွဲထုတ်ပြီး
ပိုင်းချလိုက်သည်။

ဆူး!

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၄၀
ထပ်ထားသော ဓားစွမ်းအလင်းတန်း
ထွက်ပေါ်လာပြီး ကောင်းကင်ယံအထက်မှ
ဆင်းသက်လာသော
ရောမလက်ဖဝါးကြီးကို
ခုတ်ပိုင်းလိုက်သည်။

ရောမလက်ဝါးကြီးက
ပြင်းထန်စွာတုန်ခါနေပြီး
ဓားစွမ်းအင်အလင်းတန်းသည်
ပြန့်ကျဲသွား၏။ သို့သော်
ချက်ချင်းဆိုသလိုပင်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၄၀
ထပ် ဓားစွမ်းအင်အလင်းတန်းက
ထပ်မံရောက်ရှိလာပြီး ၎င်းကို
ဖြတ်ပိုင်းသွားလေသည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၄၀ ထပ် ဓားစွမ်းအင်အလင်းတန်း ၅ ခါမြောက်ဖြင့် ပိုင်းချသွားပြီးနောက်တွင် ရောမလက်ဝါးကြီးက လေထဲ၌ ကွဲသွားခဲ့သည်။

ဒီမြင်ကွင်းကိုမြင်သောအခါ အဘိုးအိုလီယွန်သည်မျက်ခွံများ လှုပ်ယမ်းသွားသည်။ ယန်ယွဲ့ကို စိုက်ကြည့်နေရင်း သူ့အကြည့်များသည် အတော်လေး လေးနက်လာခဲ့သည်။

ယန်ယဲ့သည် သူ၏တိုက်ခိုက်မှုကို
အမှန်တကယ် ဖျက်ဆီးလိမ့်မည်ဟု
မမျှော်လင့်ထားပေ။

သူက ထပ်ပြီးတိုက်ခိုက်ဖို့ပြင်လိုက်ချိန်တွင်
ယန်ယဲ့ ၏အသံသည် ရုတ်တရက်
ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။
" မင်း ခွေးအိုကြီး"

တစ်ချိန်တည်းမှာပင် အဘိုးအိုလီယွန် ရှေ့၌
အလင်းတန်းတစ်ခု ပေါ်လာသည်။

"အတွေးဖြင့်သတ်ဖြတ်ခြင်း..."

ယန်ယဲ့သည် အတွေးဖြင့်သတ်ဖြတ်ခြင်း ကို ထုတ်သုံးလိုက်၏။ သို့သော်လည်း အဘိုးအိုလီယွန်သည် အေးစက်စွာ ရယ်မောလိုက်သည်။

သူက အနည်းငယ်သာ အံ့အားသင့်သွားရုံသာ။

ယန်ယဲ့၏ တိုက်ခိုက်မှုက သူ့အတွက်
အတော်လေး ခြိမ်းခြောက်နေသည်ကိုတော့
ဝန်ခံရပေမည်။ သူက
ကြိုတင်သတိထားနေသည်ဖြစ်ရာ
ယန်ယဲ့၏ တိုက်ခိုက်မှုကို
ဂရုမစိုက်တော့ပေ။ သို့သော်လည်း
ရုတ်တရက်ဆိုသလိုပင် သူ၏အမူအရာက
သိသိသာသာ ပြောင်းလဲသွားပါတော့သည်။

အကြောင်းမှာ သူ့ပတ်ဝန်းကျင်၌
မမြင်နိုင်သော စွမ်းအားတစ်ခု ရုတ်တရက်
ပေါ်လာသောကြောင့်ပင်။

"နယ်မြေတစ်ခု၏ စွမ်းအင်..."

ဒီအချိန်တွင်
အဘိုးအိုလီယွန်၏အမူအရာသည်
လုံးဝပြောင်းလဲသွားခဲ့သည်။ ယန်ယဲ့သည်
ဓားနယ်မြေ ပိုင်ဆိုင်ကြောင်း
သိထားသော်လည်း ယန်ယဲ့ဟာ

ယခုအချိန်ထိ အသုံးမချသေးသည်ကို
မေ့နေခဲ့၏။

ယခုအချိန်တွင် ယန်ယဲ့က ရုတ်တရက်
အသက်သွင်းလိုက်သောကြောင့်
အလွန်အံ့အားသင့်သွားခဲ့သည်။သို့သော်လ
ည်း သူ၏တုံ့ပြန်မှုသည်
နှေးကွေးခြင်းမရှိပေ၊ ဓားနယ်မြေ
ထွက်ပေါ်လာသည့် အခိုက်တွင်ပင်
သူ၏လက်ဝါးကို
ရှေ့သို့ရိုက်ထုတ်လိုက်လေသည်။

သို့သော် သူ့လက်သည် အလေးချိန် (၅၀၀,၀၀၀) ကီလိုဂရမ်ရှိနေကြောင်း သတိပြုမိသည်။ ထို့အပြင် ယန်ယဲ့၏ အတွေးသတ်ဖြတ်ခြင်းတိုက်ခိုက်မှုက တစ်ဆက်တည်း ဝင်ရောက်လာခဲ့သည်။

ယန်ယဲ့၏ ဓားက အဘိုးအိုလီယွန်၏ရင်ဘတ်ကို ထိုးသွင်းလိုက်သော်လည်း တစ်လက်မမျှပင် မရွေ့နိုင်ပေ။

ဒီအခြေအနေကြောင့် ယန်ယဲ့လည်း အံ့အားသင့်သွားသည်။ သူက သေချာ အာရုံစိုက်ပြီး ကြည့်လိုက်ရာ အဘိုးအိုလီယွန်၏ ဝတ်ရုံအောက်၌ ရွှေရောင်သားရေချပ်ဝတ်တန်ဆာတစ်ခုရှိ နေကြောင်း မြင်လိုက်ရသည်။ သူ၏ဓားက ချပ်ဝတ်တန်ဆာကို အနည်းငယ် ထိုးသွင်းသွားသည့်တိုင် လုံးဝထိုးဖောက်နိုင်ခြင်းမရှိခဲ့ပေ။

"နတ်ဘုရားအဆင့်
အကာအကွယ်ရတနာလား"

ယန်ယဲ့သည် ချက်ချင်း
နောက်ပြန်ဆုတ်လိုက်၏။ သို့သော်လည်း
အဘိုးအိုလီယွန်၏ လက်ဝါးက
သူ့ရင်ဘတ်ကို ရိုက်ချသွားခဲ့သည်။

ဘမ်း!

ယန်ယဲ့၏ ခန္ဓာကိုယ်သည်
လေးကိုင်းသဏ္ဍာန်ကွေးညွတ်၍
လွင့်ထွက်သွားခဲ့သည်။

အဘိုးအိုလီယွန်က သူ့လက်ကို
ရှေ့သို့ဆန့်ကာ "ကမ္ဘာက
ငါ့ရဲ့အကျဉ်းထောင်ပဲ" ဟု
အေးစက်စက်အော်ရယ်လိုက်သည်။
ထိုအချိန်မှာပဲ ယန်ယဲ့၏ခန္ဓာကိုယ်သည်

မမြင်နိုင်သော အာကာသနံရံတစ်ခုနှင့်

တိုက်မိသွားသည်။ ယန်ယဲ့၏ပတ်ဝန်းကျင်ရှိ

အာကာသဟင်းလင်းပြင်သည် အတားဆီး

တစ်ခုအဖြစ် ပြောင်းလဲသွား၏။

အတားအဆီးက

ရောမအကျဉ်းထောင်ကြီးတစ်ခု

ကဲ့သို့ဖြစ်ပြီး ယန်ယဲ့ကို

ပိတ်လှောင်လိုက်ပါပြီ။

၁၂၀၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၀၉ - ထွက်သွားစမ်း

"ဖြိုခွဲ" အဘိုးအိုလီယွန်၏ အသံ ထပ်မံ ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ကို ပိတ်လှောင်ထားသော အာကာသဟင်းလင်းပြင်အတားအဆီးက ကွဲထွက်သွားသည်။

မရေမတွက်နိုင်သော
အာကာသဟင်းလင်းပြင်အတားအဆီးများ
ပေါက်ကွဲထွက်လာသောကြောင့်
အနက်ရောင်အက်ကြောင်းများ ပေါ်လာပြီး
ယန်ယဲ့ကို ဝါးမျိုလေသည်။
အချိန်အနည်းငယ်ကြာပြီးနောက်
အဘိုးအိုလီယွန် ရှေ့၌
အနက်ရောင်လေဝဲကတော့ကြီး ပေါ်လာပြီး
ယန်ယဲ့ မရှိတော့သည်ကို မြင်နိုင်သည်။

အနက်ရောင်လေဝဲကတော့ကြီးကို
စိုက်ကြည့်ရင်း အဘိုးအိုလီယွန်၏
ပါးစပ်ထောင့်တွင် အေးစက်သော
အပြုံးတစ်ခု ထွက်ပေါ်လာသည်။ သူက
"ယန်ယဲ့၊ မင်းက တကယ့်ကို
ပါရမီရှင်တစ်ယောက်ပါ။ ဒါပေမဲ
ဘာလဲ။ မင်းက သိုင်းသူတော်စင်ရှေ့မှာဆို
ပုရွက်ဆိတ်တစ်ကောင်ထက်မပိုဘူး”

ထိုအခိုက်တွင် ထင်မှတ်မထားသော
အရာတစ်ခု ရုတ်တရက်

ဖြစ်ပေါ်လာသည်။ အနက်ရောင်လေဝဲက

တော့ အတွင်းမှ စူးရှတောက်ပသော

အလင်းတန်းများ ရုတ်တရက်

လင်းလက်လာခဲ့သည်။ အလင်းတန်းက

အလွန်လျင်မြန်ပြီး

အေးစက်စွာရယ်နေဆဲဖြစ်သော

အဘိုးအိုလီယွန် ရှေ့၌

ချက်ချင်းပေါ်လာသည်။

"မင်း....."

ယန်ယဲ့ အသက်ရှင်နေသေးကြောင်း
ထင်မထားသောကြောင့် အဘိုးအိုလီယွန်က
အလွန်အံ့ဩသွားသည်။

သူက ယန်ယဲ့ သေဆုံးသွားပြီးဟု
ယုံကြည်ထားသဖြင့်
သူ၏ခန္ဓာကိုယ်အကာအကွယ်ကို
လုံးလုံးလျားလျား ဖယ်ထားခဲ့သည်။
ထို့ကြောင့် သူသည်
အလင်းတန်းရောက်လာသည်ကို

မြင်သောအခါ အတော်လေး
ထိတ်လန့်သွားမိသည်။

သို့သော်၊ အဆုံးတွင် သူက
သိုင်းသူတော်စင်တစ်ဦးဖြစ်ရာ
တုံ့ပြန်မှုသည် သာမန်ကျင့်ကြံသူနှင့်
နှိုင်းယှဉ်နိုင်သည့်အရာမဟုတ်ပေ။

အဘိုးအိုလီယွန်က
တန်ပြန်တိုက်ခိုက်ဖို့ပြင်လိုက်စဉ်
မမြင်နိုင်သော စွမ်းအား ၂ ခုက သူ့အပေါ်
ရုတ်တရက် ကျရောက်လာသည်။

"ဓားနယ်မြေ နဲ့ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒ "

အဘိုးအိုလီယွန်က
အကြီးအကျယ်ထိတ်လန့်သွား၏။
ယန်ယဲ့၏ ဓားသည် သူ့ခေါင်းနှင့် ၁
စင်တီတာအောက်သာ ဝေးတော့သဖြင့်
စဉ်းစားနေဖို့
အချိန်မရှိတော့ချေ။ နောက်ဆုံးအခိုက်အတ
န့်မှာပဲ အဘိုးအိုလီယွန်က သူ့ခေါင်းကို

ကမန်းကတန်း ဘေးဖက်သို့
စောင်းချပေးလိုက်သည်။

ဆူး!

ဓားက အဘိုးအိုလီယွန်၏
မျက်နှာတစ်ဝက်နှင့်
ဘယ်ဖက်လက်မောင်းကို ပိုင်းဖြတ်သွားကာ
သွေးများ စမ်းရေကဲ့သို့ တ
လဟောပန်းထွက်လာသည်။

သို့သော်လည်း အဘိုးအိုလီယွန်က
တန်ပြန်တိုက်ခိုက်လိုက်လေသည်။
သူ့ခြေထောက်တစ်ဖက်က
မြောက်တက်လာပြီး ယန်ယဲ့၏ဗိုက်ကို
ဖြတ်ကန်လိုက်သည်။

ဘုန်း...

ယန်ယဲ့၏ ခန္ဓာကိုယ်သည်
ကြိုးပြတ်သွားသော စွန်တစ်ကောင် ကဲ့သို့
လွင့်ပျံသွားသည်။

ယန်ယှဲသည် သူ့ခန္ဓာကိုယ် လေထဲမှာပင်
ချက်ချင်း ထိန်းလိုက်၏။ သို့သော် သူက
အဘိုးအိုလီယွန်ကို
ထပ်မတိုက်ခိုက်တော့ပေ။ သူ့ခန္ဓာကိုယ်က
တဖျပ်ဖျပ်တောက်ပလာပြီး
မိုးကုပ်စက်ဝိုင်းထဲသို့
ပျောက်ကွယ်သွားခဲ့သည်။

အဘိုးအိုလီယွန်က ဒီမြင်ကွင်းကို
မြင်လိုက်သော်လည်း ယန်ယှဲနောက်ကို

မလိုက်တော့ပေ။ ဒီအချိန်မှာ သူက ကြောက်စရာကောင်းသည့်အခြေအနေတွင် ရှိနေသည်ဟု ဆိုနိုင်၏။

ယန်ယဲ့၏ ဓားချက်က သူ့မျက်လုံးများကို ဖြတ်တောက်လုနီးပါးဖြစ်ကာ မျက်နှာတစ်ခြမ်းလုံး လှီးဖြတ်ခံလိုက်ရလေသည်။

ထို့အပြင် သူ၏လက်နှစ်ဖက်လုံးလည်း ပြတ်တောက်သွားပြီဖြစ်သည်။ သူသည် သိုင်းသူတော်စင်တစ်ဦး ဖြစ်နေသောကြောင့်

သူ့ခြေလက်အင်္ဂါများကို
ချက်ခြင်းပြန်ကုသဖို့ ဖြစ်နိုင်ပါသည်။

သို့သော်လည်း ယန်ယဲ့သည်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
အသုံးပြုထားခဲ့၏။ ထို့ကြောင့် သူသည်
ပြင်ပအင်အား သို့မဟုတ် ရတနာများ၏
အကူအညီမရှိပါက ဝိညာဉ်စွမ်းအင်ဖြင့်ပင်
ခြေလက်အင်္ဂါများကို ပြန်လည်ကုသဖို့
လုံးဝမဖြစ်နိုင်ပေ။

အဘိုးအိုလီယွန်က ဒီတစ်ကြိမ်မှာ
ဒေါသမထွက်ခဲ့ပေ။သူ့အသွင်အပြင်က
ထူးထူးခြားကို တည်ငြိမ်နေခဲ့၏။

သူ နှင့် ယန်ယွဲ့
တို့စတင်တိုက်ခိုက်ကတည်းက ယန်ယွဲ့ကို
အထင်မသေးဝံ့ဘဲ
အဆင့်တူတစ်ယောက်အဖြစ်သဘောထားခဲ့
သည်။ သို့သော်လည်း သူသည်
တိုက်ပွဲတစ်လျှောက်လုံး အမှန်တကယ်
အလေးအနက်မရှိခဲ့ပေ။

ယန်ယဲ့သည် သူ့လက်တစ်ဖက်ကို
ဖြုတ်ပစ်လိုက်သည့်တိုင် သူက
ပြန်ပြီးမကုသဘဲ
ဆက်၍သာတိုက်ခိုက်ခဲ့သည်။ ထို့အပြင်
သူ့ပြိုင်ဖက်ကို လျှော့တွက်မိခြင်းအတွက်
သူ့ကိုယ်သူ အပြစ်တင်ရုံသာတတ်နိုင်၏။
အမှန်တွင်လည်း သိုင်းသူတော်စင်တစ်ဦးက
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်ကို
အဆင့်တူပြိုင်ဖက်အဖြစ် မည်သို့
ဆက်ဆံနိုင်မည်နည်း။

ထိုအချက်ကြောင့်ပင် သူသည်
ထင်မှတ်မထားသော တန်ကြေးတစ်ခု
ပေးဆပ်ခဲ့ရသည်။

“ယန်ယဲ့….” အဘိုးအိုလီယွန်သည်
ယန်ယဲ့၏ နာမည် ကို
အမှတ်ရစေသည့်အလား သူ့ရင်ထဲတွင်
မှတ်သားထားကာ
အသက်ပြင်းပြင်းရှူလိုက်သည်။

…

ယန်ယဲ့သည် တိမ်ပင်လယ်မြို့ထဲသို့
ပြန်လာခဲ့သည်။တိုက်ပွဲအပြီးတွင် သူသည်
အသာစီးရခဲ့သော်လည်း
သာမန်အခြေအနေတစ်ခုတွင်သာ
ရှိခဲ့၏။ နောက်ဆုံးတွင် အဘိုးအိုလီယွန်က
တိုက်ပွဲကို အမှန်တကယ်
အလေးအနက်မထားခဲ့သော်လည်း
အခြားဝှက်ဖဲများကို ထုတ်မပြရသေးပေ။
အကယ်၍ သူသာ ထွက်မသွားသေးဘဲ

ဆက်တိုက်ခိုက်နေပါက
အသက်ရှင်လျက်ပြန်လာနိုင်ဖို့ မသေချာပေ။

ဒီတိုက်ပွဲက
သိုင်းသူတော်စင်တစ်ယောက်၏ စွမ်းအား
ဘယ်လောက်ထိ
ကြောက်စရာကောင်းသည်ကို
နားလည်နိုင်စေခဲ့သည်။
ကံကောင်းထောက်မစွာပဲ တိုက်ပွဲက သူ့အား
စိတ်ပျက်အားငယ်စေသည့်အထိ
မဖြစ်ခဲ့ပေ။

ယန်ယဲ့သည် သူ၏စိတ်အာရုံအသိကို ထုတ်လွှတ်ရင်း အာရုံပျံ့လွင့်နေသော အတွေးများကို ရှင်းထုတ်လိုက်သည်။ ထို့နောက် အလင်းတန်းတစ်ခုအလား နေရာမှာပင် ပျောက်ကွယ်သွား၏။

...

တိမ်ပင်လယ်ခန်းမ...။

လုဝမ်အာ၏

ဒဏ်ရာရနေသောခန္ဓာကိုယ်လေးက ယန်ယဲ့
နေထိုင်သော အခန်းထဲမှ ကုတင်ပေါ်တွင်
လဲလျောင်းနေခဲ့သည်။ အခန်းထဲ၌ ယုဝူရှမ်၊
ရှန်ချင်းယင် နှင့်
အနက်ရောင်ဝတ်ရုံအဘိုးအိုတစ်ဦးတို့
ကုတင်ဘေးတွင် ရပ်နေကြသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုသည်
လုဝမ်အာကို အချိန်အတော်ကြာ
စိုက်ကြည့်ပြီးနောက် ခေါင်းယမ်းကာ

"မင်းတို့ သူမရဲ့စျာပနကို
စပြီးပြင်ဆင်လို့ရပြီ" ဟု ရုတ်တရက်
ပြောခဲ့သည်။

ဒီစကားကြောင့် ယုဝူရှမ် နှင့် ရှန်ချင်းယင်
တို့နှစ်ယောက်လုံး ထိတ်လန့်သွားကြ၏။
ယုဝူရှမ်က တစ်ခုခုပြောဖို့
ပြင်လိုက်သော်လည်း
အခန်းတံခါးတွန်းဖွင့်သံနှင့်အတူ ယန်ယဲ့
ဝင်လာသည် ကိုမြင်လိုက်သဖြင့် မပြောဘဲ
ရပ်ထားလိုက်သည်။

"ထွက်သွားစမ်း" ယန်ယွဲ့သည် လုဝမ်အာကို စိုက်ကြည့်နေရင်းက အနက်ရောင်ဝတ်ရုံအဘိုးကို စူးစူးရဲရဲကြည့်ကာ အေးတိအေးစက်လေသံနှင့် ပြောလိုက်သည်။

အဘိုးအိုက “မင်းရဲ့အမူအကျင့်ကို ဂရုစိုက်ပါ”ဟု အသံတိုးတိုးဖြင့် ပြန်ပြောခဲ့သည်။

ရှန်ချင်းယင်က သူတို့နှစ်ယောက်လုံး တင်းမာနေသည်ကို မြင်လိုက်ရာ အလျင်အမြန်ဝင်ပြောလိုက်၏။ "ယန်ယဲ့၊ ဒါက တာအိုအမိန့်တော်ရဲ့စီနီယာကျူးယွမ် လို့ခေါ်တယ်။ စီနီယာကျူးယွမ်က သိုင်းသူတော်စင်တစ်ယောက်လေ" ယန်ယဲ့က စိတ်မြန်လက်မြန်လုပ်မည်ကို စိုးရိမ်နေသဖြင့် "သိုင်းသူတော်စင်"ဟူသော စကားလုံးကို အနည်းငယ် အလေးပေးပြောခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည် ရှန်ချင်းယင်ကို ဂရုမစိုက်ဘဲ “ငါပြောပြီးပြီ၊ ထွက်သွား…”

အနက်ရောင်ဝတ်ရုံအဘိုးအိုက အတော်လေး ဒေါသထွက်သွားပြီး “ငါ ဘယ်မှမသွားဘူး။ အဲဒါနဲ့ပတ်သက်ပြီး မင်းဘာလုပ်နိုင်မလဲ"

ယန်ယဲ့သည် အဘိုးအိုကို လှည့်ကြည့်ကာ "မင်းရဲ့တာအိုအမိန့်တော်က နောက်ထပ်

ပါရမီရှင် ဘယ်နှစ်ယောက်
ဆုံးရှုံးဖို့တတ်နိုင်မှာလဲ "

ယန်ယွဲ့ ပြန်ပြောလိုက်သည့် စကားကြောင့်
အဘိုးအို၏ မျက်နှာသည်
မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

ထိုနေ့တွင် ယန်ယွဲ့သည်
တာအိုအမိန့်တော်ကို တိုက်ရိုက်
စိန်ခေါ် ခဲ့ပြီး ၎င်းတို့၏ ဂုဏ်သတင်းကို
လုံးဝပျက်စီးစေခဲ့သည်။

ထိုအချိန်က တာအိုအမိန့်တော် အတွက်
ထူးထူးခြားခြား
စော်ကားမှုတစ်ခုပင်။ တည်ထောင်သူ
ဘိုးဘေးက ယန်ယွဲ့ကို လက်စားမချေဖို့
တားမြစ်ထားသော်လည်း
တာအိုအမိန့်တော်၏ အဖွဲ့ဝင်များနှင့်
သိုင်းသူတော်စင်များအတွက်က
မျိုသိပ်ထားဖို့ မဖြစ်နိုင်ပေ။

သို့သော် မည်မျှပင် ဒေါသထွက်နေပါစေ
အားလုံး တာအိုအမိန့်တော်၏

တည်ထောင်သူဘိုးဘေးအမိန့်ကို
လက်ခံရပေမည်။

ယခုအချိန်တွင် ယန်ယဲ့သည် သူ့ရှေ့၌
ထိုအဖြစ်အပျက်ကို ပြန်ပြောနေခဲ့၏။
ဒီစကားလုံးက
အနာပေါ်တုတ်ကျသည်ထက်ပင်
ဆိုးသေးသည်။ အဘိုးအိုကျူးယွမ်၏
မျက်နှာသည် ချက်ချင်းပင် မှိုင်းညို့သွားပြီး
အခန်းတွင်းရှိ လေထုသည်
တင်းမာလာခဲ့သည်။

ယန်ယဲ့သည် အဘိုးအိုကျူးယွမ်၏

အမူအရာကို ဂရုမစိုက်ဘဲ "လူအိုကြီး၊

အသက်ရှူ ၁၀ ရှိုက်စာအတွင်း မင်း ဒီမှာပဲ

ဆက်ရှိနေသေးရင် နောက်တစ်နေ့ကျ

ငါယန်ယဲ့ တာအိုအမိန့်တော်ကို လာခဲ့မယ်။

မင်းတို့ရဲ့ ပါရမီရှင်တွေ အကုန်

ထွက်မလာမချင်း စိန်ခေါ်မယ်"

အဘိုးအိုကျူးယွမ်၏ မျက်နှာက အေးစက်သွားပြီး "ကောင်လေး၊ မင်းမှာ အခွင့်အရေးတောင် မရှိဘူး"

ယန်ယဲ့က အေးစက်စက် ရယ်မောလိုက်သည်။ သူက "ဟုတ်သလား၊ ဒါဆို မင်းစမ်းကြည့်ချင်လား"

အဘိုးအိုကျူးယွမ်က ပြန်ပြောဖို့ပြင်လိုက်သော်လည်း ယုဝူရှမ်က သူ့ရှေ့တွင်ရပ်ကာ ရုတ်တရက်

ပြောလိုက်၏။ "အကြီးအကဲကျူးယွမ်၊ ယန်ယဲ့မှာ မကောင်းတဲ့ရည်ရွယ်ချက်မရှိပါဘူး။ ဝမ်အာကို ကုသပေးနိုင်ပေမဲ့ ဒီမှာဆက်နေဖို့က ငါတို့အတွက် မသင့်တော်ပါဘူး၊ ဒါကြောင့် သူက ငါတို့ကို ထွက်သွားဖို့ တောင်းဆိုခဲ့တာပါ”

"သူမကို ကုသပေးရမှာလား" အဘိုးအိုကျူးယွမ်က အေးစက်စွာ ရယ်မောလိုက်ပြီး "သူမရဲ့

သွေးကြောတွေနဲ့ အရိုးတွေ ကွဲအက်သွားပြီ။ သူမရဲ့ကိုယ်တွင်းအင်္ဂါတွေ အားလုံးက တစ်စစီ ပျက်စီးနေတယ်။ မူလဒန်တျန် ကွဲအက်နေပေမဲ့ နတ်ဘုရားအဆင့်မူလဆေးပင်က သူမရဲ့အသက်ကို ကယ်တင်နိုင်သေးတယ်။ ဒါပေမဲ့ သူ့အသက်ကို ဘာလုပ် ကယ်တင်ရမလဲ။ သူမရဲ့ ဒန်တျန်ပျက်စီးသွားပြီဆိုတော့ ဒဏ်ရာကနေ

သက်သာလာရင်တောင်တစ်သက်လုံး
ဒုက္ခိတတစ်ယောက်ပဲ ဖြစ်နေမှာ"

ယန်ယဲ့၏ မျက်နှာသည် ချက်ချင်းပင်
ကြမ်းတမ်းလာသည်။ ထိုအချိန်တွင်
ယုဝူရှမ်က သူ့လက်ကို ဆုပ်ကိုင်လိုက်ပြီး
စိတ်မြန်လက်မြန်မလုပ်ဖို့
တားဆီးလိုက်သည်။ သူမက
အဘိုးအိုကျူးယွမ်ကို စိုက်ကြည့်ကာ
"အကြီးအကဲ၊ သူ့စရိုက်ကို
ရှင်းရှင်းလင်းလင်း သိသင့်တယ်။ သူက

အခြေအနေတစ်ခုလုံးကို

ဂရုမစိုက်တဲ့သူမဟုတ်ဘူး။ အကြီးအကဲ၊

ဒီမှာ အချိန်ဖြုန်းနေမယ်ဆိုရင်

တာအိုအမိန့်တော်က အဲဒီနေ့ကထက်

ပိုဆိုးမှာသေချာတယ်။ ရှေးဟောင်းဓား

ကျောင်းတော်က သူ့ကို

ကာကွယ်ပေးမှာလား

မပေးဘူးလားဆိုတာက။ အဟဲ…၊

လုဝမ်အာက

ဒီလိုအခြေအနေမျိုးရောက်နေပြီဆိုတော့

ယန်ယဲ့က သူတို့ရဲ့တစ်ခုတည်းသော

မျှော်လင့်ချက်ဖြစ်သွားပြီ။ ဒီတော့
တာအိုအမိန့်တော်က ယန်ယွဲ့ကို
လက်စားချေဖို့ ရည်ရွယ်ရင်
ရှေးဟောင်းဓားကျောင်းတော်က သူ့ကို
ကာကွယ်မယ်လို့ ထင်သလား ဒါမှမဟုတ်
မကာကွယ်ဘူးဆိုတာ ဖြစ်နိုင်လား"

၁၂၁၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၁၀ - ငါမင်းကိုထာဝရဆုံးရှုံးသွားမှာကြောက်တယ်

အဘိုးအိုကျူးယွမ်သည် ယုဝူရှမ်ကို ခဏကြာ စိုက်ကြည့်ပြီးနောက် အေးစက်စွာ ရယ်မောကာ တံခါးဆီသို့ လျှောက်သွားလိုက်သည်။ သို့သော် တံခါးရှေ့ရောက်သောအခါတွင် ခဏရပ်လိုက်ပြီး "ယန်ယဲ့၊ ဟိုဟိုဒီဒီ ဖြစ်ပျက်နေတာတွေ။ မင်းက အဲဒီနေ့က

ငါ့တာအိုအမိန့်တော်ကို အရှက်ခွဲခဲ့လို့ မင်းကိုလက်စားချေလိုက်တာပဲ။ အမှန်ဆိုရင် ဒီကလေးမလေးကို ဖမ်းတဲ့အချိန်မှာ ငါ သူတို့ကို တားနိုင်တယ်။

ဒါပေမဲ့

ငါမလုပ်ခဲ့ဘူး။ ဘယ်ကြောင့်လဲသိလား၊ မင်းကို စောင့်ကြိုနေတဲ့ သနားစရာကောင်းတဲ့ ကံကြမ္မာကို ငါမြင်ချင်လို့လေ”

ထိုစကားပြောပြီးသည်နှင့် အဘိုးအိုကျုံးယွမ်သည်

တစ်ချက်ရယ်မောကာ အခန်းထဲကနေ ပျောက်ကွယ်သွားသည်။

ယန်ယဲ့သည် တံခါးဆီသို့ အချိန်အတော်ကြာ စိုက်ကြည့်လိုက်ပြီးနောက် သူ့အကြည့်ကို ဆုတ်လိုက်သည်။ ကုတင်ပေါ်တွင် လှဲနေသော လုဝမ်အာကို ကြည့်ကာ "မင်းတို့နှစ်ယောက်စလုံး ထွက်သွားလို့ရပြီ"

ယုဝူရှမ် နှင့် ရှန်ချင်းယင် တို့လည်း ခေါင်းညိတ်ပြီး ထွက်သွားကြသည်။

နှစ်ယောက်လုံး အခန်းထဲကနေ
ထွက်လာပြီးနောက် ယုဝူရှမ်က
စကားစလိုက်သည်။ "ယန်ယွဲ့နဲ့ လုဝမ်အာ
တို့နှစ်ယောက်လုံး အန္တရာယ်ရှိနေတယ်လို့
ရှေးဟောင်းဓားကျောင်းတော်ကို
အကြောင်းကြားလိုက်။ ဘာပဲဖြစ်ဖြစ်
သူတို့က သေချာပေါက်ရောက်လာမှာပဲ"

ရှန်ချင်းယင်က ထိတ်လန့်သွားပြီး "အကြီးအကဲကျူးယွမ်က သူတို့ကို တိုက်ခိုက်မယ်လို့ ထင်နေတာလား"

"သူက သဘာဝအတိုင်း ပွင့်ပွင့်လင်းလင်း လုပ်မှာ မဟုတ်ဘူး" ယုဝူရှမ်က ဆက်ပြောသည်။ “လူအိုကြီးက ဒီလောက်လူမိုက် မဟုတ်လေ။ သူသာ ပေါ်တင်လုပ်တာနဲ့ သိုင်းသူတော်စင်ဖြစ်ရင်တောင် သေရမှာသေချာတယ်။ ဒါပေမဲ့

လျှို့ဝှက်ပြီးလုပ်ကြံနိုင်တယ်။ဒီတစ်ခါဖြစ်
သွားသလိုပဲ။ သူ ဘာမှမလုပ်ရဘဲနဲ့ ယန်ယဲနဲ့
လုဝမ်အာ တို့နှစ်ယောက်လုံး
သေလုနီးပါးဖြစ်နေပြီလေ"

ရှန်ချင်းယင်သည် အချိန်တော်တော်ကြာ
လေးလေးနက်နက် စဉ်းစားနေပြီးနောက်
ခေါင်းညိတ်လိုက်၏။

ယုဝူရှမ်က ကောင်းကင်ယံအထက်ကို
မော့ကြည့်လိုက်သည်။ သူမ၏ မျက်လုံးထဲ၌

စိုးရိမ်ပူပန်မှုများ ပေါ်လာပြီး "အခုအချိန်မှာ လူသားမျိုးနွယ်က စိုးရိမ်စရာ အခြေအနေမှာ ရှိနေတယ်..."

.....

အခန်းထဲတွင်။

ယန်ယဲ့သည် လုဝမ်အာ၏ ကိုယ်ပေါ်မှ အဝတ်အစားများအားလုံးကို ဖယ်ရှားလိုက်သည်။

ဒီအခိုက်အတန့်တွင် လုဝမ်အာက အပြင်းအထန် ဒဏ်ရာရသွားသည်ဟု ဆိုနိုင်သည်။ မူလခရမ်းရောင်စွမ်းအင် ကဲ့သို့

ကောင်းကင်ဘုံကိုဆန့်ကျင်နေသော
ချိစွမ်းအင်ကို ပိုင်ဆိုင်မထားပါက သူမအား
ကုသပေးနိုင်သည့် စွမ်းရည်ကို သူပင်
ယုံကြည်မည်မဟုတ်ပေ။

လုဝမ်အာ၏ ခန္ဓာကိုယ်တစ်ခုလုံးဟာ
အတွင်းအပြင်ပိုင်းနှစ်ခုလုံးပါ ပြင်းထန်စွာ
ပျက်စီးသွားခဲ့သည်။ အထူးသဖြင့် သူမ၏
ကိုယ်တွင်းအင်္ဂါများက အတော်လေး
အခြေအနေဆိုးရွားလှသည်။ ဒီအချိန်မှာပဲ

လုဝမ်အာ၏ ကိုယ်တွင်းအင်္ဂါများက
တဖြည်းဖြည်း ပျက်စီးလာသည်။

ထို့ကြောင့်လည်း ယန်ယဲ့က လူတိုင်း
အခန်းထဲကနေ ထွက်သွားဖို့ ပြောခဲ့ခြင်းပင်။
အခြေအနေက အရေးကြီးနေသည်ဖြစ်ရာ
သူက အချိန်မဖြုန်းချင်ပေ။

ယန်ယဲ့သည် ခဏတာစဉ်းစားပြီး
အဖြူလေးကို ခေါ်လိုက်သည်။ ဒီအချိန်မှာ
အဖြူလေးက အိပ်ပျော်နေသည်ဖြစ်ရာ

လန့်နိုးလာပြီးနောက် ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

ယန်ယဲ့က သူမလေး၏ ခေါင်းကို
ပွတ်သပ်ပြီး "စနိုး(အဖြူလေး)၊ ငါ့ကို
ဝိညာဉ်စွမ်းအင်စုပ်ယူဖို့ ကူညီပါ"
ဟုပြောလိုက်သည်။ ခရမ်းရောင်မင့်ခ်က
လေးက
အဖြူလေး၏နှင်းလုံးကဲ့သို့ခန္ဓာကိုယ်ကြော
င့် "စနိုး"ဟု နာမည်ပေးဖို့ အကြံပြုခဲ့သည်။

ယန်ယဲ့က ဝိညာဉ်စွမ်းအင်ကို စုပ်ယူဖို့
ပြောသည်ကို ကြားသောအခါ စနိုး၏
မျက်လုံးသေးသေးလေးများက
တောက်ပလာပြီး လျင်မြန်စွာ
ခေါင်းညိတ်လိုက်သည်။

“သိပ်မြန်မြန် မလုပ်နဲ့။ ငါ့အတွက်
လုံလောက်အောင် စုပ်ယူနိုင်ရုံဆို ရပြီ
” သူစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
သူ့လက်ဝါးကို လုဝမ်အာ၏ ဝမ်း
ဗိုက်ပေါ်တင်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ရွှေချီကန်က စတင်လည်ပတ်လာသည်။ထို့နောက်တွင် ဆန်းကြယ်ရွှေချီကန်ကနေ မူလခရမ်းရောင်စွမ်းအင်များ စိမ့်ထွက်လာပြီး သူ့ခန္ဓာကိုယ်ထဲကနေ တစ်ဆင့် လုဝမ်အာ၏ ခန္ဓာကိုယ်ထဲသို့ တိုးဝင်လာခဲ့သည်။ ဆန်းကြယ်ရွှေချီကန်က မူလပုံစံအတိုင်း ပြန်မဖြစ်သေးသော်လည်း အတိုင်းအတာတစ်ခုထိ ယန်ယဲ့နှင့် ဆက်သွယ်နိုင်ခဲ့သည်။

သို့သော်လည်း ဆန်းကြယ်ရွှေချိုကန်က အတိတ်တုန်းကလို မဟုတ်တော့ပေ။ သူက ၎င်းကို အကြိမ်ကြိမ် တောင်းဆိုသည့်အခါ သို့မဟုတ် အတင်းအကြပ်ခိုင်းစေသောအခါမှသာ မူလခရမ်းရောင်စွမ်းအင်ကို ထုတ်ပေးခြင်းမဟုတ်ပါ။ သူ လိုအပ်သည့်အခါတိုင်း မူလခရမ်းရောင်စွမ်းအင်ကို ထုတ်လွှတ်ပေးခဲ့သည်။

ထိုအချိန်တွင် စနိုးက ပတ်ဝန်းကျင်မှ
ဝိညာဉ်စွမ်းအင်ကို
စတင်စုပ်ယူလိုက်သည်။ ပတ်ဝန်းကျင်ရှိ
ဝိညာဉ်စွမ်းအင်များသည် ယန်ယဲ့ ထံသို့
လျှင်မြန်စွာ တိုးဝင်လာပြီး
ဆန်းကြယ်ရွှေချိကန်ထဲသို့
ဝင်ရောက်သွားခဲ့သည်။ ထို့နောက်တွင်
ဝိညာဉ်စွမ်းအင်များသည်
မူလခရမ်းရောင်စွမ်းအင်အဖြစ်ပြောင်းလဲ

ကာ ယန်ယဲ့၏ ခန္ဓာကိုယ်ထဲကနေ လုဝမ်အာ
ဆီသို့ စီးဝင်လာပါသည်။

မပြတ်ပို့လွှတ်နေသော
မူလခရမ်းရောင်စွမ်းအင်ကြောင့်
လုဝမ်အာ၏ ဒဏ်ရာများသည်
တဖြည်းဖြည်းနှင့်
ကောင်းမွန်လာသည့်အရိပ်အယောင်များ
ပြသလာခဲ့သည်။

သူမ၏ ခန္ဓာကိုယ်အပေါ်ယံဒဏ်ရာများက
အနာဖေးများ ပေါက်ထွက်ကာ

အရေပြားအသစ်များ
ပေါက်လာသည်။ ထို့အပြင်
သူမ၏အတွင်းပိုင်းကျိုးသွားသောအရိုးများ
နှင့် သွေးကြောများကလည်း
တဖြည်းဖြည်းသက်သာလာခဲ့သည်။ အချိန်
တော်တော်ကြာသော်လည်း နောက်ဆုံးတွင်
အပြည့်အဝ ပျောက်ကင်းသွားခဲ့သည်။

ဒီမြင်ကွင်းကို မြင်လိုက်မှသာ ယန်ယဲ့၏
စိတ်ထဲက

စိုးရိမ်ပူပန်နေသောအလုံးကြီးလည်းကျသွား
ကာ စိတ်သက်သာရာရသွားတော့သည်။

ဤသို့ဖြင့်ပင် အချိန်များက တရွေ့ရွေ့နဲ့
ကုန်ဆုံးသွားခဲ့၏။

နောက်ထပ် ၂ နာရီကြာပြီးနောက်တွင်
လုဝမ်အာ၏
အပြင်ပိုင်းခန္ဓာကိုယ်သွင်ပြင်သည်
ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။ ထိုအခါ
သူမ၏ အဝတ်အစားကင်းမဲ့နေသော

ခန္ဓာကိုယ်လေးက ယန်ယဲ့၏ မျက်လုံးထဲ၌ ထင်းခနဲ ပေါ်လာသည်။ သို့သော် ယန်ယဲ့သည် သူ့မျက်လုံးထဲတွင် မည်သည့် တပ်မက်မှု အရိပ်အယောင်မျှပင် မရှိပေ၊ ဒီအချိန်မှာ သူက စိတ်သက်သာရာရသော ခံစားချက်များသာ ရှိနေသည်။

လုဝမ်အာ သာတစ်ခုခုဖြစ်သွားခဲ့ပါက သူ့နှလုံးသားထဲ၌ ထာဝရတည်မြဲနေသော အတွင်းစိတ်နတ်ဆိုးဖြစ်သွားပါလိမ့်မည်။ သို့မဟုတ် သူ့ကိုယ်သူ

ထာဝရခွင့်မလွှတ်နိုင်ဟု ဆိုရပေမည်။ ကံကောင်းစွာပဲ ဒီအခြေအနေက သူတတ်နိုင်သည့်အတိုင်းအတာအတွင်းသာ ရှိနေသေး၏။

နောက်ထပ် ၁

ရက်ကြာကုန်ဆုံးသွားပြီးနောက်တွင် လုဝမ်အာ၏ ခန္ဓာကိုယ်သည် ပုံမှန်အတိုင်း ပြန်ဖြစ်လာခဲ့ပါသည်။ ၎င်းသည် မူလခရမ်းရောင်စွမ်းအင်ကြောင့်သာ။ သို့သော်လည်း သူမ၏

အသစ်ပြန်ဖြစ်လာသော အသားအရေက

ကျောက်စိမ်းရောင်နှင့်

နူးညံ့သိမ်မွေ့သောရုပ်သွင်ကြောင့်

ခရမ်းရောင်အနည်းငယ်ပေါ်နေလေသည်။

ထို့အပြင် သူမ၏

အတွင်းဒဏ်ရာများသည်လည်း လျင်မြန်စွာ

သက်သာပျောက်ကင်းသွားခဲ့သည်။သူမ၏

ခန္ဓာကိုယ် သွေးကြောများ နှင့်

အရိုးများသည် အားလုံးနီးပါး

ပြန်လည်ကောင်းမွန်ပြီး

မူလဒန်တျန်တစ်ခုသာ ကျန်ရှိတော့သည် ။

လုဝမ်အာက
သတိပြန်ဝင်လာသည်နှင့်တပြိုင်နက်
ပထမဆုံးမေးသည့်အရာက သူမ၏
မူလဒန်တျန် ဖြစ်သည်။

ယန်ယဲ့က “ငါမသိဘူး၊ အရင်တုန်းက တခါမှ
မကြိုးစားဖူးဘူး"

လုဝမ်အာက "ဖြစ်နိုင်မယ်လို့
မျှော်လင့်ပါတယ်။ ဒါမှမဟုတ်ရင် ငါ

အခုချိန်ကစပြီး ဒုက္ခိတဖြစ်လိမ့်မယ်”
ဟုအားပျော့နေသောအသံလေးဖြင့်
ပြောခဲ့သည်။

"မင်း ဒုက္ခိတဖြစ်နေရင်တောင် မင်းအနားမှာ
ငါအမြဲတမ်းရှိနေမှာပါ" ယန်ယွဲ့က သူမကို
စိုက်ကြည့်ကာ "ငါအသက်ရှင်နေချိန်မှာ
မင်းကိုဘာမှဖြစ်ခွင့်မပေးဘူး"

လုဝမ်အာက ယန်ယွဲ့ကို အချိန်အတော်ကြာ
စိုက်ကြည့်နေလေသည်။ သူမက "နင်ငါ့ကို

သနားနေတာလား ဒါမှမဟုတ်
နင့်မှာအပြစ်ရှိသလို ခံစားနေရလို့လား"

ယန်ယဲ့က "မင်းဘယ်လိုထင်လဲ"

သူမက “ငါမသိပါဘူး။ အဲဒါကြောင့်
မေးတယ်လေ”

ယန်ယဲ့က စကားမစခင်
အချိန်အတော်ကြာအောင် နှုတ်ဆိတ်သွားပြီး
"ဝမ်အာ၊ မင်းက ငါဟာခံစားချက်တွေကို

ကြုံလာတဲ့အခါ သူရဲဘောကြောင်တဲ့သူလို့

ပြောတယ်။ ဘာလို့လဲ ဆိုတော့ ငါ

စိတ်ခံစားချက်ကို အမြဲ ရှောင်တယ်။ ဒါပေမဲ့

ငါက သူရဲဘောကြောင်လို့

မရှောင်ဘူးဆိုတာ

မင်းသိလား။ ဘာလို့လဲဆိုတော့

ကိုယ်ချစ်တဲ့သူတွေကို မထိခိုက်စေချင်ဘူး။

ငါ့အတွက်တော့ ချစ်ခြင်းမေတ္တာက

အမြဲတမ်း တစ်ကိုယ်ကောင်းဆန်တဲ့

အရာပဲ။ ဘယ်သူကမှ ကိုယ့်ခင်ပွန်းကို

တခြားသူတွေနဲ့ မျှဝေချင်စိတ်မရှိကြဘူး။
နားလည်ရဲ့လား"

သူမက “ဒါပေမဲ့ နှင်ဒီလိုလုပ်တာ
မတရားဘူး။တစ်စုံတစ်ယောက်ရဲ့
ခံစားချက်တွေကို နာကျင်စေတယ်လို့
နှင်ထင်တာမှားတယ်"

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး
"ဒီအကြောင်းကို ဆက်မပြောနဲ့တော့"

“နင်ကနောက်တစ်ခါ ရှောင်ဖို့ ကြိုးစားနေတာလား” ဘုဝမ်အာက မေးခဲ့သည်။

ဒီစကားကို ကြားလိုက်သည့်အခါ ယန်ယဲ့၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်လှုပ်သွားသည်။
အချိန်တော်တော်ကြာသွားပြီးနောက် သူက အကူအညီမဲ့နေပုံဖြင့် ရယ်မောလိုက်၏။
ထို့နောက် လုဝမ်အာ၏ လက်ကလေးကို ဆုပ်ကိုင်ကာ "ဝမ်အာ၊
မင်းကိုငါသနားလို့လား ဒါမှမဟုတ်

ငါ့ကိုယ်ငါအပြစ်ရှိသလိုခံစားရလို့လားလို့

မေးတယ်။ အခု

အဖြေပေးမယ်။ ငါအရမ်းအပြစ်ရှိသလိုခံ

စားရပေမဲ့

မင်းကိုမသနားဘူး။ဘာကြောင့်လဲဆိုတော့

ချစ်ခြင်းမေတ္တာဆိုတာက သနားစရာတစ်ခု

မဖြစ်သင့်ဘူးလေ။ မင်းသိလား...

မင်းကိုအဲလိုမြင်လိုက်ရတော့ ငါ့စိတ်တွေ

နာကျင်ရတယ်။ ငါ့နှလုံးသားကို

ခွဲထုတ်ထားသလို ခံစားရတယ်။ ငါ မင်းကို

ထာဝရ ဆုံးရှုံးရမှာ ကြောက်တယ်”

လုဝမ်အာသည် ယန်ယွဲ့ကို တွေတွေကြီး စိုက်ကြည့်နေပြီးနောက် ရုတ်တရက် ထထိုင်ကာ သူ့အနားသို့ တိုးကပ်လာသည်။ သူမက "နင့်ရဲ့ဝန်ခံချက်က တော်တော်ဆိုးပေမဲ့ ငါကြိုက်တယ်"

စကားပြီးသည်နှင့် ယန်ယွဲ့၏မျက်နှာကို ကိုင်ကာ နမ်းလိုက်သည်။

ယန်ယဲ့က အနည်းငယ်
အံ့အားသင့်သွားပြီးနောက်
ပြန်လည်တုံ့ပြန်လိုက်သည်။ သူ့လက်များက
လုဝမ်အာ၏ နောက်ကျောကို
ဖြည်းညင်းစွာပွတ်သပ်လိုက်ပါသည်။

စနိုးက ဒီမြင်ကွင်းကို
စပ်စုလိုသောအကြည့်ဖြင့်
ကြည့်နေလေသည်။ ထို့နောက်တွင် သူမ၏
မျက်နှာသေးသေးလေးက တဖြည်းဖြည်း
နီရဲလာသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
နှစ်ယောက်သားပွေ့ဖက်ထားရာမှ
လူချင်းခွာလိုက်ပြီး လုဝမ်အာ၏
မျက်နှာလှလှလေးက
အနည်းငယ်နီမြန်းသွားသည် ။

ယန်ယဲ့က ပြုံးလိုက်သည်။ သူက
လုဝမ်အာကို ကုတင်ပေါ်
ညင်သာစွာလှဲပေးလိုက်သည်။
သူ့လက်နှစ်ဖက်ကိုဆန့်ကာ သူမ၏

ဗိုက်ပေါ် ဖိကပ်လိုက်ပြီး
ဆန်းကြယ်ချီစွမ်းအင်များ
ပို့လွှတ်ပေးလိုက်လေသည်။

လုဝမ်အာက ရုတ်တရက် "ဒါဆို နင်ငါ့ကို
မြင်ဖူးသွားပြီ"

ယန်ယဲ့၏ ခန္ဓာကိုယ်သည် အနည်းငယ်
တောင့်တင်းသွားပြီး "ဘာပဲဖြစ်ဖြစ်၊ ဒါက
ငါတို့နှစ်ယောက်အတွက်
အနေ့းနဲ့အမြန်ပဲကွာမှာလေ"

၁၂၁၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၁၁ -

မျှော်လင့်ချက်မဲ့တဲ့အခြေအနေ၊

သိုင်းသူတော်စင်ကို သွားသတ်မလို့

လုဝမ်အာ၏ မျက်နှာလှလှလေးက

ရှက်ကိုးရှက်ကန်းနှင့်

ဒေါသအမျက်ထွက်နေသည့်
အမူအရာအချို့ပေါ်လာသော်လည်း
သူမ၏မျက်နှာတွင် အပြုံးတစ်ခု
ရှိနေသည်။ အဘယ်ကြောင့်ဆိုသော်
ယန်ယွဲ့သည် သူမ၏ခံစားချက်များကို
ရှောင်ထွက်သွားခြင်းမရှိတော့သောကြောင့်
ပါ။ အရေးကြီးဆုံးက သူမအပေါ်ထားသည့်
ယန်ယွဲ့၏ စိတ်ခံစားချက်များကို
သိလိုက်ရခြင်းပင်။

၄ နာရီခန့် ကြာပြီးနောက် ယန်ယဲ့သည်
သူ့လက်ကို ဖယ်လိုက်ပြီး သူ့မျက်နှာပေါ်တွင်
မှိုင်းညို့နေသည့် အမူအရာတစ်ခု
ရှိနေသည်။ အကြောင်းအရင်းမှာ သူ၏
မူလခရမ်းရောင်စွမ်းအင်က လုဝမ်အာ၏
မူလဒန်တျန်ကို
ပြန်ပြီးကုသနိုင်ခြင်းမရှိခဲ့ပေ။

လုဝမ်အာ၏ မျက်နှာလေးကလည်း
ပြိုတော့မည့်မိုးကဲ့သို့
အုံ့မှိုင်းနေပါသည်။ သူမ၏ မူလဒန်တျန်ကို

ဆုံးရှုံးသွားလျှင် သေချာပေါက်
ဒုက္ခိတဖြစ်ပါလိမ့်မော် ။ ဒီလိုအခြေအနေတွင်
သူမအနေဖြင့် မည်သို့
အသက်ဆက်ရှင်နိုင်ပါမည်နည်း။

"ဝမ်အာ၊ မင်းရဲ့မူလဒန်တျန်ကို ပြန်ကုသဖို့
သေချာပေါက် နည်းလမ်းရှိတယ်" ယန်ယွဲ့က
သူမကို နှစ်သိမ့်ပေးလိုက်ပါသည် "ဌာနမှူးက
ဗဟုသုတရှိတဲ့သူတစ်ယောက်ဆိုတော့
နည်းလမ်းတစ်ခုကို
သေချာသိထားမှာပါ။ ရွှေနတ်ဆိုးဝံပုလွေဘု

ရင်ကိုတိုက်ခိုက်ပြီးတာနဲ့
သူ့ကိုသွားမေးလိုက်မယ်”

လုဝမ်အာက အနည်းငယ် ခေါင်းညိတ်ပြီး
ငြိမ်သက်နေခဲ့သည်။

ယန်ယွဲ့သည် အချိန်တော်တော်ကြာ
လေးလေးနက်နက် တွေးတောပြီးနောက်
သူညာဖက်လက်ကို ရုတ်တရက်
ဝှေ့ယမ်းလိုက်သည်။ အနက်ရောင်ဝတ်လူ

၁၃ ယောက်နှင့် နတ်ဆိုးဝံပုလွေ ၄ ကောင်က
အခန်းထဲတွင် ပေါ်လာသည်။

လုဝမ်အာက အံ့ဩနေသောအမူအရာဖြင့်
ယန်ယဲ့ကို စိုက်ကြည့်နေ၏။

ယန်ယဲ့က ပြောလိုက်သည်
"သိုင်းသူတော်စင်တစ်ယောက်
မတိုက်ခိုက်ရင်
သူတို့မင်းအနားမှာရှိနေတဲ့အချိန်
မင်းကိုဘယ်သူမှ ဒုက္ခမပေးနိုင်ဘူး"

"ဘာလုပ်ဖို့စီစဉ်ထားတာလဲ" လုဝမ်အာက
နှလုံးသားထဲတွင် စိတ်မသက်မသာ
ခံစားချက်တစ်ခု ပေါ်လာပြီး
ယန်ယဲ့၏လက်ကို ဆုပ်ကိုင်လိုက်သည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူရင်း
လုဝမ်အာ၏ လက်ကနေ ရုန်းထွက်ကာ
အခန်းတွင်းမှ
ပျောက်ကွယ်သွားခဲ့သည်။ တစ်ချိန်တည်းမှာ
ပင် အခန်းအပြင်ဖက်မှ အသံတစ်သံ

ထွက်ပေါ်လာခဲ့သည်
"အဲဒီသိုင်းသူတော်စင်ကို
သွားသတ်လိုက်ဦးမယ်"

"သိုင်းသူတော်စင် ကိုသတ်ဖို့လား…"

ထိုအသံကို ကြားလိုက်ရသောအခါ
လုဝမ်အာသည် ချက်ချင်းပင်
ထိတ်လန့်သွားသည်။ သူမ၏ ဝတ်ရုံကို
ကမန်းကတန်းဝတ်ပြီး အခန်းထဲကနေ
ပြေးထွက်လိုက်သည်။

သို့သော် ယန်ယဲ့၏ အရိပ်အယောင်ကို မတွေ့ရတော့ပေ။

လုဝမ်အာ၏ ခန္ဓာကိုယ်လေးသည် နေရာတွင် တောင့်တင်းသွားသည်။

ဒီအချိန်မှာပဲ ယုဝူရှမ် နှင့် ရှန်ချင်းယင် တို့က သူမရှေ့တွင် ပေါ်လာကြသည်။ ယုဝူရှမ်က လုဝမ်အာကို အလျင်အမြန် ဖေးမလိုက်ပြီး "အစ်မ ဝမ်အာ၊ အခု အဆင်ပြေရဲ့လား"

လုဝမ်အာက သတိပြန်ဝင်လာပြီး ယုဝူရှမ်၏ လက်နှစ်ဖက်ကို အမြန်ဆွဲလိုက်ကာ "ယန်ယဲ့ ဘယ်မှာလဲ၊
နင် သူ့ကိုဆက်သွယ်လို့ရမလား"

ယုဝူရှမ်က အနည်းငယ် အံ့အားသင့်သွားပြီးနောက် သူမ၏ စိတ်ထဲတွင် မသက်မသာ ခံစားချက်တစ်ခု ပေါ်လာသည်။ "စောစောက သူထွက်သွားတာ ငါမြင်လိုက်တယ်။ ငါ သူ့ကို မေးကြည့်တော့ သူက

အရေးမပါတဲ့အရာတစ်ခုကို
ကိုင်တွယ်တော့မယ်လို့ ပြောခဲ့တယ်…
.” အစတွင် သူမက ယန်ယဲ့သည်
ပုံမှန်ကိစ္စတစ်ခုဟုသာ ထင်နေခဲ့၏။ ယခုမူ
လုဝမ်အာ၏အမူအရာကို မြင်လိုက်မှသာ
အခြေအနေက လုံးဝကို
အရေးကြီးနေကြောင်း သိလိုက်သည်။

ဤအထိ စဉ်းစားပြီးနောက် ယုဝူရှမ်က
တံ့ဆိုင်းမနေဘဲ သတင်းပို့အဆောင်ကို
အလျင်အမြန်ဖွင့်လိုက်သည်။ သို့သော်လ

ည်း အချိန်အတော်ကြာအောင်
စောင့်ဆိုင်းပြီးနောက်တွင်ပင် ယန်ယဲ့ ထံမှ
အကြောင်းပြန်ကြားခြင်း မပြုခဲ့ပေ။

ယုဝူရှမ်က မျက်နှာပျက်သွားပြီး "အစ်မ
ဝမ်အာ၊ သူ ဘယ်ရောက်သွားတာလဲ"

လုဝမ်အာက "သူ... သူက
သိုင်းသူတော်စင်ကို သွားသတ်တာ"

လုဝမ်အာ၏ အသံနှင့် ခန္ဓာကိုယ်လေးက တုန်တုန်ယင်ယင်နှင့် ထိုစကားများကို ပြောနေလေသည်။

"သိုင်းသူတော်စင် ကိုသွားသတ်တာတဲ့လား၊ ယန်ယဲ့က သိုင်းသူတော်စင် ကိုသတ်ချင်နေတာလား"

ဒီစကားကြောင့် ယုဝူရှမ် နှင့် ရှန်ချင်းယင် တို့လည်း အံ့အားသင့်သွားပြီး

မျက်လုံးများပင်
တဖြေးဖြေးပြူးကျယ်လာကြသည်။

"သတ်... သိုင်းသူတော်စင်ကို
သတ်မှာလား" ရှန်ချင်းယင်က
အံကြိတ်လိုက်မိသည်။ သူမ
နားကြားများလွဲသွားသလားဟု
ထင်နေသောကြောင့် ထပ်မေးခဲ့သည်။

အမှန်စင်စစ် သိုင်းသူတော်စင်အဆင့်
အောက်ရှိ ကျင့်ကြံသူတိုင်းသည်

ပုရွက်ဆိတ်များကဲ့သို့ပင်။ ထိုအရာက သဘာဝနိယာမ ဖြစ်သည်။

သူတော်စင်တစ်ပိုင်းအဆင့် က သိုင်းသူတော်စင်ကို စိန်ခေါ်သည့် အဖြစ်အပျက်များရှိခဲ့သော်လည်း သမိုင်းတစ်လျှောက် သိုင်းသူတော်စင်ကို သတ်နိုင်သည်ဟုတော့ တစ်ခါမှ မရှိခဲ့ပေ။ အနည်းဆုံးတော့ ထင်းရှူးစီရင်စု၏ သမိုင်းတစ်လျှောက် ဒီလိုအဖြစ်အပျက်မျိုး မရှိခဲ့ပါ။

ယခုအချိန်တွင်မူ ယန်ယဲ့သည်
သိုင်းသူတော်စင်တစ်ယောက်ကို သတ်ဖို့
ရည်ရွယ်ကြောင်း ကြားလိုက်ရ၏။
ဒီသတင်းက သူတို့ကို အကြီးအကျယ်
ထိတ်လန့်သွားစေခဲ့သည်။

"သူက စိတ်မြန်လွန်းတယ်" လုဝမ်အာ၏
အသံကစိုးရိမ်စိတ်များ ပြည့်နှက်နေကာ
ခေါင်းယမ်းလိုက်သည်။

"ဒါပေမဲ့ သူက နင့်အတွက် လုပ်ပေးနေတာ"
ရှန်ချင်းယင်က ရုတ်တရက် ပြောလေသည်။
"သူက နင့်ကိုယ်စားလက်စားချေဖို့
ရည်ရွယ်ထားတာလေ၊ ဟုတ်တယ်မလား"

"ဒါပေမဲ့ ငါ သူ့ကို ဘာမှမဖြစ်စေချင်ဘူး"
လုဝမ်အာက တိုးတိုးလေးပြောပြီး
ကောင်းကင်ယံအထက်ကို
မော့ကြည့်လိုက်သည်။

ဒီအချိန်မှာ ယုဝ္ဂရှမ်၏ ရှေ့မှအာ
ကာသဟင်းလင်းပြင်သည်
တစ်ချက်တွန့်သွားပြီးနောက်
သူမ၏မျက်နှာက
မမြင်နိုင်လောက်အောင်ပင်
အချိန်အတော်ကြာထိ ဖြစ်သွားသည်။

ရှန်ချင်းယင်က မျက်မှောင်ကြုတ်ကာ
"ဘာဖြစ်တာလဲ"

ယုဝ္ဂရှမ်က သူမ၏ လက်သီးများကို
ဆုပ်ထားပြီး
"ကောင်းကင်ဝါးမျိုးစပါးအုံးကလန် နဲ့
သံမဏိမျောက်ဝံကလန်က
ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော် ဆီကို
ချီတက်သွားကြပြီ"ဟု ပြောလိုက်လေသည်။

ရှန်ချင်းယင်က
"ရှေးဟောင်းဓားကျောင်းတော်ရဲ
သိုင်းသူတော်စင်တွေသာ ဒီကို မလာနိုင်ခဲ့ရင်

ယန်ယဲ့နဲ့ပတ်သက်ပြီး ငါတို့
ဘာလုပ်ကြမလဲ။ ဒါဆို
တိမ်ပင်လယ်အကယ်ဒမီက
မျှော်လင့်မဲ့တဲ့အခြေအနေကို
ရောက်သွားပြီပေါ့"

ယုဝူရှမ် နှင့် လုဝမ်အာ တို့က ရုတ်တရက်
"သူအသက်ရှင်လျက်ပြန်လာမှာပါ"

စကားပြောပြီးတာနဲ့ နှစ်ယောက်သား
တစ်ယောက်ကို တစ်ယောက်

အကြည့်ချင်းဖလှယ်ပြီး
ခေါင်းညိတ်ကြသည်။

...

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းအနက်ပိုင်း...
.၊

ရေကန်တစ်ခုအနားတွင်....။

ယန်ယဲ့သည်
သူ့ညာလက်ကိုဝှေ့ယမ်းလိုက်သည်။

အနီရောင်နှင့် အစိမ်းရောင်အလင်းတန်းများ လင်းလက်လာပြီး ချင်းနှင့်ဟုန် တို့က သူ့ရှေ့တွင် ပေါ်လာကြသည်။

"တစ်ခုခုလိုသေးလား" ဟုန် က ယန်ယဲ့ကို မကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်သည်။ ထိုနေ့က သူမနှင့် ချင်း တို့နှစ်ယောက်လုံး ဒဏ်ရာအပြင်းအထန် ရသွားသောကြောင့် အချိန်အတော်ကြာအောင် လေ့ကျင့်နေခဲ့ခြင်းပင်။ သို့သော် ယန်ယဲ့က

သူတို့ကို အပြင်ထွက်လာခိုင်းသဖြင့် အတော်လေး စိတ်ပျက်သွားသည်။

ယန်ယဲ့က "မင်းတို့နှစ်ယောက်လုံး သိုင်းသူတော်စင်အဆင့် ကိုရောက်ဖို့ ဘာတွေလိုလဲ"

ဟုန် က "နင်ဘာပြောဖို့ကြိုးစားနေတာလဲ"

ယန်ယဲ့က ပြောလိုက်သည် "မင်းတို့နှစ်ယောက်စလုံးက စုန့်ယွမ်

ထက်အများကြီးပိုသန်မာသလို ပိုပြီး အားကောင်းတယ်။ ဒါပေမဲ့ လက်ရှိမင်းတို့ရဲ့ခွန်အားက ငါနဲ့အဝေးကြီးပဲ။ နှစ်ယောက်လုံး သိုင်းသူတော်စင်အဆင့် ကိုရောက်မှပဲ ငါ့အတွက် အကူညီဖြစ်နိုင်တော့မယ်။ ဒါကြောင့် ပြောပါ။ မင်းတို့နှစ်ယောက်လုံး စွမ်းအင်ကျောက်တုံးတွေ ဒါမှမဟုတ် မူလခရမ်းရောင်စွမ်းအင် လိုသလား"

“ငါတို့ အဆင့်တက်ဖို့အတွက်ဆို
ခရမ်းရောင်သလင်းကျောက် လိုတယ်။
နင့်မှာ အဲဒါတွေ ရှိလို့လား" ဟုန်၏
ပါးစပ်ထောင့်တွင် လှောင်ပြောင်မှု
အရိပ်အယောင်များ ရှိနေသည်။

ယန်ယဲ့က ဘာစကားမှ မပြောဘဲ သူ့ဓားကို
ဆွဲထုတ်ပြီး ဟုန်၏
ရှေ့ကိုချက်ချင်းရောက်လာကာ
ပိုင်းချလိုက်သည်။

ဟုန်၏ အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားသည်။ ယန်ယဲ့က
ရုတ်တရက်ကြီး တိုက်ခိုက်လိမ့်မည်ဟု
မမျှော်လင့်ထားသဖြင့် သူမ၏
ညာဖက်လက်ဝါးကို ရှေ့သို့
အမြန်ရိုက်ထုတ်လိုက်ရသည်။

ဘမ်း!

ပြင်းထန်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာသည်။ဟုန်၏ ခန္ဓာကိုယ်က

လွင့်ပျံသွားကာ အဝေးမှ
တောင်တစ်လုံးနှင့်တိုက်မိသွားသည်။
တောင်တစ်ခုလုံး ပြင်းထန်စွာ
တုန်လှုပ်သွားကာ ကျောက်တုံးကြီးများပင်
လိမ့်ဆင်းလာပါတော့သည်။

ဟုန်က မတ်တပ်ထရပ်လာသည်။ သူမ၏
လက်ဖဝါးပေါ် ရှိ သွေးစို့ဒဏ်ရာကို
စိုက်ကြည့်ရင်း မျက်လုံးများတွင်
ရက်စက်ကြမ်းကြုတ်စွာ
သတ်ဖြတ်လိုစိတ်များ ပေါ်လာသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ
"ကြည့်ရတာ နင်က သေခြင်းတရားကို
ချစ်မြတ်နိုးနေတာထင်တယ်"

ထိုစကားပြောပြီးသည်နှင့် ဟုန်က
တိုက်ခိုက်လိုက်၏။ သို့သော်လည်း
သူမ၏အမူအရာသည် နောက်တစ်ကြိမ်
ပြောင်းလဲသွားကာ မျက်လုံးထဲ၌
အံ့အားသင့်နေသည်များ
ပြည့်နှက်နေလေသည်။ အဘယ်ကြောင့်ဆို
သော် မမြင်နိုင်သော စွမ်းအားတစ်ခုက

သူမအပေါ် တန်ချိန်သန်းချီသော တောင်တန်းများကဲ့သို့ ဖိနှိပ်ထားလို့ပါ။

ဟုန် တစ်ယောက်တည်းသာမကပေ၊ ချင်သည်လည်း အံ့အားသင့်သွားသည်။

"ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ..." ဟုန်က ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။ နင်က ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို  ဘယ်လိုပိုင်ဆိုင်နိုင်မှာလဲ"

ယန်ယဲ့က သူမကို အေးစက်စွာ ကြည့်ပြီး
“ဟုန်အမျိုးသမီး! ငါယန်ယဲ့က မင်းကို
ဘာအကြွေးမှ တင်မထားဘူးဆိုတာ
သတိရပါ။ ဒါကြောင့်
ငါတို့နှစ်ဖက်စလုံးအတွက်
တရားမျှတတဲ့ရလာဒ်ကိုမျှော်လင့်ထားလို့
မင်းနှစ်ယောက်စလုံး
သိုင်းသူတော်စင်အဆင့်
ကိုရောက်အောင်ကူညီပေးဖို့ ငါပြောခဲ့ပြီးပြီ။
မင်းတို့ကို သိုင်းသူတော်စင် ဖြစ်လာဖို့

ငါမတောင်းဆိုပါဘူး။ ပြီးတော့ မင်းကို
ငါဘာမှပေးစရာမလိုဘူးလေ။ နားလည်လား
"

ထိုစကားပြောပြီးနောက် ယန်ယဲ့က ချင်
အမျိုးသမီးကို စိုက်ကြည့်ရင်း "ငါ သူနဲ့
စကားမပြောချင်တော့ဘူး။ မင်းကငါနဲ့စ
ကားပြောချင်စိတ်ရှိလား။ မဟုတ်ရင်
တစ်ခါတည်းပြောလိုက်မယ်။ နှစ်ယောက်စ
လုံး အခုချက်ချင်း ထွက်သွားလို့ရပြီ။
မင်းတို့အတွက်နဲ့ ငါ့အချိန်တွေနဲ့
မူလခရမ်းရောင်စွမ်းအင်ကို မဖြုန်းချင်ဘူး"

ချင် အမျိုးသမီးက မပြောခင် ခဏလောက် တွန့်ဆုတ်နေခဲ့ပြီးမှ "ငါတို့... ခရမ်းရောင်သလင်းကျောက်တွေ လိုတယ်။ အများကြီးမလိုပါဘူး။ ငါတို့ တစ်ခုစီပဲလိုတယ်"

"မင်းမှာ ခရမ်းရောင်သလင်းကျောက် ရှိရင် သိုင်းသူတော်စင်အဆင့် ကို တက်နိုင်မလား" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ငါ့အထင်တော့ ဒါက သိပ်မရိုးရှင်းဘူးမဟုတ်လား"

၁၂၁၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၁၂ - သိုင်းသူတော်စင်

ကိုသတ်နိုင်မလား ကြည့်ရအောင်

ချင်အမျိုးသမီးက ခေါင်းယမ်းကာ “ဒါက

မလွယ်ပါဘူး၊ ဟုတ်ပါတယ်။ အဲဒီအတွက်

ဝိညာဉ်စွမ်းအင်၊ အစီအရင်တွေနဲ့

တခြားအရာတွေလိုအပ်တယ်။ ဒါပေမဲ့ ငါတို့ရဲ့အဖေနဲ့အမေက ကြိုပြီးပြင်ဆင်ထားပေးတယ်။ ငါတို့မှာမရှိတဲ့အရာက ခရမ်းရောင်သလင်းကျောက် ပဲ”

ယန်ယွဲ့က သူ့လက်ဖဝါးကို လှန်လိုက်ရာ သူ့လက်ပေါ်တွင် ခရမ်းရောင်ရောင်သလင်းကျောက်တစ်တုံးပေါ်လာသည် "ဒီလို သလင်းကျောက် လား"

ချင်နှင့်ဟုန် တို့နှစ်ယောက်စလုံး ယန်ယဲ့၏
လက်ထဲမှ
မူလခရမ်းရောင်သလင်းကျောက်ကို
မြင်လိုက်ချိန်တွင် တုန်လှုပ်သွားကြသည်။
ချင်အမျိုးသမီးက “ဘယ်လို… နင်က
မူလခရမ်းရောင်သလင်းကျောက် ကို
ဘယ်လို ရနိုင်မှာလဲ။ ငါမှားရင် အဲဒါကို
ပိုင်ဆိုင်ထားတဲ့သူတွေက
သိုင်းသူတော်စင်တွေပဲ ဖြစ်နိုင်သလို ဒါက
သိုင်းသူတော်စင်တွေအတွက်တောင်
အဖိုးတန်တယ်။ တခြားသူကို ပေးဖို့

မဖြစ်နိုင်ဘူး။ ဒါဆို နင်ဒါကို ဘယ်လိုရနိုင်မှာလဲ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ဒါ မင်းရဲ့ကိစ္စမဟုတ်ဘူး။ အရေးကြီးတာက မင်းလိုအပ်တဲ့အရာပဲ”

ချင်အမျိုးသမီးက ခဏတာ တိတ်ကျသွားပြီးမှ "နင် ငါတို့ကို ပေးမယ်ဆိုတာ သေချာရဲ့လား" ဟု မေးလေသည်။

"ဟုတ်တယ်၊ ဒါက မရိုးရှင်းပါဘူး" ယန်ယဲ့က ဆက်ပြောလိုက်သည်။ "မင်းရဲ့ အတွင်းစိတ်နတ်ဆိုးကို တိုင်တည်ပြီး ကတိသစ္စာပြုရမယ်။ မင်းတို့ သိုင်းသူတော်စင် ဖြစ်သွားတာနဲ့ ငါ့ကို အချက် ၃ ချက်လောက် ကူညီပေးဖို့ပဲ"

"ငါ့ရဲ့အတွင်းစိတ်နတ်ဆိုးကို ကျိန်ဆိုရမယ်..." ချင်အမျိုးသမီး၏

အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။

ကျိန်ဆိုခြင်းသည် အချို့သူအတွက်
ကြီးကြီးမားမားမဟုတ်သလို
ဖြည့်ဆည်းပေးဖို့ ပျက်ကွက်လျှင်လည်း
အရေးမကြီးပါ။သို့သော် အချို့သော
ကျင့်ကြံသူများအတွက်တော့ ကျိန်ဆိုခြင်း
သို့မဟုတ် ကတိသစ္စာက
အလွန်ကန့်သတ်ထားသည်။

အကယ်၍ ပေးထားသည့် ကတိအတိုင်း
မဖြည့်ဆည်းနိုင်ခဲ့ပါက

၎င်းတို့၏အတွင်းစိတ်ဝိညာဉ်ကပြီးပြည့်စုံ
သော အခြေအနေသို့ ရောက်ရှိနိုင်မည်
မဟုတ်ပေ။ ဒီလိုအခြေအနေတွင် သူတို့၏
ကျင့်ကြံမှုအဆင့်ကို ချိုးဖျက်ဖို့
ကြိုးစားပါက
ကပ်ဘေးများနှင့်ရင်ဆိုင်ရပေမည်။

"နင်က အရမ်းလွန်လွန်ကဲကဲ
တောင်းဆိုနေတာပဲ" ဟုန်အမျိုးသမီးက
"ယန်ယဲ့၊ အဲဒီနေ့က နင်သာ
မလုပ်ရင်  ငါတို့နှစ်ယောက်လုံး

ဒဏ်ရာအကြီးအကျယ်

ရသွားမှာမဟုတ်ဘူး။ ဒါတောင် နင်….”

"ပါးစပ်ပိတ်ထားစမ်း" ယန်ယဲ့က

ဟုန်အမျိုးသမီးကို အော်ငေါက်လိုက်ပြီး

အေးစက်စက်စိုက်ကြည့်ကာ

"ဟုန်အမျိုးသမီး၊ အဲဒီနေ့က ငါမှားခဲ့တယ်။

ဒါပေမဲ့ မင်းတို့နှစ်ယောက်စလုံးကို

ပြန်ကောင်းအောင် ကူညီပေးပြီးပြီ။

ဒါကြောင့် အခုအချိန်မှာ မင်းတို့က

နဂိုအတိုင်း ပြန်ဖြစ်နေပြီလို့တောင်

ယူဆနိုင်တယ်" ဒီစကားပြောပြီးသည်နှင့် ယန်ယဲ့က ချင်အမျိုးသမီးဖက်ကို လှည့်ပြီး "ဟုတ်လား ...မဟုတ်ဘူးလား"

ချင်အမျိုးသမီးက စကားပြောဖို့ပြင်နေစဉ် ဟုန်အမျိုးသမီးက စကားဖြတ်ပြောလိုက်သည်။ သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "ယန်ယဲ့၊ နင်.... နင်က ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို နားလည်ထားလို့ ငါတို့ကိုအနိုင်ယူနိုင်မယ်လို့ ထင်နေတာလား။ ငါတို့ ပေါင်းတိုက်ရင်

သိုင်းသူတော်စင်တွေကိုတောင်
တိုက်ခိုက်နိုင်တယ် ဆိုတာ
နင်သိထားစေချင်တယ်"

ယန်ယဲ့က သူမကို ဘာမှမထူးခြားသလိုသာ
စိုက်ကြည့်ရင်း "ဒါဆို
မင်းဘာလုပ်နေတာလဲ...."

"ပြီးတော့...ပြီးတော့ နင်သေပြီ"
ဟုန်အမျိုးသမီးက “နင့်မှာ အသိဉာဏ်ရှိရင်
နင်ပိုင်တဲ့ ခရမ်းရောင်သလင်းကျောက်တွေ

အားလုံးကို လွှဲပေးပြီး ငါတို့ကို
သိုင်းသူတော်စင်ဖြစ်အောင်လုပ်ပေး။ ငါတို့
စိတ်ကျေနပ်ရင်
နင့်ကိုကူညီမယ်။ မဟုတ်ရင်.... ဟမ့်။
နင့်ဆီက အတင်းအကြပ်လုယူတယ်ဆိုပြီး
ငါတို့ကိုအပြစ်မတင်နဲ့"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“ဟုန်အမျိုးသမီး၊ မင်းက အတော်လေး
မိုက်မဲတာပဲ၊ ငြိမ်ငြိမ်နေတာကောင်းမယ်"

"နင်ကသေချင်နေတာလား" ဟုန်အမျိုးသမီး
က ဒေါသတကြီးဖြစ်ကာ
တိုက်ခိုက်ဖို့ပြင်လိုက်၏။ သို့သော်လည်း
ချင်အမျိုးသမီးက သူမကို တားလိုက်သည်။

ချင်အမျိုးသမီးက ဟုန် ကို စိုက်ကြည့်ရင်း
“အစ်မကြီး၊ သူပြောတာ
မှန်တယ်။ တကယ်တော့ ငါတို့က
အခုတောင်မှ သူ့ကို အကြွေးတင်နေပြီ။
သူက ငါတို့ကို ဘာအကြွေးမှ
ပေးစရာမရှိဘူး။ ငါတို့ကို ဘာမှတောင်းစရာ

မလိုဘူး။ ဆန့်ကျင်ဖက်အနေနဲ့ ငါတို့က ပဲ သူ့ကို အကူအညီတောင်းသင့်တယ်”

ဟုန်အမျိုးသမီးက ဒေါသတကြီးဖြင့် “သူက ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ ကို ပိုင်ဆိုင်ထားတယ်ဆိုရင်တောင် ငါတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုတွေက သူ့ကို သတ်ပစ်ဖို့ လုံလောက်တုန်းပဲ”

ချင်အမျိုးသမီးက ခေါင်းခါသည်။ "သူ့ရဲ့ ခရမ်းရောင်သလင်းကျောက်တွေကို

ငါတို့ရှေ့မှာ ထုတ်ဖော်ပြရဲတယ်ဆိုမှတော့
ငါတို့ကို
လုံးဝကြောက်တာမဟုတ်ဘူးဆိုတာ
သက်သေပြခဲ့တယ်"

ဒီစကားပြောပြီးသည်နှင့် ချင်အမျိုးသမီးက
ယန်ယဲ့ကို စိုက်ကြည့်ရင်း "ငါ
သဘောတူပါတယ်။ ငါ
သိုင်းသူတော်စင်အဆင့် ကိုရောက်သရွေ့
နင့်ကို အချက် ၃ ချက် ကူညီပေးမယ်"

ယန်ယဲ့သည် သူ့ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ

ခရမ်းရောင်သလင်းကျောက်တစ်တုံးက

ချင်အမျိုးသမီး ထံရောက်လာပြီး

"မင်းရဲ့ကတိက

ငါလိုအပ်တာဘဲ။ ကတိသစ္စာပြုဖို့

မလိုအပ်ပါဘူး”

ချင်အမျိုးသမီးက အနည်းငယ်

အံ့အားသင့်သွားသည် “နင်….”

ယန်ယဲ့က "ငါက လူတစ်ချို့ကို ယုံကြည်ဖို့ ရွေးချယ်တတ်တယ်"

ချင်အမျိုးသမီးက ယန်ယဲ့ကို လေးလေးနက်နက်နှင့် အချိန်တော်တော်ကြာသည်ထိ စိုက်ကြည့်လိုက်ပြီး "ဒီလိုဆို ကျေးဇူးတင်ပါတယ်"

ယန်ယဲ့က "ဒါဆို မင်းတို့ အဆင့်တက်ဖို့ ဘယ်လောက်ကြာမှာလဲ”ဟု ထပ်မေးလိုက်သည်။

သူမက “ငါ့ရဲ့ မျိုးနွယ်ကို ပြန်ရောက်တာနဲ့ ချက်ချင်း စလို့ရတယ်။ အနည်းဆုံး ၃ ရက်လောက်တော့ ကြာမယ်”

"မင်းအောင်မြင်မယ်လို့ မင်းကိုယ်တိုင်ဘယ်လောက်ယုံလဲ" ယန်ယဲ့ က မေးလိုက်၏။

"၄၀ ရာခိုင်နှုန်းလောက်...."

"အဲ့ဒါ အများဆုံးလား" ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

"တကယ်မြင့်တယ်" ချင်အမျိုးသမီးက "လွန်ခဲ့တဲ့နှစ်တွေတစ်လျှောက်လုံး ငါ့အဖေနဲ့အမေက ဒီအတွက် လုံလောက်တဲ့ပြင်ဆင်မှုတွေ လုပ်ထားပေးလို့သာပဲ။ ဒီလိုမှမဟုတ်ရင်

သာမန်နောက်ခံတောင်မရှိတဲ့
ကျင့်ကြံသူတွေက သိုင်းသူတော်စင်အဆင့်
ကိုရောက်ဖို့ ၂၀ ရာခိုင်နှုန်းလောက်
ယုံကြည်မှုရှိရင်တောင် အံ့သြစရာဖြစ်မယ်”

ယန်ယဲ့က သိချင်စိတ်ဖြင့်
မေးလိုက်လေသည် “မင်းရဲ့မိဘတွေက
ဘယ်မှာလဲ”

ချင်အမျိုးသမီးက "သူတို့သေသွားပြီ"

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး
"မင်းတို့အောင်မြင်ရင်
တိမ်ပင်လယ်အကယ်ဒမီမှာ ငါ့ကို
လာရှာလှည့်"

ထိုစကားပြောပြီးနောက် ယန်ယဲ့က
လှည့်ပြီးထွက်သွားခဲ့သည်။

ထိုအချိန်တွင် ဟုန်အမျိုးသမီးက
ရုတ်တရက် "ခဏနေဦး"

ယန်ယဲ့က နောက်လှည့်ပြီး သူမကိုကြည့်ကာ "ဘာလဲ"

ဟုန်အမျိုးသမီးက "ငါ့ရဲ့ ခရမ်းရောင်သလင်းကျောက်က ဘယ်မှာလဲ"

ယန်ယဲ့က သူမကို ခဏလောက် စိုက်ကြည့်ပြီးနောက် “ငါ့ကို သတ်ချင်တဲ့သူကို သိုင်းသူတော်စင်အဆင့် ရောက်အောင်

ကူညီပေးနိုင်လောက်အောင်အထိ
ငါယန်ယဲ့ကို လူမိုက်လို့ မင်းထင်နေတာလား
” စကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်က
တောက်ပလာပြီး မိုးကုပ်စက်ဝိုင်းထဲသို့
ပျောက်ကွယ်သွားခဲ့သည်။

ဟုန်အမျိုးသမီးက စကားမပြောနိုင်တော့ပါ။

…

ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏

ဝင်ပေါက်....။

ယန်ယဲ့သည် ချက်ချင်း မဝင်သေးဘဲ

ပတ်ဝန်းကျင်ကို တစ်ချက် စစ်ဆေးရင်း

မြို့တံခါးများအနီးရှိ အရိပ်များနှင့်

သူ့ကိုယ်သူ ပေါင်းစပ်လိုက်သည်။

ဒီအချိန်မှာ ဓားနယ်မြေကိုပါ

အသက်သွင်းထားသောကြောင့်

သိုင်းသူတော်စင်တစ်ယောက် ရှိနေလျှင်ပင်

သူ၏အရှိန်အဝါကို ရှာတွေ့ဖို့ မဖြစ်နိုင်ပေ။

ယန်ယွဲ့သည် ရွှေနတ်ဆိုးဝံပုလွေ
နန်းတော်ဆီသို့ လှမ်းကြည့်လိုက်ရင်း
သူ့မျက်နှာသည် တဖြည်းဖြည်း
အုံ့မှိုင်းသွားပြီး “အစွမ်းထက်
သိုင်းသူတော်စင် တဲ့လား။
ငါဒီနေ့သတ်နိုင်မလား ကြည့်ရအောင်”

စကားဆုံးသည်နှင့် ယန်ယွဲ့၏ခန္ဓာကိုယ်သည်
လွင့်မျောလာသည့် အရိပ်တစ်ခုအဖြစ်
မြို့ထဲသို့ ဝင်ရောက်သွားလေတော့သည်။

.....

ရွှေနတ်ဆိုးဝံပုလွေ နန်းတော်....။

ဒီအချိန်တွင် ထိပ်ဆုံးထိုင်ခုံ၌ လူငယ်တစ်ဦး
ထိုင်နေသည်။ ထိုလူငယ်က
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
ဒုတိယသားတော် ချီလန်း
ဖြစ်သည်။ သူသည်
တံခါးပိတ်ကျင့်ကြံနေသော်လည်း
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ကလန်၏အရေးကိစ္စများကို စီမံခန့်ခွဲဖို့

မည်သူမျှမရှိသောကြောင့်
အပြင်ထွက်လာခဲ့ရသည်။

ခန်းမဆောင်၏ အလယ်တွင်တော့
သံမဏိမျောက်ဝံကလန်မှ စုန့်ယွမ် နှင့်
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်၏
နံပါတ်တစ် ပါရမီရှင် ဟဲယု
တို့ထိုင်နေကြသည်။

ခန်းမအလယ်ခေါင်ရှိ ထိုင်ခုံမှာတော့
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

အကြီးအကဲလီယွန်နှင့် ရွှေရောင်ဝတ်ရုံ
အမျိုးသားတစ်ဦးက နေရာယူထားသည်။
ဒီအချိန်မှာ
အဘိုးအိုလီယွန်၏လက်နှစ်ဖက်လုံးက
အကောင်းပကတိအတိုင်းရှိနေကာ
မည်သည့်ဒဏ်ရာမှမရှိတော့ပေ။

ချီလန်းက စုန့်ယွမ်နှင့် အခြားလူများကို
ဝေ့ကြည့်ရင်း အဆုံးတွင် သူ့အကြည့်များက
အဘိုးအိုလီယွန်အပေါ်သို့ စိုက်ကြည့်ကာ
“စီနီယာ လီယွန်၊ ယန်ယွဲ့နဲ့

တိုက်ခိုက်ခဲ့တယ်။ သူ စီနီယာနဲ့တောင်
တိုက်ခိုက်ရဲတယ်ဆိုတော့
သူ့ရဲ့အစွမ်းသတ္တိကို
အကောင်းဆုံးနားလည်ထားမှာပေါ့။
ယန်ယဲ့က အခုအချိန်မှာ ဘယ်လောက်
သန်မာလဲဆိုတာကို
သိချင်မိတယ်။ ဒါမှလည်း ငါတို့က သူ့ရဲ့
ခွန်အားကို ထပ်ပြီး လျှော့မတွက်မိဖို့နဲ့
မတတ်သာတဲ့ ဆုံးရှုံးမှုတွေ
ထပ်ဖြစ်မလာအောင် တားဆီးနိုင်မှာ”

ချီလန်း၏ စကားကို ကြားသောအခါ အဘိုးအိုလီယွန်သည် မျက်ခွံများ အနည်းငယ်လှုပ်ယမ်းသွားသည်။ တစ်ချိန်တည်းတွင် ယန်ယဲ့၏ ခွန်အားကို ပြန်တွေးမိသည့်အခိုက် သူ့မျက်နှာတွင် လေးနက်သောအမူအရာတစ်ခုကို ထုတ်ဖော်ပြသလိုက်သည်။

သို့သော်လည်း သိပ်မကြာလိုက်ပေ၊ သူ့မျက်နှာက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ သူက "ဒီလူယန်ယဲ့ကို ယှဉ်နိုင်တဲ့ လူငယ်မျိုးဆက်တွေ

ရှိတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ တစ်ယောက်မှမမြင်ရသေးဘူး။ တကယ်လို့ သူ့ကို အရိပ်ထဲကနေ ကူညီပေးတဲ့ ပညာရှင်တစ်ယောက်မှ မရှိရင် ငါ သူ့ကို အပိုင်းပိုင်း ခွဲလိုက်နိုင်မယ်”

ချီလန်းက "တာအိုအမိန့်တော်ရဲ့ မဟာအကြီးအကဲကျူးယွမ် လား"ဟု မေးရင်း မျက်မှောင်ကြုတ်လိုက်သည်။

အဘိုးအိုလီယွန်က စုန့်ယွမ်ကို တစ်ချက်
စိုက်ကြည့်လိုက်သော်လည်း
စကားမပြောဘဲ တိတ်ဆိတ်နေခဲ့သည်။

"အစ်ကို စုန့်ယွမ်၊ မင်း မကြာခင်
လက်စားချေနိုင်လိမ့်မယ်" ချီလန်းက
“ညီအစ်ကိုစုန့်ယွမ် နဲ့ အစ်ကိုဟဲယု တို့ရဲ့
အင်အားစုနှစ်ခုက သိုင်းသူတော်စင်တွေ
ပူးပေါင်းပြီး ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော်ကို သွားကြပြီ။
တိမ်ပင်လယ်အကယ်ဒမီကိုတော့ ငါ့အဖေနဲ့

တခြားသိုင်းသူတော်စင်တွေက
တားဆီးထားတယ်။ ဒီတော့ ငါတို့အကုန်သာ
တပြိုင်တည်း တိုက်ခိုက်ရင်
တိမ်ပင်လယ်မြို့နဲ့
တိမ်ပင်လယ်အကယ်ဒမီကို အလွယ်လေး
ဖျက်ဆီးနိုင်လိမ့်မယ်။
ယန်ယဲ့အတွက်တော့....၊ ဟားဟား! ငါမှား
ရင် ငရဲခန်းမကနေ စေလွှတ်လိုက်တဲ့
ပညာရှင်က အနည်းဆုံး ဒီ၂ ရက်အတွင်းမှာပဲ
ရောက်လာလိမ့်မယ်။ သူမ
ဒီကိုရောက်လာတာနဲ့ ယန်ယဲ့က ပြီးသွားပြီ"

စကားပြောပြီးသည်နှင့် တဟားဟား

ရယ်မောလိုက်လေသည်။

####Book.71